www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

အပြင်းစား ဥယျာဉ်မှူး



BURMESE CLASSIC .com

Design L ဏင်

www.burmeseclassic.com

www.burmeseclassic.com

# လွန်းထားထား(ဆေးတက္ကသိုလ်)

## အပြင်းစားဥယျာဉ်မှူး


စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၈၄၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၄၀၁၀၁၀

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃
လွန်းထားထား(ဆေးတက္ကသိုလ်)
အပြင်းစားဥယျာဉ်မှူး/လွန်းထားထား(ဆေးတက္ကသိုလ်)၊ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၄ – စာ၊ ၁၂×၁၈ စင်တီ။
(၁)အပြင်းစားဥယျာဉ်မှူး


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရမှတ်တမ်း

ကမ္ဘာပေါ်မှာ
သမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့ အမေ၊

ဘဝရဲ့ အဓိပ္ပာယ်တွေကို
ပိုပြီး လေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ
မှတ်တမ်းတင်လျက် . . .

လွန်းထားထား (ဆေးတက္ကသိုလ်)



"အဖွင့်"

မြတ်နိုးခြင်းကြောင့် စိုးရိမ်ခြင်းဖြစ်ရ၏။
မြတ်နိုးခြင်းကြောင့် ကြောက်ခြင်းဖြစ်ရ၏။
မြတ်နိုးခြင်း ကင်းလွတ်သောသူမှာ စိုးရိမ်ရခြင်း မရှိ။
ကြောက်ရခြင်း အဘယ်မှာ ရှိအံ့နည်း။

(ဓမ္မပဒ)

*From endearment springs grief,*
*from endearment springs fear.*
*For him who is wholly free*
*from endearment*
*there is no grief,*
*whence then fear?*

*(Dhammapada)*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

တစ်ချိန်မှာ အရင်းနှီးဆုံး ပတ်သက်လာမည့် လူသုံးယောက်၏ ဆုံစည်းမှုသည် Masterpiece ဆိုသော ကော်ဖီဆိုင်ကလေးထဲမှာ အမှတ်တမဲ့ ဖြစ်ပျက်ခဲ့ပါသည်။

အဲဒီနေ့က Masterpiece ဆိုင်မှာ စားပွဲထိုးဝင်လုပ်နေခဲ့သော အနီရင့်သည် ကိုယ့်တာဝန်ချိန် ပြီးဆုံးသွားပြီမို့ စားပွဲထိုးဝတ်စုံကို ချွတ်လဲပြီး ဆိုင်ထဲမှ ပြန်ထွက်လာခဲ့ချိန်ဖြစ်သည်။ အနီရင့်ရဲ့ လက်ထဲမှာ သူ အားရင် အားသလို ဆွဲထားလေ့ရှိသော အင်္ကျီ Design စာရွက်တွေကို ညှပ်ထား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သော ဖိုင်တစ်ခု ကိုင်ထားခဲ့သည်။ မိုးဦးညလေးတို့က သူငယ်ချင်းတွေနှင့် ထို Masterpiece ကော်ဖီဆိုင်ကလေးထဲမှာ တစ်ခါမှ အီတာလျံကော်ဖီ မသောက်ဖူးသဖြင့် သူငယ်ချင်းတွေ စုပြီး လာသောက်ကြည့်ကြခြင်း ဖြစ်သည်။ ဆိုင်ထဲသို့ ဝင်လာတော့ လူက သုံးယောက် . . . မှာတာက mocha ဆိုသော ကော်ဖီတစ်ခွက်တည်းမို့ စားပွဲထိုးကလေးရဲ့ မျက်ခုံးပင့်ကာ တအံ့တဩ ကြည့်ခြင်းကိုလည်း သုံးယောက်သား လုံးဝ အရေးမစိုက်ကြဘဲ ပြုံးစိစိ စပ်ဖြီးဖြီး မျက်နှာကလေးတွေနှင့် ကိုယ်သောက်ချင်တာ သောက်ရတော့မှာမို့ စိတ်ဝင်တစား ပျော်ရွှင်နေခဲ့ကြသော မျက်နှာပေးကလေးတွေကိုယ်စီနှင့် ဖြစ်သည်။

အနီရင့်က ဆိုင်ရဲ့ အတွင်းခန်းဘက်ကနေ ထွက်အလာ မိုးဦးညလေးက ထိုင်နေရာမှ ဖျတ်ခနဲထကာ အိမ်သာဆီသို့အသွား လမ်းမှာ အနီရင့်နှင့် မတော်တဆ ပြန်းခနဲ ဝင်တိုက်မိကြခြင်း ဖြစ်သည်။ ဘယ်သူမှ ဝင်တိုက်မိလိမ့်





မယ်လို့ ထင်မထားသောကြောင့် နှစ်ယောက်စလုံး လန့်ဖျပ်သွားကြသည်။ အနီရင့် လက်ထဲမှ ဖိုင်ကလေးက ကစဉ့်ကလျား လွင့်စဉ်ပြုတ်ကျသွားကာ . . . ဖိုင်ထဲမှာ ဒီအတိုင်း ညှပ်ထားခဲ့သော အနီရင့် ဆွဲထားသည့် ဝတ်စုံ Design စာရွက်တွေ ဖရိုဖရဲ လွင့်ခနဲ ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲသွားတော့သည်။

"ဟောတော့ . . . ဆောရီးပဲ . . . ဆောရီးပဲနော်၊ ကျွန်မ မမြင်လိုက်လို့ပါ"

မိုးဦးညလေးက အမြဲတမ်း ဖြစ်လိုက်ရင် အရာရာနှင့် အကြောင်းကြောင်းမို့ ကိုယ့်အကြောင်း ကိုယ်သိကာ ကိုယ့်ရဲ့ ရှုပ်ပျာပျာနိုင်မှုအတွက် ဝင်တိုက်မိလိုက်သူကို ကပျာကယာ တောင်းပန်လိုက်ရင်း . . . တစ်စစီ ပြန့်ကျဲကျသွားသော ဂါဝန်အကျီပုံစံကလေးတွေ ဆွဲထားသည့် စာရွက်ကလေးတွေကို သူနှင့်အတူ လိုက်ကောက်ပေးနေလိုက်ရင်း သူနှင့် ဖျတ်ခနဲ မျက်ဝန်းချင်း ဆုံမိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . မတော်တဆ ဖြစ်တာပဲ၊ ကိုယ်က လည်း လောလော . . . လောလောနဲ့မို့ပါ"

အနီရင့်က ပြောပြီး ကြမ်းပြင်ပေါ်မှာ တစ်ရွက်စီ ပြန့်ကျဲနေသော သူ့ရဲ့ Design စာရွက်တွေကို တစ်ရွက်ချင်း လိုက်ကောက်နေရင်း သူနှင့် ဝင်တိုက်ခဲ့မိသော မိန်းကလေးဆီသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသည်။ ထိုခဏမှာ အလွန်ထူးဆန်းသော လျှပ်စစ်ဓာတ်လှိုင်းတစ်ခု သူ့ဘယ်ဘက်ရင်ဘတ်ဆီသို့ ဖြတ်စီးသွားသလို ခံစားလိုက်ရသည်။ ပထမက ရိုးရိုးသာမန် ခုန်နေကျအတိုင်း တလှုပ်လှုပ် ခုန်နေခဲ့သော သူ့နှလုံးသားဆီမှ တဖျပ်ဖျပ် သိသာ ထူးခြားစွာ အခုန်မြန်လာခဲ့သည်ကို သူ သတိထားလိုက်မိသည်။ အားပါး . . . သိပ်လှတဲ့ ကောင်မလေးပါလား။ မျက်နှာကလေးက Baby doll အရုပ်ကလေး တစ်ရုပ်လို မျက်လုံးဝိုင်းဝိုင်း . . . မျက်အိမ်ကျယ်ကျယ် . . . ရှန်းစို နက်မှောင်သော မျက်ဝန်းအလှက သိသာ ထင်ရှားလွန်းစွာ . . . နှာတံကလေးက ထင်းခနဲ ဖြောင့်စင်း





ပေါ်လွင်ကာ အဖျားမှာ လုံးဝန်းသွားပုံကလေးက ချစ်စရာ။ နှုတ်ခမ်းကလေးက ထူထူပြည့်ပြည့် ဖောင်းဖောင်းအိအိကလေး။ အရပ်ကြီးကတော့ အရှည်ကြီးပဲ။ သူမရဲ့ မျက်နှာဆီမှာ ထူးခြားစွာ ထင်ရှားနေသည်ကတော့ အလွန် အပြစ်ကင်းစင်သော ကလေးဆန်မှု တစ်မျိုးပဲ။ သူ သူမနှင့် အတော်လေးကြာအောင် မျက်ဝန်းချင်း ဆုံစည်းမိကြသည်။ သူမကလည်း သူ့ကို မျက်ဝန်းအဝိုင်းသားကလေးဖြင့် တဖျပ်ဖျပ် တောက်ပ ရှန်းစိုစွာ ငေးစိုက်ကြည့်လျက် . . .။ ထိုခဏမှာ သူမက ဖျတ်ခနဲ ပြုံးပြလိုက်ပါသည်။ ထိုအပြုံးကလေးကို အနီရင့် တစ်သက်လုံး မမေ့တော့လောက်အောင် စွဲသွား၏။ ဤမျှလှပလွန်းသော မိန်းကလေးမျိုး သူ့တစ်သက်မှာ မကြုံဖူးခဲ့သေးပါ။

တဒင်္ဂကလေးတော့ . . . တဒင်္ဂကလေးပါပဲ။ Design စာရွက်တွေ ကပျာကယာ ကောက်ပြီးချိန်မှာ သူတို့ချင်း မျက်လုံးချင်း နွေးထွေးစွာ ဆုံစည်းမိကြလျက် သူမက



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြလိုက်စဉ် သူကလည်း ခေါင်းကလေးတစ်ချက် ဆတ်ပြလိုက်ပြီး နှုတ်ဆက်ကာ ဆိုင်ထဲမှ ဆက်ထွက်လာခဲ့မိသည်။ ဆိုင်အပြင်ကျမှ သူ နောင်တရသွား၏။ ငါ ဘာဖြစ်လို့ သူမရဲ့ နာမည်ကလေးတောင် မေးမထားလိုက်မိတာပါလိမ့် . . .။

မိုးဦးညလေးကလည်း သူမနှင့် ဝင်တိုက်ခဲ့မိသော ကောင်ကလေးကို ဘာရယ်မဟုတ် စွဲစွဲထင်ထင် အမှတ်တရ ဖြစ်သွားခဲ့ရုံမှလွဲပြီး ဘာမှ ထူးထူးခြားခြား အားမထုတ်ခဲ့မိပါ။ အိမ်သာရှိရာဆီသို့ ဆက်လျှောက်လာခဲ့မိရင်း သူမနှင့် တိုက်ခဲ့မိသော ကောင်ကလေးက ချောလိုက်တာဟူသော သာမန် အတွေးကလေးကိုသာ တွေးခဲ့မိသည်။

ဆိုင်ထဲမှာ ကော်ဖီထိုင်သောက်နေခဲ့သော ညမွှေးလေပြေက သူမ၏ ခြေထောက်နားမှာ လွင့်ခနဲ လာကျ ကျန်ရစ်ခဲ့သော ခုနက ကောင်မလေးတစ်ယောက်နှင့် ဝင်တိုက်ခဲ့မိသော ထိုကောင်ကလေးရဲ့ စာရွက်ကလေးတစ်ရွက်ကို ကောက်ယူကြည့်လိုက်မိသည်။ ထိုခဏမှာ ညမွှေးလေ





ပြေ၏ မျက်ခုံးများက အလိုအလျှောက် ပင့်တက်သွားကြလျက် စာရွက်ပေါ်မှာ ဂါဝန် Design ပုံကလေးကို စူးစူးစိုက်စိုက် ကြည့်မိသည်။ လက်ရာကလေးကို မြင်လိုက်ရုံနှင့် အဆင့်အတန်းရှိသော Talent ရှိသော Designer တစ်ယောက်၏ လက်ရာမှန်း ညမွှေးလေပြေက အသိအမှတ်ပြုလိုက်မိသည်။ အဲဒါထက် ပိုသေချာတာက အဲဒီကောင်လေးရဲ့ မျက်လုံးတွေကို သူမ သဘောကျသွားမိခြင်း ဖြစ်သည်။ ထို့ကြောင့် . . . ထို Design စာရွက်ကလေးကို သူမရဲ့ မိချောင်းသားရေ လက်ကိုင်အိတ်ကလေးထဲ အသာအယာပင် ထည့်ယူထားလိုက်သည်။

မိုးဦးည အိမ်သာကနေ ပြန်လာချိန်မှာ ကျန်တဲ့ သူငယ်ချင်းနှစ်ယောက်က ဝိုင်း၍ စ,မဆုံး။

“ငါတို့မြင်ပါတယ်နော် . . . မိုးဦးည . . . နင့်အကြံဒါ အကုန်ပဲလား၊ ကောင်လေးကို တမင်သက်သက်ကြီးကို ဝင်တိုက်တာများ . . .”



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် . . . မဟုတ်ရပါဘူးနော်၊ သူက ဘွားခနဲ ထွက်လာတာ၊ ငါကလည်း သိတယ်မှတ်လား . . . . မလျှပ်ပျာဆိုတော့ သူနဲ့ ဝင်တိုက်မိလိမ့်မယ်လို့ ထင်မထားဘဲ ဝင်တိုက်မိသွားတာဟ . . . ကောင်လေးက တော်တော်ချောတယ် ဆရာ . . . မျက်လုံးတွေက အရမ်း စူးရှတာပဲ . . , သိလား . . ."

မိုးဦးညက ဖြူးဖြူးကလေး ပြန်လည်ပြောပြရင်း ထိုကောင်လေးရဲ့ မျက်နှာကလေးကို ပြန်မြင်ယောင်လာသည်။ အံ့ဩဖို့ကောင်းလိုက်တာ . . . သူနှင့် ဆုံစည်းလိုက်ချိန်က တကယ့်ကို ခဏကလေး။ ဒါပေမယ့် ဘာကြောင့်များ သူ့ရဲ့ မျက်နှာကို ပြန်မမေ့နိုင်လောက်အောင် ချက်ချင်း အလွတ် ရသွားခဲ့တာပါလိမ့်။

"သူ့ဆီက လွင့်ကျသွားတဲ့ စာရွက်တွေက ဘာစာရွက်တွေလဲ . . ."

ဖြူစင်က မေးလျှင် မိုးဦးညက စိတ်ဝင်တစား





ဟန်ဖြင့် မျက်ခုံး ကလေးတွေပင့်ကာ မျက်လုံးအဝိုင်းသား ကလေးဖြင့် . . .

"အေး . . . သူ့ရဲ့ စာရွက်တွေထဲမှာ ဂါဝန် လှလှ ကလေးတွေ အများကြီးပဲ ဆွဲထားတာဟ၊ သူက Designer လား မသိဘူး၊ သူဆွဲထားတဲ့ ဂါဝန်တွေက တော်တော်မိတယ်ဟ . . .၊ နိုင်ငံခြား ကက်တလောက်တွေထဲက ဂါဝန်တွေ ပုံစံမျိုး၊ အရောင်တွေကိုလည်း အမျိုးမျိုး အရောင်ခြယ်ထားသေးတယ်"

"နင်ဟာလေ . . . တော်မလိုလိုနဲ့ တစ်ခါတလေကျတော့ သိပ်ညံ့တာပဲ သိလား . . . မိုးဦးည၊ တကယ်ဆို နာမည်လေး ဘာလေး မေးပြီး မိတ်ဆက်ထားလိုက်ပါလား"

"ဟဲ့ . . . မတော်တဆ တိုက်မိကြတဲ့ ဥစ္စာ၊ ဘယ်လို လုပ်ပြီး နာမည်သွားမေးရမှာတုန်း . . . ပေါက်ပေါက် ရှာရှာ"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သုံးယောက် အငြင်းပွားလျက်ရှိစဉ် သူမတို့ အလွန် သောက်ချင်နေကြသော coffee mocha ဆိုသော ကော်ဖီခွက်ကြီး စားပွဲပေါ် ရောက်လာသည်မို့ သုံးယောက်သား အငြင်းပွားခြင်းကို လက်စသတ်ကာ တစ်ယောက်တစ်လှည့် coffee ကို မြည်းစမ်း အရသာခံကြည့်မိကြသည်။ အခါးဓာတ် နည်းနည်းပြင်းကာ ချောကလက်နံ့ကလေး သင်းနေသော mocha coffee ၏ အရသာက မိုးဦးည၏ လျှာဖျားမှတစ်ဆင့် ရင်ထဲထိတိုင် စွဲထင်သွားခဲ့၏။ အဲဒီလိုပဲ ခုနက ဝင်တိုက်ခဲ့မိသော ကောင်ကလေးတစ်ယောက်ရဲ့ မျက်ဝန်းစူးစူးရှရှကလေးတွေကလည်း မိုးဦးညရဲ့ နှလုံးသားဆီသို့ စွဲစွဲထင်ထင်ပင် စိမ့်ဝင်သွားခဲ့ပါသည်။

◂◂ I ▸▸



အလုပ်စားပွဲမှာ ငြိမ်ငြိမ်သက်သက် ထိုင်နေမိရင်း ညမွှေးလေပြေသည် လက်ထဲမှ ဂါဝန် Design စာရွက်ကလေးကို မျက်တောင်မခတ် သေသေချာချာ စိုက်ကြည့်နေမိသည်။ ဂါဝန် Design ကလေးက ရိုးမလိုလိုနဲ့ အဆန်းသား။ အရောင်ကို အညိုရောင် ဖျော့ဖျော့ကလေး ခြယ်ထားသည်။ စာရွက်ကလေးရဲ့ ထောင့်စွန်းနားမှာ အနီရင့်ဆိုသော လက်မှတ်တစ်ခုကို ခပ်သော့သော့ ရေးထိုးထားလိုက်သေးသည်။ အနီရင့်ဆိုတာ အဲဒီကောင်ကလေးရဲ့ နာမည်များလား။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မှန်းမသိ ညမွှေးသည် ထိုကောင်ကလေးကို နောက်ထပ်ဆုံချင်မိသော ဆန္ဒတစ်ခု ရင်ထဲမှာ ပြင်းပြစွာ ပေါ်လာခဲ့သည်။ ပြီးတော့ . . . အဲဒီကောင်လေးရဲ့ မျက်လုံးတွေကိုပဲ သူမ ပြန်မြင်ယောင်နေမိသည်။ အံ့ဩဖို့တော့ အကောင်းသား၊ ညမွှေးလေပြေဆိုသည်မှာ Fashion လောကတွင် အလွန် နာမည်ကြီးသော Designer တစ်ယောက် ဖြစ်သည်။ သူမကို မသိတဲ့သူ မရှိ။ သတို့သမီးဝတ်စုံနှင့် ဂါဝန်တွေချုပ်ပြီး FMI Centre မှာ ဆိုင်ဖွင့်ထားကာ Wedding Planner အလုပ်လည်း လုပ်သေးသည်။ သူမက . . . Korea မှာ Designer ကျောင်း သွားတက်ခဲ့ပြီး Deploma ရယူလာခဲ့ခြင်းဖြစ်သည်။ Designer လောကမှာ ညမွှေးလေပြေသည် ကိုယ့်ကိုယ်ကို အတော်ဆုံး Designer အဖြစ် သတ်မှတ်ထားခဲ့ခြင်းလည်း ဖြစ်သည်။ သူမလောက် ဘယ်သူမှ ထူးခြားဆန်းကျယ်သော ဝတ်စုံ Design တွေ တီထွင်နိုင်စွမ်း မရှိဟုလည်း ယုံကြည်စိတ်ချထားသူ ဖြစ်သည်။ အခုတော့ ထိုကောင်ကလေးရဲ့ လက်ရာတစ်ခုကို





အမှတ်တမဲ့ ကောက်ယူလာခဲ့မိပြီးမှ ထိုကောင်ကလေးဆီမှာ အလွန် ထူးခြားထက်မြက်သော Fashion အာရုံခံစားမှုတစ်မျိုး ရှိနေနိုင်သည်ဟု သူမ တွေးနေခဲ့မိသည်။

အခုလောလောဆယ်မှာ သူမ ဦးစီးပြီး လုပ်ကိုင်နေရသော Designer အလုပ်နှင့် Wedding Planner အလုပ်တွေသည် သူမတစ်ယောက်တည်းနှင့် ဘယ်လိုမှ မနိုင်တော့လောက်အောင်ကို အလုပ်တွေရဲ့ တောင်းဆိုမှုတွေက သိပ်ကို များနေခဲ့သည်။ အခုလောလောဆယ်မှာတင် မန္တလေးမှာလည်း သူမရဲ့ သတို့သမီးဝတ်စုံနဲ့ ဂါဝန်ဆိုင်ခွဲတစ်ခု ထပ်ဖွင့်ထားခဲ့ပြီးပြီ။ အဲဒါအပြင် . . . သူမ ကျောင်းတက်ခဲ့သော Korea မှ Fashion Company တစ်ခုနှင့် အဆက်အသွယ်ရကာ သူတို့ Company အတွက် သူမက Designer လုပ်ပေးဖို့ . . . ပြီးတော့ သူမရဲ့ လက်ရာ ဂါဝန်တွေကို Korea အထိ တင်ပို့ဖို့ . . . သူတို့ဆီက ကုန်ကြမ်းပေးပြီး သူမက တာဝန်ယူကာ ချုပ်ပေးရမည့် အလုပ်တွေအတွက် ကမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းလည်း ရှိသေးသည်။ အလုပ်တာဝန်တွေ သိပ်များလာတော့ . . . အဲဒီ တာဝန်တွေရဲ့ ဖိစီးမှုကို သူမ မခံနိုင်တော့။ Korea Company နှင့်လည်း အလုပ် လုပ်ချင်သည်။ သူမက လောဘကြီးတယ်ပဲဆိုဆို သူမရဲ့ လုပ်ငန်းတွေကို ချဲ့နိုင်သလောက် . . . တိုးချဲ့ပြီး နာမည်ကြီးသထက် . . . ကြီးချင်သေးသည်။ သူမကိုယ်တိုင်က လွဲပြီးတော့လည်း ဘယ်သူ့ကိုမှ စိတ်တိုင်းမကျသောကြောင့် Design တွေမှန်သမျှ သူမတစ်ယောက်တည်းသာ ဒိုင်ခံ ဆွဲနေခဲ့သည်မှာ တစ်နေ့လျှင် လေးနာရီလောက်သာ သူမ အိပ်ခွင့်ရသည်အထိပင်။ နေ့နေ့ညည အလုပ်တွေထဲမှာသာ ဈာန်ဝင်စား မြှုပ်နှံထားခဲ့သော သူမ၏ နှလုံးသားကို ဖျတ်ခနဲ နိုးကြားရှင်သန်လာစေခဲ့သည်မှာ ထိုကောင်ကလေး ဖြစ်သည်။ ကောင်ကလေးဆီမှာ သူမ မမြင်နိုင်စွမ်းသော အရည်အသွေးတွေ အများကြီးပဲ ရှိနေလိမ့်ဦးမည်။ အဲဒါကို သူမ . . . သေချာပေါက် သိနေခဲ့သည်။

တစ်ခုခုကို ဖြစ်ချင်ပြီဆိုလျှင် ဘယ်တုန်းကမှ





တွန့်ဆုတ်နှောင့်နှေးမနေခဲ့သော . . . စိတ်မြန်လက်မြန်ရှိသည့် ထုံးစံအတိုင်း ညမွှေးလေပြေက masterpiece coffee ဆိုင်ကလေးဆီသို့ ဖုန်းလှမ်းခေါ်လိုက်သည်။ ဆိုင်မန်နေဂျာနှင့် တွေ့ပြီး အနီရင့်ဆိုသော နာမည်ကလေးတစ်ခု ပြောပြလိုက်ရုံနှင့် သူမ လိုချင်တာကို ရခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က သိပ်မြန်လွန်းနေသလားတော့ မပြောတတ်ပါ။ အနီရင့်သည် အိပ်မက်ထဲမှာ ထိုကောင်မလေးနှင့် ပြန်တွေ့ခဲ့သည်။ အိပ်မက်နေမှန်း သိလျက်နှင့်ပင် သူ အရမ်း ပျော်ရွှေနခဲ့သည်။ အိပ်မက်ထဲမှာ ကောင်မလေးရဲ့ အပြုံးတွေက အပြင်မှာထက် ပိုပြီးတော့တောင် လှပ အသက်ဝင်နေသေး၏။ အဲဒီအချိန်မှာ သူ့ရဲ့ ကိုယ်ခန္ဓာကို တစ်ယောက်ယောက်က ခပ်ပြင်းပြင်း လှုပ်နှိုးနေတာကို သူ ခံစားလိုက်ရသည်။ အိပ်မက်ထဲမှာပင် သူ တော်တော် စိတ်ဆိုးသွား၏။





အိပ်မက်ကလေးကို မပြီးဆုံးစေချင်သေး။ ဆက်ပြီးတော့ မက်နေချင်သေးသည်။ ဘယ်သူကများ ငါ့ကို နှောင့်နှောင့်ယှက်ယှက် လာနှိုးနေရတာလဲကွာ . . .။ သူ . . . ဒေါသတကြီးဖြင့် အိပ်မက်ကလေးကို နှမြောတသစွာ အိပ်ရာမှ ပြုန်းခနဲ လန့်နိုးလာခဲ့သည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ သူ့အပေါ်မှာ စီးမိုးနေသော မေမေ့ရဲ့ မျက်နှာကို မြင်လိုက်ရသည်။ သူ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပစ်လိုက်ကာ . . .

"မေမေကလည်းဗျာ . . . အစောကြီး ရှိသေးတယ်၊ ဘာဖြစ်လို့ လာနှိုးနေတာလဲ၊ ဒီမှာ . . . သား အိပ်မက်မက်လို့ကောင်းတုန်း၊ အိပ်မက်ကလေးကို နှမြောဖို့ကောင်းလိုက်တာ"

သူ့အသံက အိပ်မှုန်စုံမွှားအသံဖြင့် ကျယ်ကျယ်လောင်လောင် ထွက်လာလျှင် မေမေက သူ့ပါးစပ်ကို အတင်းပိတ်ရင်း . . .

"ဟဲ့ . . . သား , . . ညည့်ခန်းထဲမှာ ညည့်သည်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဘယ်သူလဲဆိုတာ သား ထွက်တွေ့လိုက်ရင် သိပ်အံ့ဩသွားမယ် သိလား . . . ထ ထ . . . မြန်မြန် ထ၊ အသံပြကြီးနဲ့ လျှောက်အော်မနေနဲ့"

မေမေက လေသံတိုးတိုးကလေးဖြင့် ပြောရင်း သူ့ကိုလည်း ဖွတ်အတင်း ဆွဲထူနေသည်။ ဧည့်ခန်းထဲမှာ ဧည့်သည်ရောက်နေတယ်ဆိုတော့ သူ . . . နည်းနည်းတော့ အံ့ဩသွားရသည်။ ဘယ်က ဧည့်သည်ပါလိမ့် . . . သူ့ဆီကို ဘယ်ဧည့်သည်မှ ဒီလောက်အစောကြီး တစ်ခါမှ မလာဖူးပါဘူး။ သူ သူငယ်ချင်းတွေလည်း အဲဒီလောက်စောစော ဘယ်သူမှ မလာတတ်ကြ။ မေမေရဲ့ မျက်နှာက စိတ်လှုပ်ရှားနေတဲ့ မျက်နှာ။ ပြီးတော့ . . . ပြုံးကာလည်း ပြုံးနေလိုက်သေးတယ်။

သူ အိပ်ချင်မူးတူးနှင့် ဧည့်ခန်းဆီသို့ ထွက်လာခဲ့မိသည်။ မေမေ့ဆီက . . .

"ဟဲ့ . . . ပလုပ်လေး ဘာလေး ကျင်းပြီးမှ ထွက်တွေ့လေ . . ."





ဟူသော သတိပေးသံကို ဂရုမစိုက်နိုင်အား။ ဧည့်ခန်းထဲမှာ ခပ်ကြော့ကြော့မော့မော့ ထိုင်နေခဲ့သော အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရသည်နှင့် သူ့ရဲ့ အိပ်ချင်စိတ်တွေ လွင့်ခနဲ ထွက်ပြေးကုန်သည်။ မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်လျက် ထိုအမျိုးသမီးဆီသို့ မယုံနိုင်သလို အံ့ဩမင်တက်ခြင်းဖြင့် ငေးကြည့်နေမိလေသည်။ သူမကို သူ မသိဘဲ နေပါ့မလား။ မဂ္ဂဇင်းတွေ . . . ဂျာနယ်တွေရဲ့ စာမျက်နှာတွေပေါ်မှာ အမြဲတမ်း တွေ့နေရတဲ့ နာမည်ကြီး Fashion Designer & Wedding Planner ညမွှေးလေပြေပဲဆိုတာ သူ ချက်ချင်း မှတ်မိပါသည်။ Fashion လောကမှာ ထိတ်ထိတ်ကြဲ နာမည်ကြီးနေသော Designer တစ်ယောက်က သူ့ရဲ့ ခပ်ကျဉ်းကျဉ်း တိုက်ခန်းကလေးရဲ့ ဧည့်ခန်းထဲမှာ ထင်ရှားလင်းပစွာ ရောက်ရှိလာလိမ့်မည်ဟု သူ အိပ်မက်ပင် မမက်ဖူးခဲ့။ အံ့ဩရင်ခုန်လွန်းမှုကြောင့် သူ ဘာစကားမှပင် မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် သူမကို ငေးကြည့်နေမိခဲ့သည်။ သူမက သူ့ကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကြည့်၍ ပြုံးပြလိုက်ကာ . . .

"မင်း . . . ငါနဲ့ Coffee လိုက်သောက်နိုင်ပါ့မလား"

ဟု သူမက တစ်ခွန်းတည်းသာ လှမ်းပြောလိုက်သည်။ သူမရဲ့ အသံထဲမှာ အမိန့်သံဆန်သော အထက်စီးနင်းရိပ်မျိုး လွှမ်းမိုးနေသည့်တိုင် အဲဒါကို သူ မခံချင်စိတ် မဖြစ်နိုင်အား။

"ဟုတ်ကဲ့"

ဟု တစ်ခွန်းတည်းသာ ပြန်ပြောမိလျက် မီးဖိုခန်းထဲသို့ ကပျာကယာပြေးကာ မျက်နှာ ကမန်းကတန်းသစ်ပလုပ် တစ်ချက် နှစ်ချက် ကျင်းခဲ့ကာ အခန်းထဲဝင်ပြီး တီရှပ်တစ်ထည် ခပ်သွက်သွက် လဲဝတ်လိုက်ပြီး သူ ချက်ချင်း ပြန်ထွက်လာခဲ့သည်။ သူမက မေမေ့ကို နှုတ်ဆက်ပြီး အရှေ့မှဦးဆောင်၍ ဆင်းသွားခဲ့သည်။ အဲဒီအချိန်မှာ ဘာကြောင့်မှန်းမသိ သူ့စိတ်ထဲ သူမကို အားနာ မျက်နှာပူနေသလို ခံစားရသည်။ သူမရဲ့ အရှိန်အဝါနှင့် ကျော်ကြားမှုတွေသည် သူတို့ရဲ့ ကန်ထ





ရိုက် တိုက်ခန်းကလေးတွေနှင့် မအပ်စပ်သလိုပင် သူ့စိတ်ထဲ သူမရဲ့ အရှိန်အဝါကြီးကို အလိုလိုနေရင်း ဖြူနေမိခြင်းဖြစ်သည်။ သူတို့အိမ်ရှေ့မှာရပ်ထားသည်က BMW ကော်ဖီဖျော့ရောင် ကားကြီးတစ်စင်း ဖြစ်သည်။ သူမက ကားရှေ့ခန်းမောင်းသူ နေရာမှာ ဝင်ထိုင်လိုက်တော့ သူ ဘယ်ကို တက်ရမှန်းမသိ ဖြစ်လျက် နေရာမှာ ခြေစုံရပ်ကာ ခပ်ကြောင်ကြောင်ကြည့်နေမိဆဲ သူမက . . .

"ရှေ့ခန်းမှာ လာထိုင်လေ . . ."

ဟု လှမ်းပြောလိုက်သဖြင့် သူ . . . ကပျာကယာ ကားရှေ့ခန်းတံခါးကို ဖွင့်ကာ ထိုင်လိုက်ရသည်။ ကားထဲမှာ မွှေးပျံ့အေးစက်လျက် ဂီတသံတိုးတိုးက လွင့်ပျံလျက်ရှိသည်။ ကားကို သူမကိုယ်တိုင် မောင်းလျက် ကော်ဖီဆိုင် တစ်ခုဆီသို့ ဦးတည်လာခဲ့သည်။ သူ ဘာတွေ ဖြစ်ကုန်ပြီမှန်း ကိုယ့်ကိုယ်ကို နားမလည်နိုင်။ သူမဆီသို့ မျက်ဝန်းထောင့်စွန်းကလေးဖြင့် မသိမသာ ခိုးကြည့်မိရင်း ကိုယ့်ရင်ခုန်သံကိုပင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားနေရလောက်အောင် ရင်ခုန်သံတွေ ကျယ်လောင်မြန်ဆန်လျက်ရှိသည်။



ကော်ဖီဆိုင်ကလေးထဲသို့ ရောက်သည့်တိုင် သူမနေတတ်မထိုင်တတ် . . . ရှိုးတိုးရှန့်တန့် ဖြစ်ဆဲ။ သူမကတော့ မျက်နှာကလေး ခပ်မော့မော့ . . . မတ်မတ်ကလေးဖြင့် ကြော့မော့စွာ ရဲဝံ့သော ခြေလှမ်းများဖြင့် ကော်ဖီဆိုင်ကလေးထဲရှိ ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။ သူက သူမနှင့်တစ်ဝိုင်းတည်း မထိုင်ရဲသလို မဝံ့မရဲ ရပ်နေမိဆဲ။ သူမက သူ့ကို မျက်ဝန်းတစ်ဝင့်ဖြင့် မော့ကြည့်လိုက်ကာ . . .

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ . . ."

ဟု အမိန့်ပေးလိုက်တော့မှ သူ ထိုင်ရဲသည်။ ဘာဖြစ်လို့ မိန်းမတစ်ယောက်ကို သူ အဲသည့်လောက် ရှိန်နေတာလဲ . . . ဟု သူ့ကိုယ်သူလည်း မခံချင်။ ဘာပဲဖြစ်ဖြစ် . . . ညမွှေးလေပြေဆိုသော အရှိန်အဝါကြီးတစ်ခုက သူ့ကို အလိုလိုနေရင်း သေးနုပ်သိမ်ငယ်သွားစေသည်ကတော့ အမှန်ပင်။ အဲဒါကို သူ ငြင်းလို့မရ။

"ကဲ . . . မင်းသောက်ချင်တာ မှာလေ၊ ငါကတော့ Espresso ခပ်ပြင်းပြင်းသောက်နေကျ . . ."

ညမွှေးလေပြေက ကောင်ကလေးကို ပြောလိုက်ရင်း အနားမှာ လာရပ်သော စားပွဲထိုးကလေးကို Espresso နှင့် Sandwich တစ်ပွဲမှာလိုက်သည်။ ကောင်ကလေးရဲ့ ရှိုးတိုးရှန့်တန့် ဟန်ကလေးကပင် သူမအတွက် အတော် စိတ်ဝင်စားစွဲမက်စရာကောင်းနေပြီ။ သူ့ရဲ့ မျက်နှာကလေးဆီမှာ ရိုးသားဖြူစင်မှုနှင့် အပြစ်ကင်းစင်မှုကို ညမွှေး အထင်းသား





တွေ့နေရသည်။ ကောင်ကလေးက ကော်ဖီကို မမှာရဲ မှာရဲနှင့် ရိုးရိုး နက်စ်ကော်ဖီတစ်ခွက်သာ မှာလေသည်။ ထိုကောင်လေးကို ရဲဝံ့ဖျတ်လတ်လာအောင် . . . ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိလာအောင် ညမွှေး ဘယ်လိုများ ပြုပြင် ဖန်ဆင်းယူရမလဲ။ ကဲ အဲဒါတွေ အသာထားပါလေ . . . နောက်တော့ တဖြည်းဖြည်း ပုံသွင်းယူရမှာပေါ့ . . . ဟု သူမက တွေးလိုက်ကာ ကောင်ကလေး၏ မျက်လုံးများထဲသို့ စူးစူးရှရှပင် စိုက်ကြည့်နေလိုက်ရင်း . . .

"မင်းရဲ့အိပ်မက်က . . . ဘာလဲ"

ဟု ဆိုင်းမဆင့် ဗုံမဆင့် ဖြုန်းခနဲ လှမ်းမေးလိုက်သည်။

အနီးရင့်သည် နဲနဲတော့ ကြောင်သွား၏။ မင်းရဲ့အိပ်မက်က ဘာလဲ . . . ဟု သူမက မေးလိုက်တော့ သူ အိပ်မက်ထဲက ကောင်မလေးကို ဖျတ်ခနဲ သတိရသွားသည်။ အဲဒီကောင်မလေးနဲ့ ပျော်ရွှင်ကြည်နူးနေတဲ့ အိပ်မက်အာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောပြလိုက်ရမလား။ ဟာ . . . မဟုတ်သေးပါဘူး။ သူမ မေးတာ တခြားဟာ ဖြစ်မှာပါ။ အနီးရင့်က ညမွှေးလေပြေနှင့် မျက်လုံးချင်း ပြန်ဆုံကြည့်လိုက်မိရင်း . . .

"ဘာကို ပြောတာလဲ မသိဘူး"

ဟု ပြန်မေးလိုက်သည်။ သူမက သူ့ကို စူးစူးရှရှပင် စိုက်ကြည့်နေသည်မှာ တစ်ချက်ကလေးမှ မျက်လုံး လွှဲဖယ်မသွားချေ။ သူကသာ ယောကျ်ားလေးတန်မဲ့နှင့် မနေတတ်. . . မထိုင်တတ် ဖြစ်လာသည်။ မျက်လုံးချင်း ဆုံမိချိန်မှာ သူကပဲ ကပျာကယာ လွှဲလိုက်ရသည်။ သူမကတော့ လုံးဝ မျက်လုံး လွှဲမသွား။

"မင်းရဲ့ အိပ်မက်က ဘာလဲလို့မေးတာ . . . နားမလည်ဘူးလား၊ ငါဆိုလိုတာက မင်းဘဝမှာ အဖြစ်ချင်ဆုံး ရည်မှန်းချက်က ဘာလဲလို့မေးနေတာ"

မင်းနဲ့ငါ ပြောပုံက ရင့်သီးသလို ရှိသော်လည်း သူမ၏ ပြောဟန်က ရင့်သီးရာမရောက်ပါ။ နားထောင်လို့





တောင် တစ်မျိုးကောင်းနေသေးသည်။ သူမနေရာမှာ တခြားမိန်းမ တစ်ယောက်ယောက်သာ ဆိုလျှင်တော့ အသားလွတ်ကြီး မင်းနဲ့ငါ လာပြောကာ အထက်စီးနင်းဆန်ဆန် မျက်နှာပေးနှင့် အပြုအမူ . . . အမူအရာတွေကို သူ လုံးဝ သည်းခံမိမှာ မဟုတ်ချေ။ အခုတော့ ညမွှေးလေပြေ ဖြစ်နေလို့ပဲ အလိုလိုနေရင်း သူက သူမရဲ့ အရှိန်အဝါအောက်မှာ လှိုင်းလုံးတစ်လုံးရဲ့အောက်သို့ အလိုအလျောက် လိမ့်ဝင်သွားရသလိုမျိုး အလိုလိုနေရင်းပင် နာခံခေါင်းငုံ့မိလျက်သား ဖြစ်နေသည်။ ဘာဖြစ်လို့လဲဆိုတော့ ညမွှေးလေပြေဟာ သူ သိပ်လေးစားရသော သူ့ရဲ့ Ideal တစ်ယောက် . . . Role Model တစ်ယောက် . . . Hero တစ်ယောက် ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

"ကျွန်တော် အမှန်အတိုင်းပြောရရင် Designer တစ်ယောက် ဖြစ်ချင်တာ၊ Designer အလုပ်ကို ကျွန်တော် အရမ်းဝါသနာပါတယ် . . . ကျွန်တော် လူပျိုပေါက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်လောက်ကတည်းက ကျွန်တော် စပြီး စိတ်ဝင်စားမိတာ Designer ပဲ၊ ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို Designer အလုပ်ကို စိတ်ဝင်စားရပါ့မလားလို့ ယောက်ျားမဆန်ဘူး . . . အခြောက်တို့ဘာတို့ ပြောခဲ့ဖူးတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ ဘယ်သူတွေဘာပြောပြော ဂရုမစိုက်ပါဘူး . . . ကျွန်တော့် စိတ်ထဲမှာ စိတ်ကူးပေါ်လာတာနဲ့ စာရွက်တစ်ရွက်နဲ့ ခဲတံယူပြီး ကျွန်တော့်အာရုံထဲက Designတစ်ခုခုကို ကောက်ခြစ်ဆွဲတော့တာပဲ . . . ကျွန်တော့်မှာ ကျွန်တော်ဆွဲထားတဲ့ Design တွေ ထောင်ကျော်နေပြီ၊ Designer ပညာနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ ဘာအရည်အချင်းမှတော့ မရှိသေးပါဘူး၊ သင်တန်းတွေဘာတွေလည်း ဘာမှမတက်ဖူးဘူး . . . ကျွန်တော်က စာအုပ်တွေပဲ အဖတ်များတာ၊ အားရင် ကျွန်တော် စာကြည့်တိုက်မှာသွားပြီး ကျွန်တော်လိုချင်တဲ့ စာအုပ်





တွေ သွားရှာဖတ်တယ်၊ Design နဲ့ ပတ်သက်တဲ့ စာအုပ်တွေပေါ့၊ အထူးသဖြင့် . . . နိုင်ငံခြားက Designer တွေရဲ့ Design တွေ . . . စိတ်ကူးတွေ၊ ပြီးတော့ . . . သူတို့ ဘယ်လို Design တွေ ဆွဲကြသလဲ ဆိုတာကို ကျွန်တော် လေ့လာတယ်"

အနီရင့်သည် စကားပြောနေရင်းမှ သူ့ကိုယ်သူပင် သတိမထားမိလိုက်သည့်ကြားမှ အလိုလိုနေရင်း သူမကို ရှိန်နေသော သိမ်ငယ်မှုတွေ ဖျတ်ခနဲ ပျောက်သွားကာ သူ့စိတ်ကူး အိပ်မက်တွေ . . . မျှော်လင့်ချက်တွေ . . . အနာဂတ်တွေကို တက်တက်ကြွကြွ ဖျတ်လက်ထက်သန်စွာပင် ပြောနေမိလျက်သား ဖြစ်နေသည်။ အဲဒါကို ညမွှေးက ကောင်းကောင်း ရိပ်မိသည်။

"မင်းရဲ့ Design တွေကို ငါ ကြည့်ချင်တယ် . . . မနေ့က မင်းဆီက လွင့်ကျကျန်ခဲ့တဲ့ Design တစ်ခုကို ငါ တွေ့ပြီးပြီ၊ မင်းဆီမှာ မယုံနိုင်လောက်တဲ့ အစွမ်းအစ



www.burmeseclassic.com

www.burmeseclassic.com



တွေ . . . Talent တွေ ရှိနေလိမ့်မယ်လို့ ငါ မှန်းဆကြည့်မိတယ်၊ အဲဒါကြောင့် မင်းနဲ့ လာဆက်သွယ်တာ၊ မင်းကို တစ်ခုပြောထားမယ် . . . ဘဝမှာ လူတစ်ယောက် ဖြစ်ချင်လာပြီဆိုရင် ဘယ်အရာကမှ သူ့ကို မဖြစ်အောင် တားဆီးထားလို့ မရဘူးဆိုတာပဲ၊ အဲဒီအချက်ကို မင်းခေါင်းထဲ အမြဲတမ်း ထည့်ထားပါ . . . ငါကတော့ ဖြစ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ သိမ်ငယ်တဲ့ အတွေးမျိုး မင်း ဘယ်တော့မှ မတွေးမိစေနဲ့၊ အဲဒီအတွေးဟာ မင်းကို တစ်သက်လုံး နာလန်မထူအောင် အလဲထိုးမဲ့ . . . ရှုံးနိမ့်စေတဲ့ အတွေးမျိုးပဲ၊ လူဆိုတာ ဆင်းရဲသည်ဖြစ်စေ . . . ချမ်းသာသည်ဖြစ်စေ . . . အခွင့်အလမ်းရှိသည်ဖြစ်စေ . . . မရှိသည် ဖြစ်စေ လူက လုပ်ရင် အားလုံးဖြစ်တယ်၊ အဲဒါကို မင်း မမေ့နဲ့၊ ငါက အစွမ်းအစရှိတဲ့ သူရဲကောင်းတစ်ယောက်ကို စင်တင်ချင်နေတာ၊ မင်းကို အချိန်မရွေး ကြိုဆိုလက်





ကမ်းနေတယ်ဆိုတာ မင်းခေါင်းထဲမှာ ထည့်ထားပါ။ အကယ်၍ မင်းရဲ့ အိပ်မက်တွေကို ငါက တကယ်ဖြစ်လာအောင် ဖန်ဆင်းပေးနိုင်တယ်လို့ မင်း ယုံကြည်တယ်ဆိုရင် အချိန်မရွေး ငါ့ဆီ လာတွေ့နိုင်တယ် . . . ဟောဒီမှာ ငါ့ရဲ့ လိပ်စာကတ် . . . "

ညမွှေးလေပြေက သူမရဲ့ လိပ်စာကတ်ပြားကလေးကို သူ့ရှေ့သို့ ချပေးလိုက်သည်။ သူမ ပြောသွားခဲ့သော စကားတွေထဲမှ . . . စွမ်းအင်တစ်မျိုး သူ ရရှိလိုက်သလိုပင်။ အမြဲတမ်း . . . သူ အထင်ကြီး အားကျခဲ့ရသော သူ့ရဲ့ Role Model အမျိုးသမီးတစ်ယောက်က နတ်ဖန်ဆင်းလိုက်သလို သူ့ရှေ့သို့ အလိုအလျောက် ရောက်ရှိလာခဲ့သည်မှာ မယုံနိုင်စရာ ကောင်းလောက်အောင်ကို အိပ်မက်ဆန်လွန်းနေသည်။ အဲဒီခဏမှာ သူ အလိုလို ရဲရင့်ထက်မြက်လာသလိုပင်။ သူ့ကိုယ်သူ သိမ်ငယ်သော မရွံ့ရဲစိတ်တွေ ဖျတ်ခနဲ လွင့်စင်ကုန်သည်။ အဲဒီ အမျိုးသမီးဆီက စွမ်းအားတွေ သူ လိုချင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ . . .။ တကယ်ပဲ . . . လိုတရ ပြီးပြည့်စုံနေတဲ့ မျက်လုံးတွေ . . . ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချ အားကိုးမှု အပြည့်ရှိနေတဲ့ မျက်လုံးတွေ . . . သူမ လုပ်တာမှန်သမျှ ဘာမဆိုဖြစ်နိုင်တယ်ဆိုသော သေချာမှုတွေ ပါဝင်တဲ့ ရဲဝံ့ထက်မြက်တဲ့မျက်လုံးတွေ . . .။ အဲဒီမျက်လုံးတွေက သူ့ကို အကြီးအကျယ်ပင် ဖမ်းစားပစ်လိုက်ပါသည်။

သူမက ကော်ဖီသောက်ပြီးသွားချိန်မှာ သူ့မျက်နှာဆီ ခပ်စူးစူး စိုက်ကြည့်လျက် . . .

"ကဲ . . . မင်း ဘာပြောချင်တာ ရှိသေးလဲ"

ဟု ကော်ဖီကို လက်စသတ်လိုက်ပြီး မေး၏။ အမှန်အတိုင်း ပြောရလျှင် အဲ့ဒီအချိန်မှာ သူ့ရင်ထဲမှာ ပြောချင်တာတွေက အများကြီး။ ဘယ်ကနေ ဘယ်လို စတင်ပြီး ပြောရမှန်းသာ မသိတာ။ သူမရဲ့ မျက်နှာကိုတောင် ရဲရဲ ရင်မဆိုင်ဝံ့သော ကိုယ့်ရဲ့ အခြေအနေကို မချင့်မရဲ ဖြစ်စွာနှင့် ပြောချင်သည့် စကားတွေအားလုံးလည်း လည်ချောင်း





ဝ,ကနေ ပြန်လည် လျှောဆင်းနစ်မြုပ်ကုန်ကာ . . .

"ဟင့်အင်း . . . ကျွန်တော် ဘာမှ ပြောစရာ မရှိပါဘူး မမ . . . ကျွန်တော် သိပ်အံ့သြနေတာပဲ ရှိပါတယ်"

ဟုသာ ရယ်သံ ခပ်တိုးတိုးဖြင့် ပြန်ဖြေလိုက်ရသည်။ တကယ်တမ်းတော့ သူ ပြောချင်တာ အဲဒီစကား မဟုတ်။ သူ သူမနှင့် စကားတွေ အများကြီး ပြောချင်သေးသည်။ ခုချိန်မှာ သူ မပြောရဲသေး။

"ဒါဆိုရင် ကောင်းပြီလေ . . . ငါ ပြန်တော့မယ်၊ မင်းစိတ်ထဲမှာ ငါ့ရဲ့ အကူအညီကို လိုအပ်လာပြီလို့ ထင်တာနဲ့ အချိန်မရွေး ငါ့ရဲ့ ရုံးခန်းကို လာလို့ရတယ်၊ ဟုတ်ပြီနော် . . . ဒါပဲ . . . ကဲ . . . ငါသွားမယ်"

ညမွှေးလေပြေက စားပွဲပေါ်မှာ တစ်ထောင်တန် နှစ်ရွက်ကို တင်ပစ်ခဲ့ပြီး အလာတုန်းကလိုပဲ ဘယ်သူ့ကိုမှ ဂရုမစိုက်သော ဦးမော့နေသည့် ကိုယ်နေဟန်ထားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြော့ကြော့မော့မော့ ဆိုင်ထဲမှ ထွက်သွားသည်။ သူမကို မှတ်မိနေကြဟန်ရှိသော လူတွေအားလုံးက သူမနောက်သို့ သမင်လည်ပြန် အကြည့်များဖြင့် ကြည့်လျက် တီးတိုးစကားတွေဖြင့် ကျန်ရစ်ခဲ့သည်။ သူတစ်ယောက်တည်း ဆိုင်ထဲမှာ ငေါင်းစင်းစင်း။ သို့သော် . . . ရင်ကတော့ ထိမ်းမနိုင် သိမ်းမရအောင်ပင် ခုန်နေ၏။ သူ့အတွက် သူတစ်သက် ယောင်လို့ပင် အိပ်မက် မမက်ခဲ့ဖူးသော ရောမ အခွင့်အရေး တံခါးကြီးတစ်ချပ် ပွင့်ဟလျက်ရှိသည်ကို သူ လှမ်းမြင်နေရပြီ။ အဲဒီ တံခါးဆီကနေ သူ လျှောက်သွားလျှင် မိုးထိအောင် မြင့်မားလွန်းလှသော လှေကားထစ်ကြီး တစ်ခုက သူ့ကို စောင့်ကြိုနေသည်။ အဲဒီ လှေကားထစ်ဟာ အောင်မြင်မှုရဲ့ လှေကားထစ်တွေပဲ။ သူလိုလူတစ်ယောက်ဆီ . . . ညမွှေးလေပြေလို မြန်မာနိုင်ငံရဲ့ ထိတ်ထိတ်ကြဲ အကျော်အမော် Designer တစ်ယောက်က လာတွေ့ရသည် ဆိုသည်မှာ တစ်ယောက်ယောက်ကို သူ ပြန်ပြောပြလျှင်ပင် ယုံကြည်ကြလိမ့်မည်





မဟုတ်။ သူကိုယ်တိုင်ပင် အခုထက်ထိ မယုံကြည်နိုင်သေး။

အိပ်မက်ထဲမှာ လမ်းလျှောက်နေရသူတစ်ယောက်လို ခြေလှမ်းများဖြင့် သူ အိမ်သို့ ပြန်လာခဲ့သည်။ မေမေက စိတ်လှုပ်ရှား သိချင်ပြင်းပြလွန်းစွာဖြင့် . . . သူ့ကို စောင့်မျှော်နေခဲ့သည်။

"ဘာတဲ့လဲ သား . . . အဲဒီ မိန်းကလေးက ဘာတဲ့လဲ"

မေမေ့ရဲ့ အမေးကို သူက မေမေ့လိုပင် စိတ်လှုပ်ရှားနေသော အသံဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော့်ကို သူနဲ့ ပူးပေါင်းပြီး အလုပ် လုပ်ဖို့ လာကမ်းလှမ်းတာ မေမေ . . ."

သူ့စကားက အနည်းငယ်တော့ ကြီးကျယ်ချင်ကြီးကျယ်နေလိမ့်မည်။ သို့သော် . . . ဒါ အမှန်ပဲ မဟုတ်လား။ ညမွှေးလေပြေလို နာမည်ကြီး အမျိုးသမီးတစ်ယောက်က သူ့အတွက် အကျိုးအမြတ် ရစရာမရှိဘဲ သူလို ဘာမဟုတ်သည့် ပါမွှား ကောင်လေးတစ်ယောက်ကို မနက်စောစောစီး



www.burmeseclassic.com

www.burmeseclassic.com



စီး တကူးတက လာတွေ့စရာ ဘာအကြောင်းမှ မရှိချေ။

"အို . . . ငါ့သား ကံကောင်းလိုက်တာ၊ ကြည့်စမ်း . . . မေမေ ဒါကြောင့် အိပ်မက်တွေ ဆက်တိုက် မက်နေတာကို၊ အိပ်မက်ထဲမှာ မေမေ့သားက နာမည်ကြီး Designer တစ်ယောက် ဖြစ်နေပြီတဲ့၊ မေမေ့ အိပ်မက်တွေထဲကအတိုင်း သား ဆန္ဒတွေ တကယ် ဖြစ်လာတော့မှာပေါ့၊ ကြည့်စမ်း . . . မယုံနိုင်စရာ ကောင်းလိုက်တာ၊ ဒါနဲ့ သားကို သူ ဘယ်လိုလုပ်ပြီး ရှာတွေ့သွားခဲ့တာလဲ"

မေမေ့ရဲ့ မေးခွန်းကို သူ ဘယ်လို ပြန်ဖြေရမည်မသိ။ သူကိုယ်တိုင်လည်း အဲဒီမေးခွန်းကို ဖြေဖို့အတွက် နည်းနည်းတော့ ဘဝင်မြင့်လျက်ရှိသည်။ မေမေ့ကို သားအမိအချင်းချင်းပင် သူက ခပ်ဝင့်ကြွားကြွားကလေး ပြုံးပြလိုက်လျက် . . .

"ပညာရှင်ဆိုတော့ ဒီလိုပဲပေါ့ မေမေ၊ မနေ့က ဆိုင်မှာ ကောင်မလေးတစ်ယောက်နဲ့ ဝင်တိုက်မိပြီး ကျွန်တော့်





ရဲ့ Design ဆွဲထားတဲ့ စာရွက်တွေ လွင့်ကျကုန်တယ်၊ အဲဒီအထဲက တစ်ရွက်ကို သူ ကောက်ရသွားခဲ့တာ၊ ကျွန်တော့်လက်ရာကို သူ့ဘာသာသူ သုံးသပ် အကဲဖြတ်ပြီး ကျွန်တော့်ကို လာဆက်သွယ်တာပေါ့ မေမေ . . ."

မေမေက သူ့သားအတွက် ဂုဏ်ယူကျေနပ်သော အပြုံးမျက်နှာကလေးဖြင့် သူ့ကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ကာ သူ့ဆံပင်တွေကို ချစ်စနိုး ပွတ်သပ်ပေးနေရင်း . . .

"မေမေ ယုံကြည်ပြီးသားပါ . . . ငါ့သားဟာ ပါရမီထူးပြီးသား၊ အခြေအနေ အခွင့်အရေး မပေးသေးလို့သာ ဒီလို အခြေအနေမျိုးမှာ နေနေရတာ၊ မေမေကြိုပြီး ဟောကိန်းထုတ်လိုက်မယ် . . . တစ်နေ့နေ့မှာ ငါ့သားဟာ သားဖြစ်ချင်တဲ့အတိုင်း ထင်ရှားကျော်ကြားတဲ့ Designer တစ်ယောက် ဖြစ်ကို ဖြစ်နေစေရမယ်"

သူ မေမေ့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို သဘောကျစွာ ရယ်မောလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အဲဒီအတိုင်းပဲ မျှော်လင့်ထားပါတယ် မေမေ . . ."



သူ့စိတ်ထဲမှာ တိုက်ပွဲတစ်ခု ဖြစ်ထွန်းလျက်ရှိသည်။ တစ်ဖက်က မမ ညွှမ်းလေပြေဆီသို့ နောက်တစ်နေ့မှာ ချက်ချင်း သွားတွေ့လိုက်ချင်သောစိတ် ဖြစ်ပြီး . . . တစ်ဖက်ကတော့ ချက်ချင်းလိုက်သွားရင် သိပ် အငမ်းမရ ဣန္ဒြေမဆည်နိုင်ရာများ ကျနေမလားဆိုသော တားမြစ်စိတ်ဖြစ်သည်။ ထိုစိတ်နှစ်စိတ်က သူ့ရင်ထဲမှာ အကြီးအကျယ် တိုက်ပွဲ ဆင်နွှဲလျက်ရှိကာ သူ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ နေမထိထိုင်မသာနှင့် ဇဝေဇဝါ ဖြစ်နေသည်။ ဒီအခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးဟာ သူ့အတွက် နည်းနည်းနောနော မဟုတ်တာ။ ဘာဖြစ်လို့ အဲဒီအခွင့်အရေးကို နှောင့်နှေး အချိန်ဆွဲထားရမလဲ။ နောက်တစ်နေ့ ချက်ချင်းပဲ သူ သွားတွေ့ပစ်လိုက်ချင်သည်။ သူ ဆွဲထားခဲ့သော Design စာရွက်တွေအားလုံးကို သပ်သပ်ရပ်ရပ် စုစည်းကာ ဖိုင်တွဲတွေဖြင့် စနစ်တကျ ခွဲလျက် စီတွဲလိုက်လျှင် ဖိုင်တွဲငါးတွဲ ထွက်လာသည်။ သူ့ရဲ့ စိတ်ကူးထဲက Design တွေကို မမ ညမွှေးလေပြေဆီသို့ သူ ပြချင်လှပြီ။ သူ့ရဲ့လက်ရာတွေကိုမြင်လျှင် သူမ ဘာပြောမည်လဲ။ ချီးမွမ်းမှာလား . . . ခပ်တည်တည် မျက်နှာထားတင်းတင်းနဲ့ . . .

"မင်းလက်ရာတွေ အရည်အသွေး မမီသေဘူး"

လို့ ခေါင်းခါငြင်းပယ်လိုက်မှာလား . . . သူ ဝေခွဲမရပါ။ နောက်ဆုံးမှာတော့ သူ အဖြေတစ်ခု ရသွားသည်။ တစ်ပတ်လောက်တော့ အောက်အီးမျိုသိပ်ပြီး နေကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ဟုတ်တယ် . . . ချက်ချင်း သွားတွေ့လိုက်ရင် သူ့ရဲ့တန်ဘိုးကို တစ်ဖက်က ပိုပြီး လျှော့တွက် အထင်သေး






သွားလိမ့်မယ်။ ထိုအတွေးဖြင့် မမကို သွားတွေ့ဖို့ သူ တစ်ပတ်တိတိ အားမွေးထားလိုက်သည်။ ဒီတစ်ခါ မမနဲ့ဆုံတဲ့အခါ သူပြောချင်တဲ့ စကားတွေကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ပြောပြနိုင်တဲ့ သတ္တိမျိုး သူ့မှာ အဆင်သင့် ရှိနေစေရမယ်။ မမရဲ့ အောင်မြင်ထည်ဝါနေတဲ့ အရှိန်အဝါနဲ့ . . . မင်းနဲ့ငါဆိုတဲ့ အထက်စီးနင်း အသုံးအနှုံးနဲ့ တားမြစ်ထားတဲ့ စည်းတစ်ခုရဲ့ အောက်မှာ သူ အလိုလိုနေရင်း သိမ်ငယ်နေစရာမလို။ မမကို သူ မျက်လုံးချင်း ရင်ဆိုင်ပြီး သူ ဖြစ်ချင်တာတွေကို ပြောပြနိုင်စွမ်းရှိဖို့ တစ်ပတ်တိတိတော့ သူ အချိန်ယူမှဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၂)

ထိုအချိန်က မိုးဦးညလေးတို့ သူငယ်ချင်းတစ်သိုက် လမ်းထဲမှာ ထုပ်ဆီးတိုးတမ်း ကစားနေကြချိန် ဖြစ်သည်။ အခုအချိန်အထိ သူမတို့ သူငယ်ချင်းတွေ ညနေတိုင်း ထုပ်ဆီးတိုးတမ်း ဖြစ်ဖြစ်၊ စိန်ပြေးတမ်း ဖြစ်ဖြစ်၊ ကြက်တောင်ရိုက်တမ်းဖြစ်ဖြစ် . . . ကစားနည်းတစ်မျိုးမဟုတ် တစ်မျိုးတော့ ကစားနေကြ ဖြစ်သည်။ သူငယ်ချင်းတွေ အားလုံး ဆယ်တန်းအောင်ထားပြီး သားအရွယ်တွေ ဖြစ်သောကြောင့် အရွယ်လည်းညီကာ ကလေးဆန်စိတ် မပျောက်သေးတာလဲ အတူတူပင်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့်တစ်ယောက် အော်ကြီးဟစ်ကျယ် တွန်းထိုးအော်ဟစ်ရင်း ထုပ်စီးတိုးပွဲက အကြီးအကျယ် စည်ကားလျက်ရှိစဉ် သူမတို့လမ်းထဲသို့ ဝင်လာသော Land Cruiser နို့နှစ်ရောင်ကားကြီးက သူမတို့ရဲ့ကစားပွဲကို ခဏတဖြုတ် နှောင့်ယှက်ဖျက်ဆီးပစ်လိုက်သည်။ လူတွေအားလုံးရဲ့စိတ်ဝင်စားမှုက ထို Land Cruiser ဆီသို့ ဝိုင်းအုံ ရောက်သွားကြတာရယ် . . . ပြီးတော့ Land Cruiser ကြီးဝင်လာသောကြောင့် သူမတို့ကစားနေရာမှ ရပ်တန့်ပစ်လိုက်ရကာ လမ်းမပေါ်မှာ စည်းတားပြီး ကစားနေကြခြင်းမို့ ကားကို လမ်းဖယ်ပေးလိုက်ရသည့်အဟွက်ရယ် ထိုနှစ်ချက်ကြောင့် မိုးဦးညတို့ရဲ့ ကစားပွဲက ခဏတဖြုတ် ပျက်စီးသွားရခြင်းဖြစ်သည်။ မိုးဦးည အပါအဝင် သူမ သူငယ်ချင်းတွေ အားလုံးက Land Cruiser ကားကြီးထဲသို့ အလုအယက် စိတ်ဝင်တစား ဝိုင်းပြုံလှမ်းကြည့်ကာ ကားထဲမှာ မင်းသားတစ်ယောက်ယောက် . . . သို့မဟုတ် မင်းသမီး တစ်ယောက်ယောက် . . . အဆိုတော် တစ်ယောက်





ယောက်များ ပါမလားဟူသော စိတ်ဝင်စားမှုတွေ အလုံးအရင်းဖြင့် သူမတို့ရဲ့ ကစားပွဲကို ကလေးတွေအားလုံးက ပထမတော့ သူမတို့ ထုပ်စီးတိုးနေတာကို ပွဲတစ်ခုပမာ စိတ်ဝင်တစား ဝိုင်းအုံကြည့်နေရာကနေ ထိုကားကြီးနောက်သို့ ပဟားခနဲ သံပြိုင်အော်ဟစ်ကာ လိုက်ပါသွားကြသလို သူမတို့တစ်အုပ်စုလုံး၏ ဦးခေါင်းတွေလည်း ထိုကားကြီးနောက်သို့ သမင်လည်ပြန် ပါသွားကြသည်။

မိုးဦးညတို့ရဲ့ လမ်းထဲမှာ ကြော်ငြာ ပန်းချီကားတွေ ဆွဲနေသော ပန်းချီအဖွဲ့တစ်ဖွဲ့ ရှိနေသည်မို့ သူမတို့လမ်းထဲကို ရုပ်ရှင်မင်းသား . . . မင်းသမီးတွေ . . . ဒါရိုက်တာတွေ . . . အဆိုတော်တွေ မကြာခဏ လာလေ့ရှိတတ်ပါသည်။ အခုလည်း Land Cruiser ကြီးဝင်လာပြီ ဆိုကတည်းက ကားထဲမှာ တစ်ယောက်ယောက်တော့ ပါလာပြီဆိုတာ အားလုံးက စိတ်ဝင်တစား သိထားပြီးဖြစ်သည်။

"ဟာ . . . အဆိုတော် နေသန်ကွ၊ ဟာ . . . အော်တို



www.burmeseclassic.com

www.burmeseclassic.com



ရေးခိုင်းရအောင် . . . လာ . . . လာ”

ရှေ့ဆုံးကနေ ဦးအောင်အော်ပြီး ဦးဆောင်၍ ပြေးသူက ဖြူစင်ဖြစ်သည်။ ထုပ်စီးတိုးနေသော တစ်အုပ်စုလုံး အဆိုတော်နေသန့်၏ ကားကြီးနားသို့ အလုအယက်ပင် ဝိုင်းအုံ ရောက်ရှိသွားတော့သည်။ ကလေးတွေလည်း ကျိတ်ကျိတ်တိုး နေသည်။ မိုးဦးညလည်း လူအုပ်ကြားထဲ အပြေးအလွှား ရောက်ရှိသွားကာ သူများတွေလိုပဲ အော်တိုရေးခိုင်းဖို့ အသည်း အသန် ကြိုးစားနေမိလေသည်။ ကလေးတွေက အင်္ကျီတွေမှာ အဆိုတော်နေသန့်ရဲ့ လက်မှတ်တွေ ထိုးခိုင်းကြသလို တချို့က လည်း လက်ဖဝါးဖြန့်ကာ လက်မှာ ရေးထိုးခိုင်းနေကြသည်။ သူမရဲ့ သူငယ်ချင်းတွေကတော့ လက်ဖဝါးမှာ . . . လက် မောင်းမှာ . . . အင်္ကျီမှာ စသဖြင့် အသီးသီး လက်မှတ် ထိုး ခိုင်းနေကြသည်။ သူမအလှည့် ရောက်လာသောအခါ မိုးဦး ညက အပြေးအလွှားကလေး စဉ်းစားလိုက်သည်။ သူများတွေ နှင့်မတူအောင် ဘယ်နေရာမှာ ထိုးခိုင်းရင်ကောင်းမလဲ။ ချက်





ချင်းပင်·စိတ်ကူးပေါ်လာကာ . . . သူမက မျက်လုံးကလေး တွေ ရယ်ရွှင်မြူးရိပ် သန်းလာလျက် ရုတ်တရက် ပါးနှစ်ဖက်ကို ဖောင်းပစ်လိုက်ကာ ညာဘက် ပါးပြင်ဆီသို့ လက်ညှိုးကလေး ထိုးပြလိုက်ရင်း . . .

“ဒီနေရာမှာ ထိုးပေးပါ . . .”

ဟု ရယ်သံချိုချိုကလေးဖြင့် အော်လိုက်သည်။

ကလေးတွေနှင့် ခုနက လမ်းမအလယ်ခေါင်မှာ မကြီးမငယ်နှင့် ထုပ်စီးတိုးတမ်းကစားနေကြသော ဆယ်ကျော် သက်အရွယ် မိန်းကလေးတစ်သိုက်ကို လက်မအားနိုင်လောက် အောင် လက်မှတ်တွေ ထိုးပေးနေရသော နေသန့်က ရုတ်တ ရက်အနားသို့ ရောက်ရှိလာသော ထိုမိန်းကလေးကို အနီးကပ် မြင်လိုက်ရစဉ်မှာ အရမ်းလှတဲ့ ကောင်မလေးပါလားဟု . . . ချက်ချင်း သတိပြုမိသွားသည်။ မျက်လုံးကြီးတွေက ဝိုင်းစက် ရွှန်းနက်ကာ မျက်အိမ်ကျယ်ဝန်းလှသော မျက်နက်ဝန်းတွေက မျက်တောင်မည်းမည်းကော့ကော့တွေ ထူထဲစွာ ဝိုင်းရံဘောင်



www.burmeseclassic.com

www.burmeseclassic.com



ခတ်ထားပြီး တဖိတ်ဖိတ်ရွှန်းလက်နေသည်။ နှာတံကလေးက ဖြောင့်စင်းကော့ပျံ့လျက် နှာသီးဖျားကလေးမှာ လုံးဝန်းသွားဟန်က ချစ်စရာကလေး။ ပြီးတော့ . . . နှုတ်ခမ်းကလေးက ပန်းချီဆွဲထားသလို နှင်းဆီဖူးဖူးကလေး တင်ထားသည့်နှယ် . . . ပန်းသွေးရောင် လွှမ်းလျက် ဖောင်းဖောင်းအိကလေးနှင့် ဖူးကြွနေသည်။ ကလေးလိုသာကစားနေတာ . . . အရပ်ကြီးကအရှည်ကြီး။ အုပ်စုထဲမှာ သူမ၏အရပ်က အရှည်ဆုံးဖြစ်သည်။ ဝတ်ထားတာက ဒူးဖုံးရုံ အိမ်နေရင်း ဂါဝန်ပန်းနုရောင် ချည်ထည်ကလေးပေမယ့် သူမ၏ဖြူစင်ဝင်းမွတ်သော အလှက ထင်ရှားလွန်းနေသည်။ အသားက ဆင်စွယ်ရောင်သန်းနေသည်။ မျက်နှာကလေး ကြည့်လိုက်ရုံနှင့်တင် အလွန်ကလေးဆန်မည့် ကောင်မလေးမှန်း သူ ချက်ချင်း နားလည်လိုက်ပါသည်။ ဆံပင်တွေက မွေးရာပါ တွန့်လိမ် ဖွာရရာ ထူထူတွေကို အနောက်ကနေ ဖားပါးစပ်ကြီးနှင့် ညှပ်ထားသောကြောင့် ကပိုကရိုကလေး ဖြစ်နေပေမယ့် သိပ်ကို လှနေသော





ထိုကောင်မလေးကို သူ တော်တော်ကလေးကြာအောင်ပင် ငေးစိုက်ကြည့်မိသွားသည်။ ပိုပြီး ရင်ခုန်ချင်စရာကောင်းသည်က သူများတွေလို . . . လက်တို့ . . . အင်္ကျီတို့နေရာတွေမှာ လက်မှတ်ရေးထိုးခိုင်းနေခြင်း မဟုတ်ဘဲ ပါးနှစ်ဖက်ကို ဖောင်းထားကာ ထိုပါးပြင်ပေါ်မှာ လက်မှတ်ထိုးခိုင်းနေခြင်းမို့ သူ ရယ်လည်း ရယ်ချင်ကာ . . . ပျော်လည်းပျော်သွားသည်။ သူမ၏ ပါးပြင်နုနုကလေးပေါ်သို့ သူ့ရဲ့လက်မှတ်ကို ညင်ညင်သာသာကလေး ရေးထိုးပေးလိုက်တော့ သူမက သဘောကျစွာ ခစ်ခနဲ ရယ်မောလိုက်လေသည်။ ရယ်လိုက်တော့မှ ညာဘက်ပါးပြင်ပေါ်မှာ ပါးချိုင့်ကလေးတစ်ဖက် ထင်းခနဲ ပေါ်လွင်သွားသည်မို့ ကောင်မလေး၏ အလှက ပို၍ ရင်ခုန်ချင်စရာ ကောင်းသွားသည်။ သူ့တစ်သက်မှာ ဒီလောက် အပြစ်ကင်းစွာ လှလွန်းတဲ့ မိန်းကလေးမျိုး သူ တကယ်ကိုမတွေ့ခဲ့ဖူးပါ။

"မင်းနာမည် ဘယ်လိုခေါ်လဲဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ဟန်ပင်မဆောင်နိုင်ဘဲ သူမ၏ နာမည်ကို မေးလိုက်မိတော့ မိုးဦးညက ကလေးဆန်ဆန် ပြုံးရင်း . . .

"မိုးဦးညလေး . . ."

ဟု အဖြေပေးကာ ချာခနဲ လှည့်ထွက်လျက် ထွက်ပြေးသွားတော့သည်။ သူမနောက်မှ သူမ၏ သူငယ်ချင်းတွေ တစ်အုပ်စုကြီး ပြန်ပါသွားကြကာ ထိုအုပ်စုက ဆက်ပြီး ထုပ်ဆီးတိုးတမ်း ကစားနေကြသည်။

သူက . . . သူ့စီးရီး ပိုစတာအတွက် ပန်းချီဆရာနှင့် စကားပြောနေရင်း သူမတို့အုပ်စု ကစားနေရာဆီသို့ မကြာခဏဆိုသလိုပင် လှမ်း၍ ငေးစိုက်ကြည့်မိသည်။ ပန်းချီဆရာကပင် သူ့ရဲ့အဖြစ်ကို ရိပ်မိဟန်တူကာ သူ့ကို ပန်းချီခန်းထဲသို့ပင် မခေါ်တော့ဘဲ အိမ်ရှေ့မှာတင် ရပ်လျက် စကားပြောနေကြခြင်း ဖြစ်သည်။

"အဲဒီကောင်မလေးက တော်တော်ကို ချောတာဗျ။ ဒီရပ်ကွက်ထဲမှာတော့ သူ အလှဆုံးပဲ၊ ဒါပေမယ့် . . .





ကလေးဆန်လွန်းလို့ ဘယ်ကောင်လေးမှ သူ့ကို ချဉ်းကပ်လို့ မရဘူး၊ သူ့နောက်လိုက်သမျှ ကောင်လေးတိုင်းကို သူက ဖမ်းပြီး သူငယ်ချင်း လုပ်ပစ်လိုက်တာချည်းပဲ . . ."

ပန်းချီဆရာက အလုပ်ကိစ္စ ပြောပြီးချိန်မှာ သူမအကြောင်း သူသိထားသလောက် ပြောပြဖော်ရသည်။ သူ ထပ်ပြီး မိုးဦးညလေးဆီသို့ စူးစူးနစ်နစ်ပင် လှမ်း၍ စိုက်ကြည့်နေခဲ့မိသည်။ ပြေးလွှားနေသောကြောင့် ဖားပါးစပ်ကြီး ညှပ်ထားသည့်ကြားကနေ သူမ၏ ဆံပင်တွေက ဖွာရရာကျကာ လေထဲမှာ တလွင့်လွင့် ဖြစ်နေသည်။ ပါးချိုင့်ကလေး ပေါ်အောင် အော်ဟစ်ရင်း . . . ပြေးလွှားခုန်ပေါက်ရင်း ကလေးဆန်ဆန် အဆော့သန်နေသော ထိုကောင်မလေးကို ဘာကြောင့်မှန်းမသိ သူ မြင်မြင်ချင်းပင် ရင်ခုန်စွဲမက်သွားခဲ့မိခြင်း ဖြစ်သည်။ သူမကို ကားပေါ်မှ ထိုင်ကာ ငေးကြည့်နေမိရင်း သူမနှင့် ပတ်သက်သော သီချင်းစာသားတချို့ သူ့ခေါင်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းဝင်ရောက်လာသည်။ သူမကိုကြည့်ပြီး သီချင်းတစ်ပုဒ် စပ်ချင်စိတ်ပင် ပေါက်လာ၏။ ကောင်မလေးသည် ဘေးဘီကို လှည့်မကြည့်တော့ဘဲ အဆော့သာ မက်နေတော့သည်။ သူ့ကား ဖြေးဖြေးချင်း ပြန်ထွက်လာတော့မှ ကားကို လမ်းဖယ်ပေးသည့် အနေနှင့် လမ်းဘေးသို့ လူစု ခွဲပေးကြကာ သူများတွေ သူ့ကား ကို ကြည့်ပြီး တဟေးဟေးအော်ကာ လက်ဝှေ့ယမ်းပြနေသလို သူမကလည်း ခုန်ဆွ ခုန်ဆွကလေးနှင့် ဟေးခနဲအော်ကာ သူ့ကို လမ်းဝှေ့ယမ်းပြနေခဲ့သည်။ သူမ၏ ပုံရိပ်ကလေးကို ကားနောက်ကြည့်မှန်ကနေတစ်ဆင့် သူ မျက်တောင်မခတ် ငေးမောကြည့်ခဲ့မိရင်း သူ့နှုတ်ခမ်းဆီမှာ ကြည်နူးရင်ခုန်သော အပြုံးတစ်စက နိုတွယ်လျက် ပါလာသည်။ ထိုအပြုံးက သူ့ နှုတ်ခမ်းပေါ်မှ တော်တော်နှင့် ပြယ်လွင့်မသွားခဲ့ချေ။

◂◂ ▸▸



နောက်တစ်နေ့ သူမတို့လမ်းထဲသို့ သူ ရောက် လာခဲ့မိပြန်သည်။ သူမကို တွေ့ချင်သော စိတ်တစ်ခုတည်းဖြင့် သူ ထိုလမ်းထဲသို့ တမင်တကာ ရောက်လာခဲ့မိခြင်း ဖြစ်သည်။ ဒီနေ့တော့ မျှော်လင့်ထားသလို သူမတို့ ကစားနေသည်ကို မတွေ့ရပါ။ လမ်းထဲမှာ ကလေးတချို့သာ ဘောလုံးကန်နေကြ သည်။ သူ ပန်းချီဆရာအိမ်ရှေ့မှာ ကားရပ်လိုက်ပြီး ပန်းချီ ခန်းထဲသို့ ဝင်လာခဲ့မိသည်။

"ဟာ . . . ကိုနေသန် . . . မနေ့က ဘာများ မှာဖို့



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့လို့လည်း၊ ဓာတ်ပုံတွေလည်း ကျွန်တော့်ကို ပေးပြီးသွားလေ"

ပန်းချီဆရာက သူ့ကိုမြင်တော့ အံ့ဩနေသည်။ သူ ရုတ်တရက် မျက်နှာမထားတတ်သလို မျက်နှာပူသွားကာ ရှက်ကိုးရှက်ကန်း တစ်ချက်ရယ်မိရင်း . . .

"ကျွန်တော် မှာဖို့ ဘာမှ မကျန်ပါဘူး . . . တမင်သက်သက် လမ်းကြုံလို့ ဝင်လာခဲ့တာ၊ ခင်ဗျားကို တစ်ခု မေးစရာရှိလို့"

သူ့မျက်နှာပေါ် မှာ ဖြတ်ပြေးသွားသော ရှက်ကိုးရှက်ကန်း ရှိုးတိုးရှန့်တန့် အရိပ်တချို့ကို ကြည့်ပြီး ပန်းချီဆရာက နည်းနည်း သဘောပေါက်သွားသလို ပြုံးရယ်လိုက်ကာ . . .

"မေး မေး . . . ဘာမေးမလို့လည်း ကိုနေသန်၊ မိုးဦးညလေး အကြောင်းလား"

ဟု တန်းခနဲပင် ပြန်မေး၏။ သူ အသံထွက်





အောင် ရယ်မောလိုက်ရင်း . . .

"ဟုတ်တယ် . . . ကျွန်တော် သူ့ကို ထပ်တွေ့ချင်လို့ လာခဲ့တာ၊ သူ့အိမ်က ဘယ်မှာလဲဟင် . . . ခင်ဗျား သိလား"

"ဟိုရှေ့က . . . ကျွန်တော်တို့အခန်းနဲ့ မျက်နှာချင်းဆိုင်ပဲ၊ မိုးဦးညလေးတို့အခန်းက ငါးလွှာမြောက်အခန်း၊ ဟိုမှာ . . . ဟိုမှာ . . . ကောင်မလေးတောင် ဝရန်တာမှာ ထွက်ရပ်နေတယ်"

ပန်းချီဆရာရဲ့ မျက်ဝန်းတွေ ရွေ့လျားသွားရာနောက်သို့ သူ ကပျာကယာ လိုက်ကြည့်လိုက်မိသည်။ မျက်နှာချင်းဆိုင်ရှိ ကန်ထရိုက်တိုက်ခန်း၏ ငါးလွှာမြောက် အခန်းရဲ့ ဝရန်တာ ကျဉ်းကျဉ်းကလေးဆီမှာ မိုးဦးညကို ဖုန်းပြောလျက် တွေ့လိုက်ရသည်။ အထပ်က သိပ်မြင့်နေသည်မို့ သူမရဲ့ မျက်နှာကလေးကို ထင်ထင်ရှားရှားကြီးတော့ မမြင်ရပါ။ ဒါပေမယ့် . . . အဝေးကနေ လှမ်းကြည့်တာတောင် သူမ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဆီမှ ထင်ရှားပြတ်သားသော အလှတွေကို တွေ့မြင်နေရသည်။ သူမက သူ့ကို မြင်ဟန်မတူပါ။ လက်ကလေး တခါခါဖြင့် ဘာတွေ ပြောနေမှန်းမသိ။ တစ်ချက်တစ်ချက် ခေါင်းကလေးမော့လှန်ကာ ဆံပင်တွေ ဖရိုဖရဲ ဝေ့ဝဲသွားအောင်ပင် ရယ်မောနေလိုက်သေးသည်။ သူမကို မြင်လိုက်တိုင်း သူ ပတ်ဝန်းကျင် တစ်ခုလုံးကို ခဏတစ်ဖြုတ်တော့ မေ့လျော့သွားရစမြဲ။ သူမကလေးဆီ ဟန်မဆောင်နိုင်သော မျက်ဝန်းများဖြင့် အငမ်းမရ ငေးစိုက်ကြည့်နေလိုက်မိပြီးမှ ပန်းချီဆရာကို သူ သတိရသွားကာ . . . ပန်းချီဆရာက အလွန်တရာပင် အလိုက်သိ နားလည်စွာဖြင့် . . .

"ကိုနေသန် . . . သူ့ဆီ ဖုန်းဆက်ချင်သလား၊ ကျွန်တော့်ဆီမှာ သူ့ရဲ့ ဖုန်းနံပါတ်ရှိတယ်၊ ကျွန်တော်နဲ့ သူတို့အိမ်နဲ့က ခင်တယ်လေ၊ မိုးဦးညရဲ့ ပုံတူ ပန်းချီတွေ . . . ဘာတွေ ကျွန်တော်ပဲ ဆွဲပေးဖူးတယ်"

ဟု ပြောရင်း သူ့ကို သူမ၏ ဖုန်းနံပါတ် ချရေး





ပေးသည်မို့ သူ ချက်ချင်းပင် ထိုဖုန်းနံပါတ်ကို သူ့ဖုန်းထဲမှာ ထည့်မှတ်ထားလိုက်သည်။ ခဏနေတော့ သူမက ဖုန်းပြောပြီးသွားဟန်ဖြင့် ဖုန်းကို လှမ်းပိတ်လိုက်တာ မြင်လိုက်ရသည်မို့ သူ ချက်ချင်းပင် သူမဆီသို့ ဖုန်းခေါ်လိုက်သည်။

"ဟဲလို . . ."

သူမ၏ ဖုန်းထူးသံကလေးက ချိုချိုလွင်လွင် ရှိလှကာ သူ့ရင်ထဲသို့ ချိုမြစွာပင် စီးဝင်လာခဲ့သည်။

"ကိုယ်ပါ . . . နေသန်ပါ . . . ကိုယ့်ကို မှတ်မိလားဟင်"

"နေသန် . . . ဟင် . . . အဆိုတော် ကိုနေသန်ကို ပြောတာလား"

သူမ၏ အသံကလေးက ချက်ချင်းပင် တအံ့တသြ ဖြစ်သွားသည့်ဟန်။

"ဟုတ်ပါ့ . . . သိပ်မှန်တာပေါ့၊ ကိုယ် အခု မိုးဦးညလေးရဲ့ အိမ်ရှေ့က ပန်းချီအိမ်မှာ ရောက်နေတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကားကို တွေ့တယ်မှတ်လား"

"ဟော . . . တွေ့တယ် တွေ့တယ်၊ ကြည့်စမ်း . . . ကိုနေသန် ရောက်နေတာ သမီး မသိလိုက်ဘူး၊ သူငယ်ချင်းနဲ့ ဖုန်းပြောနေလို့"

သူမကိုယ်သူမ သမီးဟု ပြောလိုက်ဟန်ကလေးက အလွန် ကလေးဆန်လွန်းလှသော်လည်း သူနားထဲတော့ ချိုမြိန်ကြည်နူးသွား၏။ အင်းလေ . . . သူမဟာ ကလေးလေးပဲ ရှိသေးတဲ့ ဥစ္စာ။ သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်လျက် သူမရှိရာဆီသို့ မော့ကြည့်ကာ ပြုံးပြနေမိစဉ် ပန်းချီဆရာက စာရွက်တစ်ရွက်ပေါ်မှာ စာတန်းကလေးတစ်ခု ရေးခြစ်လိုက်ပြီး သူ့ဆီသို့ လှမ်းပေးလိုက်သည်။ စာကြောင်းကလေးက တိုတိုကလေး . . .။

"မိုးဦးညက မုန့်အရမ်းမက်တယ် . . ."

ဟူသော စာတန်းကလေးကိုကြည့်ပြီး သူ ရယ်ချင်သွား၏။ ကလေးကို မုန့်ပေးပြီး ကြိုက်ရတော့မယ် ဆိုပါ





တော့။ သူ ချက်ချင်း စိတ်ကူးပေါ်သွားကာ . . .

"လမ်းထိပ်မှာ မုန့်သွားစားရအောင် . . . ကိုယ် လိုက်ကျွေးမယ်လေ၊ မိုးဦးည လိုက်စားချင်လား"

ဟု သူ လှမ်းပြောလိုက်တော့ သူမက လုံးဝမငြင်းဘဲ . . .

"တကယ်လားဟင် . . . သမီး မုန့်စားချင်နေတာနဲ့ အတော်ပဲ၊ လမ်းထိပ်မှာ မုန့်သည်တွေက အများကြီးပဲနော် . . . သမီး စားချင်တာ စားမှာ . . . ကျွေးမှာလား"

ဟု ကလေးလေးလို ပြန်မေးနေဟန်မှာ ချစ်စရာ။ သူ ချစ်စနိုး ပြုံးလိုက်မိကာ . . .

"ကျွေးမှာပေါ့ . . . မိုးဦးည စားချင်တာ ကြိုက်သလောက်သာစား . . . လိုက်ကျွေးမယ်"

"ဒါဆို ခဏလေးနော် . . . အခုပဲ ဆင်းလာခဲ့မယ်၊ မေမေ့ကို ပြောပြီး ဆင်းလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး မိုးဦးညက ဝရန်တာကနေ လှစ်ခနဲ ပျောက်ကွယ်သွားသည်။ သူမတို့လမ်းထိပ်မှာ ဈေးတန်းကြီး တစ်ခုလို ဈေးသည်တွေ အများကြီး ဆိုင်တွေ ဖွင့်ထားသည်မို့ တစ်ခါတစ်ရံ သူကိုယ်တိုင်လည်း ဒီနေရာသို့ တကူးတက လာပြီး မုန့်စားလေ့ ရှိတတ်စမြဲ။

သိပ်မကြာပါ . . .။ မိုးဦးညလေးက အိမ်နေရင်း ဂါဝန်ကလေးနှင့်ပင် ဆင်းလာသည်။ မျက်နှာကလေးက ဘာမှ မလိမ်းမခြယ် ပြောင်တင်းတင်းကလေး။ နှုတ်ခမ်းကလေးမှာ နှုတ်ခမ်းနီကလေးပင် ဆိုးမထားသော်လည်း သူမ၏ အလှက ထင်ရှားစွာ ပေါ်လွင်နေသည်။

"လာ . . . သွားရအောင်လေ"

မိုးဦးညက တရင်းတနှီးပင် လှမ်းနှုတ်ဆက်သည်။ သူ ကားကို ပန်းချီဆရာအိမ်ရှေ့မှာပင် ထားပစ်ခဲ့ပြီး သူမနှင့်အတူ လမ်းထိပ်ရှိ မုန့်ဆိုင်တွေဆီသို့ လမ်းလျှောက်ထွက်လာခဲ့သည်။





"မိုးဦးညလေး . . . ဘာစားချင်လဲဟင်"

ဟု သူ မေးလိုက်တော့ သူမက သူ့ဘက်သို့ ခေါင်းကလေးငဲ့စောင်းကာ ကြည့်ရင်း . . .

"သမီးက အစားတော့ နည်းနည်းပုပ်တယ် သိလား၊ ဟီ ဟိ . . . ဒါပေမယ့် ဘယ်လောက်စားစား မဝဘူး တွေ့လား . . . ဒီပုံစံအတိုင်းလေးပဲ သွယ်သွယ်လေး၊ သမီးက တစ်ချိန်လုံး ပြေးလွှား ကစားနေတာကိုး . . . ဘယ်ဝမလဲနော်၊ အဟင်း . . . ပြောရမှာ အားတော့ နာသား . . . သမီး အခု စားချင်နေတာက ကြေးအိုး ရယ် . . . တုတ်ထိုးရယ် . . . မုန့်ဟင်းခါးလည်း စား ချင်သေးတယ်၊ ပြီးတော့ . . . အာပူလျှာပူလည်း တစ်ပွဲလောက်တော့ သောက်ဦးမယ်၊ နောက်ပြီး . . . စထရော်ဘယ်ရီ လက်ဖျော်တစ်ခွက်နဲ့ ထောပတ်ဖျော် ရည်လည်း သောက်ချင်သေးတယ်"

ဟု ကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်



www.burmeseclassic.com

www.burmeseclassic.com



သော အပြုံးကလေးဖြင့် သူမ စားချင်သမျှကို လက်ညှိုးရေ တွက်ကာ ပြောလျှင် သူ ရယ်ချင်စိတ်ကို မျိုသိပ်အောင့်အည်း ထားရကာ . . .

"ဗိုကေ . . . မိုးဦးညလေး စားချင်တာမှန်သမျှ အကုန်စား . . . ကိုယ်လိုက်ကျွေးမယ် . . . ဟုတ်ပြီ လား"

လူတွေက သူ့ကို တရင်းဟန်နှီးပင် မှတ်မိနေကြ ကာ ဝိုင်းကြည့်နေကြလျက် သူနှင့် မိုးဦးညလေးတို့ ယှဉ်တွဲပြီး လျှောက်လာသည်ကို တီးတိုး ဝေဖန် မှတ်ချက်တွေပေးလျက် တအံ့တဩ စိတ်ဝင်တစားတွေ ဖြစ်နေကြသည်။ မိုးဦးည က. . .

"လူတွေအားလုံးက ကိုနေသန့်ကို သိနေကြတယ်နော် အားလုံးဝိုင်းကြည့်နေကြတယ် . . . ပျော်စရာကြီး ကိုနေသန့်ကို ကြည့်ရင်းနဲ့ သမီးကိုလည်း ကိုနေသန်န့ ခင်တယ်ဆိုပြီး အထင်တွေ ကြီးကုန်ကြပြီ . . .





ဟီး ဟီး . . ."

ဟု ကလေးဆန်ဆန်ပြောပြီး သူမ စားချင်သော ဆိုင်ရှေ့ရောက်လျှင် ထိုင်ခုံမှာဝင်ထိုင်ပြီး စားချင်တာမှာကာ အားပါးတရပင် ဟန်မဆောင်စတမ်း စားနေတော့လေသည်။ သူက သူမ၏ နှုတ်သားဖူးဖူးစင်သော အမူအရာကလေးတွေကို ငေးကြည့်နေမိသည်။ ကောင်မလေးဟာ တကယ့်ကို ဖြူဖြူစင် စင် အနိုင်းပန်းကလေး။ သူမဆီမှာ မမြင်ရတဲ့ အရည်အသွေး တွေ အများကြီးပဲ ရှိနေနိုင်သည်။ သွေးလိုက်လျှင် သွေးသ လောက် တလက်လက် တောက်ပြောင်လာမည့် ကျောက်ရိုင်း ပွင့်ကလေး တစ်ပွင့်ဟု သူ တင်စားမိသည်။

"ကိုနေသန်လည်း စားလေ . . . သမီးတစ်ယောက် တည်း စားနေရတာ ရှက်စရာကြီး"

သူမက အစားတွေ ပလုတ်ပလောင်းစားရင်း ရှက်ကိုးရှက်ကန်း ပြုံးရယ်ကာ လှမ်းပြောလိုက်သေးသည်။

"စားပါ . . . မိုးဦးညလေး စားနေတာကို ထိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရတာကိုက ကိုယ်စားနေရသလိုပဲ အရသာရှိတာ၊ ကိုယ်က မိုးဦးညလေး စထရော်ဘယ်ရီ လက်ဖျော် သောက်မှပဲ သောက်တော့မယ်၊ စား စား . . . ကြိုက် သလောက်သာစား၊ စားရင်း မိုးဦးညလေးအကြောင်း နည်းနည်းပါးပါး ပြောပြနော်"

"သမီးအကြောင်းလား . . . သမီးက ဆယ်တန်း အောင်ပြီးပြီ၊ တက္ကသိုလ်တက်ဖို့ စောင့်နေတာ၊ ကွန်ပျူတာ အမှတ်မီတယ်ဆိုတော့ ကွန်ပျူတာပဲ တက် ဖြစ်မှာ"

"မိုးဦးညလေးက ကွန်ပျူတာ ဝါသနာပါလို့လား"

"ကွန်ပျူတာ ဝါသနာပါတာတော့ မဟုတ်ဘူးလေ . . . ဒါပေမယ့် အခုခေတ်က IT ခေတ်ဆိုတော့ ကွန်ပျူတာ တက်ထားမှ ကောင်းမှာပေါ့၊ ဒါပေမယ့် သမီး တကယ် ဖြစ်ချင်တာက တခြားဟာ . . ."

"မိုးဦးညလေးက ဘာဖြစ်ချင်တာလဲ"





"သမီးက Model ဖြစ်ချင်တာ၊ သမီးက Celebrity တစ်ယောက် အရမ်းဖြစ်ချင်တာ . . .၊ ကိုနေသန့်လို ပေါ့၊ လူတွေအားလုံးက စိတ်ဝင်တစား ဝိုင်းငေးကြရတဲ့ နာမည်ကြီးတစ်ယောက် ဖြစ်ချင်တာ၊ ကိုနေသန်က အရမ်း နာမည်ကြီးတာပဲနော်၊ သမီး သူငယ်ချင်းတွေ အားလုံး ကိုနေသန့်ကို အရူးအမူး ကြိုက်ကြတာ၊ သမီး လည်း ကိုနေသန်ရဲ့ Crazy ပဲ၊ အခု ကိုနေသန်နဲ့အတူ ကိုနေသန်လိုက်ကျွေးတဲ့ မုန့်တွေကို လိုက်စားနေရတာ သမီးအတွက် အိပ်မက်တစ်ခု မက်နေသလိုပဲ . . . ယုံတောင် မယုံနိုင်ဘူး၊ ဘာဖြစ်လို့ သမီးကို ဖုန်းဆက် ပြီး မုန့်လိုက်ကျွေးတာလဲဟင်"

"ဒီလိုပဲ . . . ကျွေးချင်စိတ် ပေါက်လာလို့ပါ၊ မနေ့ညက မိုးဦးညလေးကို မြင်လိုက်ရပြီးကတည်းက ကိုယ့်စိတ်ထဲ မှာ မိုးဦးညလေးနဲ့ နောက်ထပ်ဆုံပြီး ခင်ချင်စိတ် ဖြစ်နေတာ၊ ဒါကြောင့် ဒီနေ့ တကူးတကကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိတ်လာဖွဲ့တာ . . .”

“ဘုရားရေ . . . ကိုနေသန်က သမီးကို မိတ်လာဖွဲ့တာ၊ ဟုတ်လား . . . ဟီ ဟိ . . . အံ့သြဖို့ကောင်းလိုက်တာ၊ သူများတွေကြားရင် ရယ်နေတော့မှာပဲ၊ ပြောင်းပြန်ကြီး ဖြစ်နေပြီ၊ တကယ်ဆို သမီးကသာ ကိုနေသန့်ကို မိတ်ဆက်ရမှာလေ . . . ကိုနေသန်က နာမည်ကြီး အဆိုတော်တစ်ယောက် . . . သမီးက ဘာမှ မှ မဟုတ်တာ”

“ကိုယ့်ကိုယ်ကို ဘယ်တော့မှ ဘာမှ မှ မဟုတ်တာလို့ မပြောရဘူး မိုးဦးညလေးရဲ့ . . . လူဆိုတာ အခု မဖြစ်သေးပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုယ်ဘာဖြစ်မယ်ဆိုတာ ကြိုမသိနိုင်ဘူးလေ၊ အခု . . . မိုးဦးညလေး ဘာဖြစ်ချင်တာလဲ ဆိုတာကို ကိုယ် သိရပြီ၊ မိုးဦးညလေး Model တကယ်ဖြစ်ချင်တယ်ဆိုရင် တကယ်ဖြစ်အောင် လုပ်ရမှာပေါ့၊ မိုးဦးညလေးက International Model တွေထက်တောင် လှသေးတယ်၊





ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ . . . အရပ်ကလည်း အရှည်ကြီး၊ ဆံပင်တွေကလည်း မိုက်တယ်၊ ရုပ်ကလေးကလည်း အရမ်းလှတယ်၊ လူတွေ အများကြီးထဲမှာ ထင်းခနဲ ပေါ်လွင်နေတဲ့ ရုပ်မျိုး”

“ဟီ ဟိ . . . သမီးကို စွတ်မြှောက်နေတယ်တော့၊ တကယ်ဆို သမီးက ကိုနေသန့်ကို မြှောက်ရမှာလေ၊ ကိုနေသန်က သမီးကို မုန့်တွေ ဒီလောက်အများကြီး ဝယ်ကျွေးထားတဲ့ဥစ္စာ . . .”

“ကိုယ်မြှောက်နေတာ မဟုတ်ဘူး . . . တကယ်ပြောတာ၊ မိုးဦးညလေး ကိုယ့်ကိုယ်ကို မှန်ထဲမှာ သေသေချာချာ ပြန်ကြည့်ဖူးသလား . . . ကိုယ့်ကိုယ်ကိုရော သိပ်လှတဲ့ မိန်းကလေးတစ်ယောက်လို့ သိရဲ့လား”

သူက သူ့မ၏မျက်နှာကလေးကို ချစ်စနိုး ပြုံး၍ စိုက်ကြည့်လိုက်ရင်း မေးလိုက်တော့ သူမက မျက်နှာကလေး နီမြန်းသွားကာ ရှက်ကိုးရှက်ကန်း အပြုံးကလေးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . သိတော့ နည်းနည်းသိသလိုပဲ၊ ကောင်လေးတွေကလည်း သမီးလမ်းသွားရင် အနောက်ကနေ တကောက်ကောက်လိုက်ပြီး သိပ်လှတာပဲလို့ အမြဲတမ်းပြောကြတယ်၊ သမီး သူငယ်ချင်းတွေကလည်း နင်အရမ်းလှတယ်လို့ ပြောကြသားပဲ၊ သမီးကိုယ်သမီးလည်း နည်းနည်းလှမှန်းတော့ သိပါတယ်"

"နည်းနည်းလှတာတင် မကဘူး . . . တော်တော်ကလေးကို လှတာ၊ မိုးဦးညလေးက ကိုယ့်ကိုယ်ကို မပြင်မဆင်ဘဲ ကလေးဆန်ဆန် နေနေလို့ ပေါ်လွင်သင့်တဲ့ အလှတွေက မပေါ်လွင်နိုင်ဘဲ ငုတ်နေသလို ဖြစ်နေတာ၊ ဒါပေမယ့် . . . အဲဒါတောင် တော်တော်ကလေးလှနေပြီ၊ မိုးဦးညလေး Model တစ်ယောက် ဖြစ်လာအောင် ကိုယ် မြေတောင်မြှောက်ပေးမယ်ဆိုရင် ဘယ်လိုသဘောရလဲ"

"တကယ်လားဟင် . . . သမီး အရမ်းပျော်မှာပေါ့၊





ကိုနေသန်နဲ့ ခင်ခွင့်ရတာ သမီးအတွက် အရမ်း ကံကောင်းတာပဲ၊ သမီးက ဖြစ်ချင်တာတွေ အများကြီးပဲ၊ ဒါပေမယ့် . . . ဖေဖေနဲ့ မေမေတို့က သမီးအတွက်ဘာမှ သိပ်လုပ်မပေးနိုင်လို့ ဖေဖေနဲ့ မေမေ့ကို အားနာပြီး မပူဆာရဲတာ၊ သမီးက Model သင်တန်းတွေဘာတွေ သိပ်တက်ချင်တာ"

"မိုးဦးညလေး တက်ချင်တယ်ဆိုရင် တက်ရမှာပေါ့၊ ကိုယ် . . . အားလုံး စီစဉ်ပေးမယ်"

"ဟယ် . . . တကယ်ပြောနေတာလားဟင်၊ သမီး အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော်"

သူမ၏ မျက်နက်ဝန်းကလေးက စိတ်လှုပ်ရှားပျော်ရွှင်မှုကြောင့် ပို၍ ရွှန်းပလက်ဖြာလာကာ ထိုမျက်ဝန်းများဖြင့် သူ့ကို စိုက်ကြည့်လိုက်သည်ကိုပင် သူ မခံနိုင်။ သူမရဲ့ မျက်ဝန်းတွေက သူမကိုယ်တိုင်ပင် ရိပ်မိပုံမရဘဲ ညှို့ဓာတ်တွေ အပြည့် ရှိနေကာ . . . သူမရဲ့ အကြည့်ဒဏ်ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမှ ခံနိုင်ရည် ရှိလိမ့်မယ်မထင်။

"တကယ်ပြောတာပေါ့ . . . ကိုယ် မိုးဦးညလေးကို အောင်မြင်ထင်ရှားတဲ့ နာမည်ကြီး Model တစ်ယောက် ဖြစ်လာအောင် မြေတောင်မြှောက်ပေးနိုင်တယ်၊ လောင်းဆိုရင်တောင် လောင်းရဲတယ်ကွာ၊ မိုးဦးညလေး တစ်နေ့မှာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ မိန်းက လေးတစ်ယောက် ဖြစ်ကို ဖြစ်လာမှာ"

သူမ၏ မျက်ဝန်းကလေးတွေက တလက်လက် ဖြာလျက် နှုတ်ခမ်းကလေး ကော့ညွတ်ကာ ပြုံးနေဟန်က သူ့ နှလုံးသားဆီ နရီစည်းချက်မှန်မှန် သံစဉ်တစ်ခု တီးခတ်နေသ လိုပင်။

"သမီးတော့ ကိုယ့်ကိုယ်ကို အိပ်မက်မက်နေသလားလို့ တောင် ထင်မိတယ်၊ အခုအချိန်အထိ သမီး ကိုယ့်အဖြစ် ကို ကိုယ် မယုံနိုင်သေးဘူး၊ သမီးရဲ့ တစ်သက်မှာ ကိုနေသန်ဆိုတဲ့ နာမည်ကြီး အဆိုတော်တစ်ယောက်နဲ့





အခုလို မုန့်အတူတူ လိုက်စားခွင့်ရလိမ့်မယ်လို့ ယောင် လို့တောင် စိတ်ကူး မယဉ်ကြည့်မိခဲ့ဖူး၊ အခုတော့ သမီးရဲ့ အိမ်မက်တွေကိုတောင် ကိုနေသန်က အကောင်အထည်ဖော်ပေးမယ်ဆိုတော့ သမီး ဘာပြော ရမှန်းတောင် မသိတော့ဘူး သိလား . . . တကယ်ပဲ"

"ဘာပြောရမှန်း မသိရင်လည်း မပြောနဲ့တော့ မိုးဦး ညလေးရယ်"

သူက မိုးဦးညလေး၏ မျက်နှာကလေးကို ချစ်စနိုးပြုံးကြည့်ရင်း ပြောလိုက်သည်။ မိုးဦးညလေးက သူ့ကို အမှတ်တမဲ့ ငေးစိုက်ကြည့်ရင်း ချစ်စဖွယ် အပြုံးကလေးနှင့် ပခုံးကလေးတွန့်ပြကာ သူမမုန့်ကို သူမဘာသာ ဆက်၍ စား နေသည်။ သူ့စိတ်ထဲမှာလည်း ထိုအဖြစ်ကို အံ့သြမဆုံး ဖြစ် နေသည်။ သူလို အစစအရာရာမှာ ပြီးပြည့်စုံ အောင်မြင် ရင့်ကျက်နေတဲ့ အရွယ်ရောက်ပြီးသား ယောက်ျားတစ်ယောက် ဟာ အသက်ငယ်ငယ် ချောချောလှလှ ထိုမိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပေါ်မှာ သူ့နှလုံးသားတစ်ခုလုံး အရည်ပျော် စီးဝင်လျက် ရှိနေပြီဆိုတာကို သူကိုယ်တိုင် ပြန်သိနေမိခြင်း ဖြစ်သည်။



သူ့ရဲ့ ကားကြီး ထွက်သွားသည်နှင့် မိုးဦးညသည် ဂါဝန်စရဲ့ အနားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်မ,လျက် လှေကားတစ်တွေပေါ်သို့ တဒုန်းဒုန်း ခုန်ပေါက် ပြေးတက်လာခဲ့သည်။ ရင်ထဲမှာ ပျော်ရွှင်လွန်းသဖြင့် နှလုံးသားက နရီစည်းချက်မမှန်စွာ ယိမ်းထိုးခုန်ပေါက်လျက်ရှိသည်။ မျက်နှာတစ်ခုလုံးက ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် အားပါးတရ ပြုံးချင်တိုင်း ပြုံးနေသည်။

အိမ်ပေါ်သို့ ရောက်သည်နှင့် ပထမဆုံး ဖြူစင့်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ဖုန်းလှမ်းခေါ်လိုက်သည်။

"ဖြူစင် . . . . နင် ယုံချင်ယုံ မယုံရင် ပုံပြင်လို့သာ မှတ်လိုက်တော့၊ ငါ အခု အဆိုတော် ကိုနေသန့်နဲ့ လမ်းထိပ်မှာ မုန့်လျှောက်စားပြီး ပြန်လာတာ . . . သိလား"

မိုးဦးညရဲ့ အသံက ဝမ်းသာပျော်ရွှင်မှုဖြင့် လှိုင်းထန်နေသည်။ ဖြူစင့်ထံမှ ဟင်းခနဲ သက်ပြင်းဆောင့်ချသံနှင့်အတူ . . .

"အမလေး . . . ကြွားမနေပါနဲ့၊ ငါတို့အားလုံး မြင်ပြီးသား၊ နင် ကိုနေသန့်နဲ့အတူ တွဲပြီး လမ်းထဲကနေ လျှောက်သွားတာ ငါတို့အားလုံး မြင်တယ် . . . သိလား၊ ယုယနဲ့ လိမ္မာတို့လည်း အားလုံးသိပြီးသား၊ နင် သွားထပ်ပြီးတော့ ကြွားမနေနဲ့၊ ဟိုတစ်နေ့ကတည်းက နင် ကိုနေသန့်ကို ဖြားယောင်းလိုက်တာ ငါတို့အားလုံး မြင်ပြီးသား၊ တကတည်းမှပဲ . . . လက်မှတ်ထိုးခိုင်းတာကို သူများတွေလို ရိုးရိုးသားသား လက်မှာဖြင့်





မထိုးခိုင်းပဲနဲ့ ပါးပေါ်မှာ သွားထိုးခိုင်းတာကို၊ ဟိုက တစ်ခါတည်း Heart ထိသွားတာပေါ့"

"အောင်မယ် . . . နင်က မနာလို ဖြစ်နေတာလား ဖြူစင်၊ ယုယနဲ့ လိမ္မာတို့ကရော ဘာတဲ့လဲ . . ."

"ငါတို့အားလုံး မနာလို ဖြစ်နေကြတာပေါ့ဟဲ့၊ နင်က တစ်ကိုယ်ကောင်း ဆန်တာကို၊ တကယ်ဆိုရင် ကိုယ့်သူငယ်ချင်းတွေကို သတိရသင့်တာပေါ့၊ တစ်ယောက်တည်း စုံတွဲခုတ်ပြီး မုန့်ထွက်စားရတယ်လို့၊ ငါတို့ကို အဲဒီအချိန်မှာ ယောင်လို့တောင် သတိမရဘူးမှတ်လား"

ဖြူစင့်အသံက စိတ်ကောက်နေသည့်ဟန် စူအောင့်အောင့် ဖြစ်နေသည်။ မိုးဦးညက အားပါးတရ ရယ်မောလိုက်မိရင်း . . .

"နင်နဲ့ ဖုန်းချပြီးတော့ သူ့ဆီက ဖုန်းဝင်လာတာဟ၊ သူက လမ်းထိပ်မှာ မုန့်လိုက်ကျွေးမယ်ဆိုတော့ ငါ အရမ်း အံ့ဩသွားတာပေါ့၊ သူ အဲဒီလို ခေါ်လိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ ထင်မထားဘူးလေ၊ ငါ့မှာ ကယောင်ချောက်ချားနဲ့ အိမ်နေရင်း ဂါ၀န်တောင် လဲမသွားရပါဘူးဟယ် . . . နင်တို့ကို ခေါ်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ငါခေါင်းထဲ ရောက်နိုင်မှာတုန်း၊ ငါ့နေရာမှာ ကိုယ်ချင်းလည်း စာကြည့်ပေးစမ်းပါဟာ၊ အကယ်၍ ငါ့နေရာမှာ နင်သာဆိုရင် နင်လည်း ငါ့လိုပဲ ကော့ကော့ ကော့ကော့နဲ့ သူငယ်ချင်းတွေကို မေ့ပြီး လိုက်သွားမှာမဟုတ်လား၊ မိန်းမ . . . လာပြီး စိတ်ကောက်မနေနဲ့၊ သူနဲ့ငါ ဘာတွေ ပြောကြသလဲဆိုတာ နင် သိချင်သလား . . . မသိချင်ဘူးလား ဒါပဲပြော"

"သိချင်တာပေါ့ဟဲ့ . . . ငါတင်မကဘူး ယုယနဲ့ လိမ္မာတို့လည်း သိချင်ကြမှာပေါ့၊ ဒီလိုလုပ် မိုးဦးည . . . နင့်အိမ်ကို ငါတို့သုံးယောက် အခုချက်ချင်း လာခဲ့မယ်၊ နင် ၀ရန်တာကနေပဲ စောင့်နေ . . . ဟုတ်ပြီလား"

ဖြူစင်က ဖုန်းချသွားကာ ယုယနှင့် လိမ္မာတို့ကို





သွားခေါ်နေပုံရသည်။ ဒီလမ်းထဲမှာ ငယ်ငယ်ကလေးတည်းက မိုးဦးညတို့ လေးယောက်သား လည်ပင်းဖက်ပြီး ပေါင်းလာခဲ့ကြခြင်း ဖြစ်သည်။ တစ်ယောက်နဲ့တစ်ယောက် ညီအစ်မတွေထက်တောင် ရင်းနှီး စည်းလုံးကြသေးကာ တစ်ယောက်အကြောင်း တစ်ယောက် က,ကြီးကနေ အ,အထိ အစအဆုံး အတွင်းသိ အစင်းသိ သိထားပြီးသူတွေလည်း ဖြစ်သည်။

သိပ်တောင်မကြာလိုက် . . . ဖြူစင်တို့သုံးယောက်သား သိချင်ပြင်းပြစိတ်တွေဖြင့် အိမ်သို့ ရောက်လာကြသည်။ လေးယောက်သား ၀ရန်တာမှာ ဆုံမိကြသောအခါ မိုးဦးညက စိတ်လှုပ်ရှား ပျော်ရွှင်နေသော မျက်နှာကလေးနှင့် . . .

"သူကပြောတယ် . . . ငါ့ကို ငါဖြစ်ချင်တဲ့ နာမည်ကြီး Model တစ်ယောက် ဖြစ်လာတဲ့အထိ မြေတောင်မြှောက်ပေးနိုင်တယ်တဲ့"

မိုးဦးညရဲ့ စကားအဆုံးမှာ ဖြူစင်တို့သုံးယော



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြကာ . . .

"အဲဒါ . . . ဘာအဓိပ္ပါယ်လဲ၊ သူက နင့်ကို ဘာဖြစ်လို့ မြေတောင်မြှောက်ပေးမှာလဲ၊ သူက နင့်ကို ကြိုက်နေတာလား၊ မနေ့ကမှ နင်နဲ့သူ ဆုံဖြစ်ကြတာ မှတ်လား၊ နင် သတိလည်းထားဦးနော် မိုးဦးည . . .၊ သူက နာမည်သိပ်ကြီးတဲ့ အဆိုတော်တစ်ယောက်၊ သူ့ဘေးနားမှာ သူ့ရဲ့ မိန်းကလေးဖြစ်ချင်တဲ့ ကောင်မလေးတွေမှ ရာထောင်ကိုချီနေတာ၊ ရှင်းရှင်းပြောရရင် နင်က ဘာမှ မဟုတ်သေးဘူး . . . အဲဒီလို ပြောလို့ ငါ့ကို စိတ်မဆိုးနဲ့နော်၊ ငါတို့ရဲ့ သူငယ်ချင်းကို အထင်သေးလို့ ပြောတာမဟုတ်ဘူး . . . ငါတို့ စိုးရိမ်တာတစ်ခုက သူ နင့်ကို အရုပ်ကလေးတစ်ရုပ်လို ကစားသွားမှာကိုပဲ စိုးရိမ်တာ၊ နင်က အယုံလွယ်တတ်လွန်းလို့ ငါတို့က စိုးရိမ်တာ"

"သူ နင့်ကို ကြိုက်နေတာလား . . ."





"အဲဒါတော့ ငါ မသိဘူး . . . ဒါပေမယ့် ငါ့ကို သူကြည့်တဲ့ မျက်လုံးတွေကတော့ တစ်မျိုးပဲ၊ ဘယ်လိုမှန်းတော့ ငါ သေချာ မပြောတတ်ဘူး . . . ဒါပေမယ့် တစ်မျိုးကြီးတော့ တစ်မျိုးကြီးပဲဟ၊ စိတ်လှုပ်ရှားဖို့တော့ ကောင်းတယ်၊ သိတယ်မှတ်လား . . . သူ့မျက်လုံးတွေက အရောင်တလက်လက်နဲ့ ငါ့ကို ပြုံးပြီးတော့ စိုက်ကြည့်နေတာ၊ ငါ့အထင် ပြောရရင်တော့ သူ ငါ့ကို မနေ့ကတည်းက စိတ်ဝင်စားသွားပုံပဲ"

"အေး . . . အဲဒီလောက်မြန်မြန် စိတ်ဝင်စားသွားလို့ ငါတို့ကလည်း စိုးရိမ်တာ၊ နင့်ကို Model ဖြစ်အောင် လုပ်ပေးနိုင်တယ်လို့ ပြောတဲ့စကားကလည်း မက်လုံးပေးသလိုမျိုးကြီး၊ နင်နဲ့သူ အရွယ်ကလည်း အရမ်းကွာလွန်းတယ်၊ နင်က အခုမှ ကလေးသာသာပဲ ရှိသေးတာ၊ သူက အရမ်းကို ပါးနပ်တတ်ကျွမ်းပြီးသား လူတစ်ယောက်၊ သူ့ပုံစံက မိန်းကလေးတွေရဲ့ အထာကို ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်ကျင် နပ်ပြီးသား လူတစ်ယောက်ပုံစံမျိုးလို့ ငါထင်တယ်၊ မိုးဦးည . . . နင် စွတ်တော့ မယုံနဲ့နော်၊ ဘာပဲဖြစ်ဖြစ် ငါတို့နဲ့ အမြဲတမ်းတိုင်ပင် . . . ကြားလား၊ ငါတို့နဲ့ အဆက်မပြတ်စေနဲ့၊ နောက်ပြီး . . . တစ်ခု အရေးကြီးတာ မှာထားရဦးမယ် . . . သူ ဘယ်ကိုခေါ်ခေါ် နင်တစ်ယောက်တည်း လိုက်မသွားရဘူးနော်၊ ငါတို့ အမြဲ ပါပစေ . . . ကြားလား၊ နင် နာမည်ကြီး အဆိုတော်တစ်ယောက်နဲ့ တွဲရ နည်းလားဆိုတဲ့ သဘောမျိုးနဲ့ ဘဝတွေမေ့ပြီး ငါတို့ကို မေ့မထားနဲ့၊ နင် ဒုက္ခရောက်မှာစိုးလို့ ငါတို့က သတိပေးနေရတာ . . . ကြားလား"၊

လိမ္မာက လူကြီးသူမ စတိုင်ဖြင့် စိုးရိမ်တကြီး ပူပူပန်ပန် ဆုံးမနေသည်ကို မိုးဦးညမှာ ရယ်လည်းရယ်ချင် . . . ရယ်လည်း မရယ်ရဲဘဲ မျက်နှာပိုးကလေးသပ်ကာ အသာ နေနေရသည်။ သူတို့တွေ ဘယ်လောက်ပဲ . . . စိတ်ပူ





ကြောင့် ကြနေကြပေမဲ့ မိုးဦးညကတော့ သူ့အပေါ်မှာ နည်းနည်းကလေးမှ သံသယမဝင်မိပါ။ သူဟာ မိန်းကလေးတွေများစွာရဲ့ စိတ်ကူးယဉ် အိပ်မက်သခင်တစ်ယောက် ဖြစ်သည်။ သူ့ရဲ့ဘေးမှာသာ နေခွင့်ရမည်ဆိုလျှင် တန်းစီပြီး စောင့်နေမည့် မိန်းကလေးတွေ မရေတွက်နိုင်အောင်ပဲ ရှိမှာပါ။ သူ့ရဲ့ ရုပ်ရည် . . . သူ့ရဲ့ အောင်မြင်ကျော်ကြားမှု . . . သူ့ရဲ့ အပြောကောင်းမှုတို့ဟာ မိန်းကလေးတိုင်းရဲ့ နှလုံးသားကို အလွယ်တကူပဲ ဆုပ်ငင်ခြူခြုံးနိုင်မှာပါ။ မိုးဦးညကတော့ သူ့ကို အလွန်ခမ်းနားသော လှေကားကြီးတစ်ခုအဖြစ် မြင်မိသည်။ အဲဒီလှေကားကို အသုံးပြုပြီး တက်သွားမည်ဆိုလျှင် တစ်ချိန်ချိန်မှာ မိုးဦးညသည် အမြင့်ဆုံး တစ်နေရာဆီသို့ ရောက်မှာ မလွဲပင်။ ထိုအခွင့်အရေးကြီးကို ဘယ်သူတွေ ဘာပဲပြောပြော မိုးဦးညက သံသယ ပူပင်ကြောင့်ကြမှုများဖြင့် လက်လွှတ် အဆုံးအရှုံး မခံချင်ပါ။ မိုးဦးညရဲ့ အိပ်မက်သည် တစ်နေ့နေ့မှာ အောင်မြင်ကျော်ကြားတဲ့ Model တစ်ယောက် ဖြစ်လာဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိုးဦးညရဲ့ အိပ်မက်ကို တကယ်ဖြစ်လာအောင် ဖန်ဆင်းပေးနိုင်သူမှာ ကိုနေသန်မှ လွဲပြီး တခြား ဘယ်သူမှ မဖြစ်နိုင်။

ဖြူစင် . . . ယုယနှင့် လိမ္မာတို့ တစ်ယောက်တစ်ခွန်း စိုးရိမ်လိုက်၊ ပူပန်လိုက်၊ သတိတွေပေးလိုက်၊ သံသယတွေ ဖြစ်လိုက်နှင့် အမျိုးမျိုး ပြောနေကြသော စကားတွေသည် မိုးဦးည၏ ဒီဘက်နားမှ အသာအယာ ဝင်လာခဲ့ကြကာ ဟိုဘက်နားမှ အလွယ်တကူပင် ပြန်၍ စိမ့်ထွက်သွားကြသည်။ မျက်နှာကလေးကိုတော့ မှင်သေသေကလေး လုပ်ထားကာ သူတို့ပြောသမျှကို အလေးအနက် နာယူမှတ်သားနေသည့် သဖွယ် ခေါင်းကလေး တညိတ်ညိတ် လုပ်နေရသော်လည်း မိုးဦးည၏ အာရုံတစ်ခုလုံးကို လွှမ်းမိုးထားသည်က ကိုနေသန်၏ အပြုံးမျက်နှာတစ်ခုတည်းသာ ဖြစ်သည်။

◂◂ ✠ ▸▸



# အခန်း (၃)

ညမွှေးလေပြေ၏ Secretary က သူ့ကို သာမန်ကာလျှံကာ လှမ်းကြည့်လျက် . . .

"မမနဲ့ appointment ယူထားလို့လား"

ဟု ခပ်တည်တည် မေးနေသည်ကို သူ ဘာပြန်ပြောရမှန်းမသိဘဲ ခေါင်းတစ်ချက်ကုတ်လိုက်ကာ . . .

"ဟင့်အင်း . . . appointment တော့ ယူမထားဘူး ခင်ဗျ . . . ဒါပေမယ့် ကျွန်တော့်ကို အချိန်မရွေး လာတွေ့လို့ရတယ်လို့ ပြောထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အိုးတိုးအမ်းတမ်း အမူအရာဖြင့် အဖြေပေးလိုက်မိသည်။ စိတ်ထဲမှာလည်း တော်တော်လေးတော့ သိမ်ငယ်သွားသည်။ ငါ့နှယ် ဘာဖြစ်လို့ တစ်ပတ်ချည်းများတောင် ကြာအောင် အချိန်ဆွဲခဲ့မိပါလိမ့် . . . ဟု ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်ချင်စိတ် ပေါက်သွား၏။ နောင်တလည်း ရချင်လာသည်။ အခုလောက်ဆို မမ ညမွှေးလေပြေက အနီးရင့်ဆိုသောသူလို မဖြစ်စလောက် ဘာမှမဟုတ်သော ကျောင်းတစ်ကောင်ကို အာရုံထဲမှာတောင် ရှိပါတော့မလား မသိ။ အဲဒါ သူကိုယ်သူ အထင်ကြီးပြီး ဘဝင်မြင့်လိုက်မိသည့်အတွက် ရလိုက်သော ပြစ်ဒဏ်ပဲ ဖြစ်သည်။

"ကဲ . . . ရှင့်နာမည် ပြောပါ၊ ကျွန်မ မမဆီ လှမ်းမေးပေးပါ့မယ်၊ ဒါပေမယ့် များသောအားဖြင့်တော့ မမက appointment ကြိုယူမထားဘဲ တွေ့လေ့မရှိဘူး၊ အဲဒီလို appointment ယူမထားဘဲ ပြုန်းစားဒိုင်းစားကြီး လာတွေ့တတ်တာကိုလည်း သဘောကျလေ့မရှိဘူး"





"ကျွန်တော့်နာမည် . . . အနီးရင့်ပါ"

"ကောင်းပြီ . . . ဟိုရှေ့က ဧည့်ခန်းထဲမှာ ခဏ သွားထိုင်စောင့်ပေးပါ၊ ကျွန်မ မမဆီ လှမ်းပြောပေးပါ့မယ်"

မမ ညမွှေးလေပြေရဲ့ ရုံးခန်းကြီးက ခမ်းနားထည်ဝါလွန်းလိုက်တာ။ ပြည်လမ်းမပေါ်မှာ ခြံဝန်းကျယ်နှင့် နှစ်ထပ်တိုက်တစ်လုံးမှာ ရုံးခန်းဖွင့်ထားခြင်း ဖြစ်သည်။ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေရင်း သူ့ စိတ်လှုပ်ရှားကာ အေးစက်မွှေးပျံ့နေသော Air Con အခန်းထဲမှာတောင် သူ ချွေးပျံချင်လာသည်။ အကယ်၍ မမ ညမွှေးလေပြေကများ မတွေ့ဖူးဟု ငြင်းလိုက်လျှင် သူတော့ သွားပြီ။ သူ့အတွက် ဧရာမ အခွင့်အရေးတံခါးကြီး ပြုန်းခနဲ ပြန်ပိတ်သွားခဲ့ပြီ။ သူ့ကိုယ်သူ အပြစ်တင်မိဆဲ ခုနက secretary မကလေး၏ လေဒီရှူး အနက်ရောင် ချွန်ချွန်ကလေးက သူ့နံဘေးမှာ လာရပ်လိုက်သောကြောင့် သူ ဖျတ်ခနဲ မျှော်လင့်တကြီး မော့ကြည့်လိုက်မိသည်။ secretary မ,ကလေးရဲ့ မျက်နှာက စောစောကလို အေးတိ



www.burmeseclassic.com

www.burmeseclassic.com



အေးစက် သာမန်ကာလျှံကာ မျက်နှာထားမျိုး မဟုတ်တော့ဘဲ အနည်းငယ် သိမ်မွေ့ချိုသာသော အပြုံးကလေးတစ်ခု သူမ၏ နှုတ်ခမ်းလှလှကလေးဆီမှာ တပ်ဆင်ထားလျက် . . .

"ကိုအနီရင့် . . . ကျွန်မနဲ့ လိုက်ခဲ့ပါ၊ မမက ရှင်နဲ့ တွေ့မယ်တဲ့"

ဟု ပြောပြီး အရှေ့ကနေ ဒေါက်ဖိနပ်ချွန်ချွန် အသံကလေး တခွက်ခွက်မြည်လျက် ကြော့ကြော့မော့မော့ ကလေး လျှောက်သွား၏။ သူ ရင်တထိတ်ထိတ်ခုန်ကာ စိတ် လှုပ်ရှား ပျော်ရွှင်သွားလျက် သူ့ရဲ့ Design စာရွက်တွေ တွဲ ထားသော ဖိုင်ထူထူကို မ,လျက် သူမနောက်မှ ခပ်သွက်သွက် လိုက်လာခဲ့ရသည်။ secretary မ,ကလေးက မမညမွှေးလေပြေ ရဲ့ secretary ပီပီ Model ကလေးတစ်ယောက်လို အချိုး အဆစ် လှပပြေပြစ်ကြော့ရှင်းစွာ ဝတ်ထားသည်ကလည်း Fashion ကျကျ ဖြစ်သည်။ အဖြူရောင် ကော်လံထောင် ကုတ် အကျႌ လက်စကကလေးနှင့် မိုးပြာရောင်လွင်လွင် စကတ်





ဒူးဖုံးရုံကလေးကို ကြော့ရှင်းသပ်ရပ်စွာ ဝတ်ထားခြင်း ဖြစ် သည်။ သူမက အခန်းတံခါးကို အသာတွန်းဖွင့်ပေးလျက် သူ့ကို ဝင်သွားဖို့ လက်နှင့် အချက်ပြလိုက်ကာ တံခါးကို ပြန်ဆွဲပိတ်သွားသည်။ အခန်းဝမှာ သူ ခြေစုံရပ်နေမိရင်း မမ ညမွှေးလေပြေ၏ ခမ်းနားထည်ဝါသော ရုံးခန်း၏ အရှိန် အဝါက သူ့ကို လွှမ်းမိုးဖမ်းစားထားလိုက်သောကြောင့် သူ့ကိုယ်သူ သေးသေးမှုန်မှုန်ကလေး ဖြစ်သွားသလို ခံစားလိုက် ရသည်။ ရောမ မဟော်ဂနီရောင် ကျွန်းစားပွဲကြီးရဲ့နောက်မှာ Leather ဆုံလည်ကုလားထိုင်ရှည်ပေါ်မှာ မမညမွှေးလေပြေ က ထိုင်လျက် သူ့ကို မပြုံးမရယ် စူးစူးရှရှ လှမ်း၍ စိုက်ကြည့် နေသည်။ သူ မမကို တစ်ချက်ပြုံးပြလိုက်ရင်း . . .

"ကျွန်တော် မမနဲ့ ပြောထားတဲ့ ကိစ္စအတွက် လာခဲ့တာ ပါ၊ ကျွန်တော့်ရဲ့ Design စာရွက်တွေ အကုန်လုံး ဒီဖိုင် တွဲထဲမှာ ယူလာခဲ့ပါတယ် . . ."

"လာထိုင်လေ . . .



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မမ၏အသံက အမိန့်သံ ဆန်လှသည်။ သူက အမိန့်ကို နာခံသူတစ်ယောက်လို ကျိုးကျိုးနွံနွံပင် မမ၏ စားပွဲရှေ့က ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ရင်း မမ၏ ရှေ့သို့ သူ့ရဲ့ Design ဖိုင်တွဲကြီးကို လှမ်းပေးလိုက်သည်။ မမက သူ့ရဲ့ Design တွေကို တစ်ချက်ကလေးမှ လှမ်းမကြည့်ဘဲ. . .

"ဒီ Design တွေအားလုံး ငါ့ဆီမှာ ထားခဲ့လို့ရမလား"

ဟု မေးသဖြင့် သူ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ . . . ဒါဖြင့်ရင်လည်း ထားခဲ့၊ နေစမ်းပါဦး မင်း အခုလာတာ ဘာအတွက်လဲ . . ."

"ကျွန်တော် မမရဲ့လက်အောက်မှာ အလုပ်သင်ပဲဖြစ်ဖြစ် လုပ်ခွင့်ရချင်လို့ပါ၊ တစ်နည်းအားဖြင့် မမနဲ့ ပူးပေါင်းပြီး အလုပ် လုပ်ချင်လို့ပါ"

"မင်း ဘာဖြစ်လို့ တစ်ပတ်တောင် အချိန်ဖြုန်းလိုက်တာလဲ . . . အဲဒီတစ်ပတ်အတွင်းမှာ မင်း ဘာတွေ စဉ်းစားနေခဲ့သလဲ၊ ငါထင်ထားတာက မင်းကို ငါ မင်းနဲ့





တွေ့ပြီး နောက်တစ်ရက်မှာ မင်း ငါ့ဆီ လိုက်လာလိမ့်မယ်လို့ ထင်ထားခဲ့တာ၊ မင်းက ငါ့ရဲ့ ထင်မြင်ချက်ကို တက်တက်စင်အောင် လွဲစေခဲ့တာပဲ . . . နောက်ပြီးတော့ မလာတာလည်း မဟုတ်ဘူး၊ ငါ တစ်ခု ကြိုပြောထားမယ် . . . ငါက ဘာကိုမှ အချိန်ဆွဲတာ မကြိုက်ဘူး၊ ဖြစ်ချင်တာကို အခုချက်ချင်း ဖြစ်အောင် လုပ်လိုက်ရမှ ကြိုက်တာ၊ ဟန်ဆောင်တာတွေ . . . ညာတာတွေကို ငါ မကြိုက်ဘူး၊ အထူးသဖြင့် မရိုးသားတာကို ငါ လုံးဝ မကြိုက်ဘူး၊ သတ္တိရှိတာ . . . ရဲရဲပွင့်လင်းတာကိုပဲ ကြိုက်တယ်"

အခုမှ သူ သဘောပေါက်သွားသည်။ သူ တစ်ပတ် အချိန်ဆွဲထားခဲ့သည်ကို မမ စိတ်ခုနေပုံရသည်။

"ကျွန်တော်လည်း ချက်ချင်း လာချင်တာပါ . . . ဒါပေမယ့် ချက်ချင်းကြီး လိုက်လာရင် ငမ်းငမ်းတက် အလုပ်လိုချင်နေရာများ ကျသွားမလားလို့ပါ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြေမိဖြေရာ စိတ်ထဲရှိတဲ့အတိုင်း အမှန်အတိုင်း ဖြေလိုက်မိခြင်း ဖြစ်သည်။ သူ့အဖြေကြောင့် မမရဲ့ မျက်ခုံးတွေ ပင့်တက်သွားကာ . . .

"အခုရော မင်းလာတာ အလုပ်လိုချင်လို့ မဟုတ်ဘူးလား၊ အဲဒါ မင်း မရိုးသားတာပေါ့၊ ကိုယ် ဘာကို လိုချင်သလဲ၊ လိုချင်တာကို သိတာနဲ့ ရအောင်ယူတတ်ဖို့က အရေးကြီးဆုံးပဲ၊ ငမ်းငမ်းတက် အလုပ်လိုချင်တော့ရော ဘာဖြစ်သလဲ၊ မင်းလို အလုပ်မျိုး ငါ့ဆီမှာ ငါနဲ့ပူးပေါင်းပြီး လုပ်ချင်နေတဲ့ Designer တွေမှ အများကြီးပဲ၊ မင်းရှိရာဆီ ငါက မရောက်ရောက်အောင် လာခဲ့တယ် ဆိုကတည်းက မင်းအပေါ် ငါ ဘယ်လောက်အထိ မျှော်မှန်းထားသလဲဆိုတာ မင်း ရိပ်မိဖို့ကောင်းတယ်၊ အခုတော့ . . . မင်း တစ်ပတ်တောင် အချိန်ဆွဲလိုက်တာ မရိုးသားတာပဲ၊ ပြီးတော့ . . . ငါ့ကို စော်ကားရာလည်း ရောက်တယ်"





"အဲဒီလို သက်ရောက်သွားရင် ကျွန်တော် တောင်းပန်ပါတယ် မမ . . . ကျွန်တော် မရိုးသားရာတော့ ကျသွားပါတယ်၊ ဒါပေမယ့် မမကို စော်ကားချင်တဲ့စိတ် လုံးဝ မရှိပါဘူး . . . အဲဒါကိုတော့ ကျွန်တော် ကျိန်ပြောရဲပါတယ်၊ မမဟာ ကျွန်တော့်ရဲ့ Role Model တစ်ယောက်ပါ၊ မမကို စော်ကားဖို့ ကျွန်တော် ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ပါဘူး"

"ကဲ . . . ကောင်းပြီလေ . . . အဲဒါကို ထားလိုက်ပါတော့၊ မင်း ဒီ Design တွေကို မင်းစိတ်ကူးဉာဏ်နဲ့ မင်းဘာသာမင်း တီထွင်ပြီး ဆွဲထားတာလား . . . ဒါမှမဟုတ် နိုင်ငံခြား ကက်တလောက်တွေကနေ မှီငြမ်းပြီး စုတုပြုထားတာလားဆိုတာ ငါသိချင်တယ်"

မမရဲ့ မထင်မှတ်သော မေးခွန်းက သူ့နှလုံးသားကို ခပ်ဆတ်ဆတ် ရိုက်ပစ်လိုက်သလို မခံချင်စိတ်ဖြင့် သူ ဆတ်ခနဲ နာသွား၏။ ထို့ကြောင့် . . . မမကို သူ ခပ်ရဲရဲပင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်လိုက်မိကာ . . .

"အဲဒီ ဖိုင်ထဲက Design တွေအားလုံးဟာ ကျွန်တော့် စိတ်ကူးနဲ့ကျွန်တော် ဆွဲထားခဲ့တာတွေချည်းပါပဲ၊ နိုင်ငံခြားက Design တွေကို ကျွန်တော် လေ့တော့ လေ့လာပါတယ်၊ ဒါပေမယ့် . . . ကျွန်တော် ဘယ်တော့မှ Copy မလုပ်ဘူး၊ ဖြတ်ညှပ်ကပ်လည်း မလုပ်ဘူး၊ အဲဒီလို လုပ်ရင် ကျွန်တော့်ရဲ့ ပင်ကိုယ်အရည်အသွေးတွေ ပျောက်ဆုံးကုန်မှာပေါ့၊ ကျွန်တော်က ကျွန်တော်ပဲ ဖြစ်ချင်တာ . . . တခြား ဘယ်သူ့ရဲ့ အရိပ်ကိုမှ အလွှမ်းမိုး မခံချင်ဘူး၊ အဲဒါ ကျွန်တော့်ရဲ့ အနုပညာ မာနပဲ"

သူ ဆတ်ဆတ်ထိမခံ ပြောလိုက်သော စကားကြောင့် မမ စိတ်ဆိုးပြီး သူ့ကို အလုပ်မခန့်ချင်လျှင်လည်း နေပစေတော့ . . . ဟု သူ ကြိုပြီး ဆုံးဖြတ်ထားလိုက်သည်။ သို့သော် . . . မမျှော်လင့်ဘဲ သူ့ရဲ့စကားကြောင့် မမရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ထူးထူးခြားခြား ပေါ်လာကာ . . .





"အေး . . . အဲဒီ အနုပညာမာန ရှိတဲ့လူမျိုးကိုပဲ ငါက ကြိုက်တာ၊ ကောင်းပြီ မင်းကို ငါ့ဆီမှာ အလုပ်သင် Designer အဖြစ် အစမ်း သုံးလ ခန့်လိုက်မယ်၊ လခကို မင်း ဘယ်လောက် လိုချင်သလဲ"

သူ နည်းနည်းတော့ ရင်ခုန်သွားပါသည်။ သူ့တစ်သက်လုံး စိတ်ကူးယဉ် အိမ်မက်ခဲ့ရသော Designer ဆိုတဲ့ အလုပ်ကို သူ လုပ်ခွင့်ရတော့မည်။

"ကျွန်တော် မလုပ်ချင်တဲ့ စားပွဲထိုးအလုပ်ကို ကျွန်တော့်ရဲ့ စားဝတ်နေရေးအတွက် လုပ်နေရတာထက်စာရင် ကျွန်တော် ဖြစ်ချင်တဲ့ Designer အလုပ်ကို လုပ်ခွင့်ရတာကိုပဲ ကျွန်တော် ကျေနပ်နေပါပြီ၊ မမ . . . ကျွန်တော်နဲ့ ထိုက်တန်မယ်ထင်သလောက် ပေးရင် ကျွန်တော် ကျေနပ်ပါတယ် . . ."

မမက သူ့ရဲ့မျက်နှာကို တစ်ချိန်လုံး အကဲခတ်စိုက်ကြည့်နေခဲ့ခြင်း ဖြစ်သည်။ သူကသာ တစ်ချက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလွှဲချင် လွှဲမိမည် . . . မပကာတော့ သူ့ကို တစ်ချက်ကလေးမှ မျက်လုံး လွှဲဖယ်ခြင်း မပြုဘဲ စူးစူးစိုက်စိုက် စိုက်ကြည့်နေခဲ့ခြင်း ဖြစ်သည်။ မမရဲ့ မျက်ဝန်းတွေထဲမှာ အလွန်အင်အားကောင်းသော စွမ်းအင်တစ်မျိုး ပါဝင်သည်။

"အိုကေ . . . မင်းကို ငါ တစ်လတစ်သိန်းပေးမယ့် တစ်ရက်ကို မင်းရဲ့ Design ဆယ်ခု မှန်မှန် ငါလိုချင်တယ် . . . ဘယ်လိုလဲ . . . မင်း ဆွဲနိုင်ပါ့မလား"

"သိပ်ဆွဲနိုင်တာပေါ့ . . . မမ၊ ဒါပေမယ့် . . . ကျွန်တော် တစ်ခုတော့ ကြိုပြောထားချင်ပါတယ်၊ ကျွန်တော့်အလုပ်က စိတ်ကူးဉာဏ် ကွန့်မြူးပြီးမှ လုပ်ရတဲ့ အလုပ်မျိုးပါ၊ ကျွန်တော် ဈာန်ဝင်တဲ့နေ့တွေဆို တစ်နေ့ ဆယ်ခုမကလည်း ပြီးချင် ပြီးတတ်ပါတယ်၊ ဒါပေမယ့် . . . ကျွန်တော် စိတ်ဝင်စားလို့မရတဲ့နေ့မျိုးမှာ ကျွန်တော် ဘာမှ မဖန်တီးနိုင်တဲ့ အခါမျိုးလည်း ရှိတတ်ပါတယ်၊ အဲဒီအတွက်တော့ မမကို ကျွန်တော်





ကြိုပြီး ပြောထားချင်ပါတယ်"

"အဲဒီ ဈာန်ဝင်စားမှုကိစ္စကို ငါ လက်ခံပြီးသားပါ . . . ဒါပေမယ့် ငါ့ရဲ့ အတွေ့အကြုံတစ်ခု ပြောပြမယ်၊ အဲဒါ ငါ့ရဲ့ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်သေးတယ်၊ မင်းခေါင်းထဲ သေသေချာချာ အမြဲမှတ်ထား . . . အနုပညာသမားတစ်ယောက်ဟာ ဈာန်ဝင်စားမှ အလုပ် လုပ်နိုင်တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဈာန်ဝင်လာမဲ့အချိန်ကို ထိုင်ပြီး စောင့်နေစရာ မလိုဘူး၊ အလုပ် လုပ်နေရင်းနဲ့ အဲဒီဈာန်ကို မဝင် ဝင်လာအောင် ဆွဲခေါ်တတ်ဖို့ အရေးကြီးတယ်၊ ဒီနေ့အထိ ငါ နေ့တိုင်း အားသည်ဖြစ်စေ . . . မအားသည်ဖြစ်စေ . . . ဘယ်လောက်ပဲ အလုပ်ရှုပ်နေပါစေ၊ မအိပ်ရရင် နေပစေ အိပ်ချိန်ထဲကဖဲ့ပြီး တစ်နေ့ကို Design ဆယ်ခု မပြီးပြီးအောင် အမြဲတမ်း ဆွဲလေ့ရှိတယ်၊ အဲဒါ ငါ့ရဲ့ လျှို့ဝှက်ချက်ပဲ၊ အဲဒီ Design တွေထဲက ငါ သိပ်ကြိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိမယ် ... ကြိုက်ချင်မှလည်း ကြိုက်မယ်၊ ဒါပေမယ့် တစ်နေ့ကို Design ဆယ်ခုတော့ မပြီး ပြီးအောင် ငါ ဆွဲလေ့ရှိတယ်၊ ဆွဲရင်းနဲ့ ဈာန်ဝင်စားသွားတတ်တာက များတယ်၊ အဲဒါကြောင့် မင်းကို ကြိုပြောထားမယ် ... ကိုယ့်အလုပ်ကို မပြီးစေတဲ့ ဆင်ခြေမျိုး ငါ မလိုချင်ဘူး၊ အလုပ်ပြီးအောင် လုပ်မယ်ဆိုတဲ့ ရဲရင့်ပြတ်သားတဲ့ သန္နိဋ္ဌာန် ရှိတာကိုပဲ ငါ လိုချင်တယ်"

သူ မမကို တကယ်ပဲ ဖျားသွားခဲ့ပါသည်။ မမဟာ တော်ရုံတန်ရုံ မိန်းမတစ်ယောက်တော့ မဟုတ်ပါ။ အဲဒီလောက် ကြိုးစားအားထုတ်လွန်းခဲ့လို့လည်း အခုအချိန်မှာ ထိပ်ဆုံးဆိုတဲ့ နေရာတစ်နေရာမှာ ရပ်တည်နေနိုင်တာပေါ့။ မမ မာနကြီးမည် ... ဘဝင်မြင့်မည် ဆိုလျှင်လည်း ကြီးလောက် ... မြင့်လောက်အောင် ထိုက်တန်တဲ့ အရည်အချင်းတွေ ... အစွမ်းအစတွေ မမမှာ ရှိပါသည်။

"ကျေးဇူးပဲ မမ ... မမရဲ့ လို့ျဝှက်ချက်ကို ပြောပြခဲ့





တဲ့အတွက်ပါ၊ ကျွန်တော် ကတိပေးပါတယ် ... ကျွန်တော် ဘယ်တော့မှ ဈာန်မဝင်စားလို့ဆိုတဲ့ ဆင်ခြေမျိုး မမကို ပေးတော့မှာ မဟုတ်ပါဘူး၊ ကျွန်တော် စိတ်ဝင်စားသည်ဖြစ်စေ ... စိတ်မဝင်စားသည်ဖြစ်စေ ကျွန်တော့်အလုပ်ကို ကျွန်တော် ပြီးအောင် လုပ်ပါ့မယ်"

"ကောင်းပြီ ... မင်းသွားလို့ရပြီ၊ မနက်ဖြန် ၉-နာရီ အတိမှာ မင်းကို ရုံးမှာ မြင်ချင်တယ် ... ဟုတ်ပြီနော်"

"ဟုတ်ကဲ့ ... မမ၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

သူ မမရဲ့ အခန်းထဲမှ ပြန်ထွက်လာသောအခါ သူ့ရင်ထဲက အလွန်လေးလံသော အလေးကြီးတစ်ခု ဝုန်းခနဲ ပြုတ်ကျသွားသလို ရင်ထဲမှာ လှစ်ခနဲ ပေါ့ပါးပျော်ရွှင်သွားသည်။ မမရဲ့ အရှိန်အဝါက သူ့ကို အဲဒီလောက်တောင် ဖိစီးတာပါလား။ ဘာပဲဖြစ်ဖြစ် သူ မမရဲ့ အလုပ်သင် Designer



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်ခဲ့ပြီ။ သူ့ရဲ့ အိပ်မက်သည် ရေးရေးကလေး လှုပ်ရှား အသက်ဝင်လာခဲ့ပြီ။ အဲဒီအတွက် မမကို သူ ဘယ်လို ကျေးဇူးတင်မိမှန်း မသိ။ မျက်နှာထား တည်တည်နှင့် မင်းနဲ့ငါ ပြောတတ်သော ... အထက်စီးဆန်ကာ ရင့်ကျော်ဟန် ပေါက်သော ... အလုပ် လုပ်ရာမှာ ပြတ်သားတိကျ သော... အမှား မခံတတ်သော ... ခွဲကောင်းသော ... အလွန် မာကျော့စူးရှသော မမကို အခုကတည်းက ငယ် ကြောက်တစ်ယောက်လို ကြိုတင်ပြီး ကြောက်ရွံ့နေနှင့်ခဲ့ပြီ။



တံခါးခေါက်သံ သဲ့သဲ့ကြောင့် ဧည့်ခန်းထဲမှာ မိသားစုသုံးယောက်သား Korea ဇာတ်လမ်းတွဲ ထိုင်ကြည့်နေ ရာမှ မိုးဦးညက အခန်းတံခါးကို ထ၍ ဖွင့်ပေးလိုက်သည်။ တံခါးဝမှာ ရပ်နေသူကို မြင်လိုက်ရချိန်မှာတော့ နှလုံးခုန်ရပ် မတတ် ထိတ်လန့်အံ့ဩသွားကာ မျက်လုံးကလေးတွေ ဝိုင်း စက်ပြူးကျယ်သွားရရင်း လက်ကလေးနှစ်ဖက်ကို နှုတ်ခမ်း ကလေးဆီမှာ အုပ်ကွယ်ထားလိုက်မိကာ ...

"ဟောတော့ ... ကိုနေသန်ပါလား ... ဘာလာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာလဲဟင် ညဘက်ကြီး"

ဟု တအံ့တဩကလေး မေးလိုက်မိတော့ နေသန်က သူ့ထုံးစံအတိုင်း နူးညံ့သိမ်မွေ့သော အပြုံးကလေးနှင့် မိုးဦးညကို ရွှန်းရွှန်းစားစား ငေးစိုက်ကြည့်ရင်း . . .

"မိုးဦးညလေးရဲ့ ဖေဖေနဲ့ မေမေ့ကို လာတွေ့တာပါ။ ကိုယ့်ကို ဝင်ခွင့်ပေးမလားဟင်"

ဟု မေးနေသဖြင့် မိုးဦးညက ကိုယ်ကလေးကို ယို့လျက် တံခါးဝမှ ဖယ်ပေးလိုက်ကာ . . .

"အို . . . ဝင်ပါ . . . လာပါ။ ဖေဖေနဲ့ မေမေ . . . ဒီမှာ ဖေဖေနဲ့ မေမေ့ကို တွေ့ချင်လို့တဲ့၊ သူက အဆိုတော် ကိုနေသန်လေ"

ဟု ဖေဖေနဲ့ မေမေ့ကိုပါ တစ်လက်စတည်း လှည့်ပြီး အသိပေး မိတ်ဆက်လိုက်ရသည်။ စိတ်ထဲမှာ သူ ရောက်လာလိမ့်မည်ဟု လုံးဝ မျှော်လင့်မထားဘဲ ဖြုန်းစား ဒိုင်းစားကြီး ရောက်ရှိလာသည်ကို အံ့လည်းဩ . . . နားမ





လည်နိုင်လည်းဖြစ်ကာ ရင်တွေ တဖျပ်ဖျပ် ခုန်လာလျက် ဖေဖေနှင့် မေမေ့ကိုလည်း မျက်နှာပူ ရှက်ရွံ့မိလျက်ရှိသည်။ ဖေဖေနှင့် မေမေကလည်း သူတို့ ဘယ်လိုမှ မျှော်လင့်မထားသော ဧည့်သည်အတွက် တအံ့တဩ ရှုံ့တိုးရှုန့်တန့်တွေ ဖြစ်ကုန်ကာ . . .

"ဪ . . . အဆိုတော် နေသန်ပဲ၊ ဖေဖေတို့ သိပါတယ်၊ လာလေ . . . လာပါ . . . ထိုင်ပါ၊ အခုချိန်ကတော့ ထုံးစံအတိုင်း Korea အချိန်လေ၊ Korea ရုပ်ရှင်တွေက တော်တော်စွဲတယ်ဗျ"

ဖေဖေက ဘာပြောရမှန်း မသိတာနှင့် သူ့ကို လှမ်းကြို့ဆို နှုတ်ဆက်ရင်း Korea ရုပ်ရှင်ဆီသို့သာ ခေါင်းစဉ်တပ်လိုက်သည်။ မေမေကလည်း သူ့ပရိသတ်မို့ သူ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာတာကို အံ့ဩဝမ်းသာနေသန်ဖြင့် . . .

"လာပါ . . . လာပါ . . . ထိုင်ပါ . . . မောင်နေသန်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီတို့က မောင်နေသန်ရဲ့ ပရိသတ်တွေပါ၊ မောင်နေသန်ရဲ့ သီချင်းတွေဆို အားလုံး အသဲစွဲပဲ၊ အိမ်မှာ သမီးက ဖွင့်လိုက်ရင် မောင်နေသန့်သီချင်းပဲ၊ အခု Hip-Hop တွေ ခေတ်စားနေတာတောင် သူက မဖွင့်ဘူး၊ မောင်နေသန့်သီချင်းတွေပဲ ဖွင့်လေ့ရှိတာ၊ အခုလို အရှင်လတ်လတ်ကြီး လူချင်းတွေ့ရလိမ့်မယ်လို့ ထင်တောင်မထားဘူး၊ ခဏလေးနော် . . . အန်တီ ကော်ဖီဖျော်လိုက်ဦးမယ်"

မိသားစုတွေအားလုံး ကစဥ့်ကလျား ဖြစ်လျက် တစ်ယောက်တစ်မျိုး စိတ်လှုပ်ရှားလျက်ရှိကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ကြောင်အမ်းအမ်းတွေ ဖြစ်ကုန်သည်ကို သူက ယဥ်ကျေးချိုသာစွာ ပြုံးရယ်လျက် . . .

"ဟာ . . . နေပါစေ အန်တီ၊ ကျွန်တော် အခုပဲ ကော်ဖီဆိုင်ကနေ ထွက်လာခဲ့တာပါ၊ မပြောမဆိုဘဲ ဖြုန်းစားဒိုင်းစားကြီး ရောက်ချလာတဲ့အတွက် ကျွန်တော့်ကို





ခွင့်လွှတ်ပါနော် . . . လူကြီးတွေကို မလေးစားရာများ ကျနေသလား မသိဘူး၊ တကယ်ဆို ကျွန်တော် မိုးဦးညလေးကနေ ကြိုပြီး ခွင့်တောင်းထားဖို့တော့ ကောင်းပါတယ် . . . ဒါပေမယ့် ကျွန်တော့်စိတ်ထဲက အခုချက်ချင်း အန်တီတို့ . . . အန်ကယ်တို့နဲ့ တွေ့ပြီး စကားပြောချင်စိတ် ဖြစ်လာတာနဲ့ ချက်ချင်း ရောက်လာခဲ့တာပါ"

"ဘာအကြောင်းများရှိလို့လဲ . . . မောင်နေသန်"

မေမေနှင့် မေမေတို့က သူ့မျက်နှာဆီ စိတ်ဝင်တစား ခပ်စူးစူးကြည့်လျက် သူ ဘာပြောမလဲဆိုတာကို နားစွင့်နေကြသည်။ မိုးဦးညလည်း သူ ဘာများ ပြောလိုက်မလဲဟု စိုးရိမ်တကြီး နားစွင့်နေမိသည်။ သူက မိုးဦးညဆီ ခပ်ပြုံးပြုံး လှမ်းကြည့်လျက် . . .

"ကျွန်တော်နဲ့ မိုးဦးညလေးက သူငယ်ချင်းတွေဆိုပါတော့ အန်ကယ် . . . သူ့ကို ကျွန်တော်က သူ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ချင်ဆုံးက ဘာလဲလို့ မေးကြည့်မိတော့ သူက အောင်မြင်ထင်ရှားတဲ့ Model တစ်ယောက် ဖြစ်ချင်တယ်လို့ ဖြေပါတယ်၊ ကျွန်တော် သူ့ကို သူဖြစ်ချင်တဲ့အတိုင်း Model လောကမှာ အောင်မြင်ထင်ရှားလာတဲ့အထိ မြေတောင်မြှောက်ပေးပါ့မယ်လို့ သူ့ကို ကတိပေးခဲ့ပါတယ်၊ ကျွန်တော့်ကတိအတိုင်း တကယ်လည်း သူ့ကို ပြုစုပျိုးထောင်ပေးချင်ပါတယ်၊ အဲဒီအတွက် အန်တီနဲ့ အန်ကယ့်ဆီမှာ ကျွန်တော် လာပြီး ခွင့်တောင်းတာပါ”

သူ့စကားကို ဖေဖေရော မေမေပါ အံ့အားတသင့် နားထောင်နေခဲ့ပြီးနောက် မိုးဦးညဆီ ပြိုင်တူလိုလို လှမ်းကြည့်လိုက်ကြသည်။

“သမီးက Model တစ်ယောက် တကယ်ဖြစ်ချင်တာလား”

ဟု ဖေဖေက မေးလျှင် မိုးဦးညသည် မျက်နှာ





ကလေးကို အလေးအနက်ထားကာ . . .

“ဟုတ်ကဲ့ . . . ဖေဖေ၊ သမီး Model တစ်ယောက် ဖြစ်ချင်တာပါ၊ ရိုးရိုးသာမန် Model တစ်ယောက် မဟုတ်ဘူး ဖေဖေ၊ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားတဲ့ Model တစ်ယောက် ဖြစ်ချင်တာ၊ သမီး Model သင်တန်းတွေ တက်ချင်တယ်၊ အဆက်အသွယ်ကောင်းတွေ ရချင်တယ် ဖေဖေ၊ အဲဒီအတွက် ကိုနေသန်က အားလုံး ကူညီပေးမှာ”

ဟု အဖြေပေးလိုက်သည်။

“မောင်နေသန်က သမီးအတွက် ဘာတွေ လုပ်ပေးမှာလဲ . . .”

ဟု ဖေဖေက မေးလျှင် သူက ပြုံးလျက် . . .

“ကျွန်တော် သူ့ကို နာမည်ကြီး Talent & Models သင်တန်းမှာ အပ်ပေးချင်ပါတယ်၊ Model တစ်ယောက် ပီသစွာ ပြမူနေထိုင်တတ်ဖို့ပါ . . . ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို Professional Photographer နဲ့ Studio တစ်ခုမှာ ဓာတ်ပုံတွေ ရိုက်ယူချင်ပါတယ်၊ ပြီးရင် အဲဒီဓာတ်ပုံတွေကို ကျွန်တော်နဲ့ ရင်းနှီးခင်မင်နေတဲ့ မဂ္ဂဇင်းတွေ . . . ဂျာနယ်တွေမှာ မျက်နှာဖုံးဓာတ်ပုံ အသုံးပြုပေးဖို့ ကျွန်တော် အကူအညီတောင်းမှာပါ၊ သူ့ပုံတွေ တော်တော်များများ မျက်နှာဖုံးတွေမှာ ပါလာပြီးတဲ့အခါ ကျွန်တော့်ရဲ့ သီချင်းခွေ အသစ်ကြော်ငြာအတွက်ရော . . . ပြီးတော့ ကျွန်တော့်ရဲ့ သီချင်း VCD တွေထဲမှာ သူ့ကို သရုပ်ဆောင်လုပ်ခိုင်းဖို့ ကျွန်တော် စိတ်ကူးထားပါတယ်၊ ပြီးတော့ . . . တခြား ကျွန်တော်နဲ့ ရင်းနှီးနေတဲ့ အဆိုတော်တွေရဲ့ VCD အခွေတွေမှာလည်း သူ့ကို သရုပ်ဆောင်လုပ်ခိုင်းဖို့ ကျွန်တော် ရည်ရွယ်ထားပါတယ်၊ အဲဒီလို သူ့ရဲ့ ပုံတွေ နေရာအနှံ့အပြားမှာ နေရာယူလာပြီဆိုရင် သူ အောင်မြင်ဖို့ သိပ်မခက်ခဲတော့ပါဘူး၊ သူ့ကို စီးပွားရေး လုပ်





ငန်းရှင်တွေက သတိထားမိလာမယ် . . . အနုပညာနယ်ပယ်ထဲက လူတွေ . . . စာနယ်ဇင်းသမားတွေ အားလုံး သူ့ကို အာရုံစိုက်လာမယ်၊ အဲဒီအခြေအနေထိ ရောက်အောင် ကျွန်တော် အစစအရာရာ တာဝန်ယူပြီး စီစဉ်ပေးမှာပါ"

"မောင်နေသန် အဲဒီလို လုပ်ပေးမယ်ဆိုရင်တော့ သိပ်ကို ကျေးဇူးတင်စရာပဲပေါ့၊ သမီးအတွက်လည်း သေချာတဲ့ အောင်မြင်မှုလမ်းတစ်ခုပေါ် ရောက်သွားနိုင်တာပေါ့ . . . ဒါပေမယ့် အန်ကယ်သိချင်တာလေး တစ်ခု ရှိလို့ပါ၊ အဲဒါတွေကို သမီးအတွက် ဘာဖြစ်လို့ မောင်နေသန်က လုပ်ပေးမှာလဲ . . . ဘာအတွက်လဲ၊ မောင်နေသန့်မှာ ဘာရည်ရွယ်ချက်များ ရှိသလဲ၊ အဲဒါလေးတော့ အန်ကယ်က သမီးရဲ့ အဖေတစ်ယောက်အနေနဲ့ သိချင်လို့ပါ"

ဖေဖေ့မေးခွန်းကို သူ ဘယ်လိုများ ဖြေလိုက်မလဲ

www.burmeseclassic.com



ဟု မိုးဦးညက သူ့ဆီ စိတ်ဝင်တစား လှမ်းကြည့်လိုက်မိတော့ သူ့မျက်နှာက လေးနက်တည်ငြိမ်သွားကာ . . . ဖေဖေ့ရဲ့ မျက်ဝန်းများဆီသို့ ရင်ဆိုင်ကြည့်ရင်း . . .

"ကျွန်တော့်မှာ မရိုးသားတဲ့ ရည်ရွယ်ချက် ဘာမှ မရှိပါဘူးခင်ဗျာ . . . အဲဒါကိုတော့ ကျွန်တော် အခု ကတည်းက ကတိပေးရဲပါတယ်၊ ကျွန်တော် သူ့ကို တစ်နေ့မှာ တောက်ပအရောင်လက်လာမဲ့ ကျောက်ရိုင်းကလေးတစ်ပွင့်လို့ သတိထားမိတယ်၊ သူ ဖြစ်လာမယ် ဆိုတာကိုလည်း ကျွန်တော် အလိုလို သေချာနေတယ်၊ အဲဒီ သေချာမှုနဲ့ ကျွန်တော် သူ့ကို ပြုစုပျိုးထောင်ပေးချင်တာပါ၊ ကျွန်တော် သူ့အပေါ်မှာ အသုံးချဖို့ . . . ခုတုံးလုပ်ဖို့ ရည်ရွယ်ချက်တွေ ဘာတစ်ခုမှ မရှိပါဘူး၊ ကျွန်တော်က ဥယျာဉ်မှူးတစ်ယောက်ရဲ့ ဗီဇမျိုး ပါတယ် ထင်တယ် . . . လူတစ်ယောက်ကို သူဖြစ်ချင်တဲ့ ဆန္ဒ တစ်ခု အကောင်အထည် ပေါ်သွားအောင် ကျွန်တော်





တတ်နိုင်သမျှ ကူညီ အားပေးချင်တာမျိုးပါ၊ ကျွန်တော် ပြုစုပျိုးထောင်လိုက်တဲ့ အဲဒီ ကျောက်ရိုင်းကလေး တစ်ပွင့်ဟာ တစ်ချိန်ချိန်မှာ တန်ဘိုးမဖြတ်နိုင်လောက်အောင် အဖိုးအနဃ ထိုက်တန်တဲ့ ကျောက်မျက်ရတနာလေး တစ်ပွင့်အဖြစ် စင်ပေါ်မှာ သူ့ရဲ့ အရည်အသွေးကို ပြနိုင်ပြီဆိုရင် ကျွန်တော် ကျေနပ်ပါပြီ . . ."

သူ့ရဲ့ စကားလုံးတွေက မိုးဦးည၏ နှလုံးသားဆီသို့ ညင်သာလူးလွန့်စွာပင် စူးစူး ဝင်ရောက်လာခဲ့သည်။ အဲဒီလိုပဲ မေမေနှင့် မေမေရဲ့ နှလုံးသားတွေကိုလည်း ကိုယ်စီလှုပ်ခါပစ်လိုက်နိုင်စွမ်း ရှိခဲ့ပါသည်။ ဖေဖေ့မျက်နှာပေါ်မှာ ကြည်လင်ချိုမြသော အပြုံးတစ်ခု ပေါ်လာကာ . . .

"အခုလို ပွင့်ပွင့်လင်းလင်း သိခွင့်ရတဲ့အတွက် မောင်နေသန့်ကို သိပ်ကျေးဇူးတင်တယ်ကွာ၊ အန်ကယ့်သမီးကို မောင်နေသန့်ရဲ့လက်ထဲ အန်ကယ် ယုံကြည်စိတ်ချစွာနဲ့ အပ်လိုက်ပါတယ်၊ သမီး ဖြစ်ချင်တဲ့ အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့ Model တစ်ယောက် ဖြစ်လာတဲ့အထိ မောင်နေသန့် အစစအရာရာ ကူညီပေးပါကွာ၊ အဲဒီ ကျေးဇူးကို အန်ကယ်တို့ ဘယ်တော့မှ မမေ့ပါဘူး"

"အခုလို ကျွန်တော့်အပေါ် နားလည်ယုံကြည်ပေးတဲ့ အတွက်လည်း အန်ကယ့်ကိုရော . . . အန်တီ့ကိုပါ ကျွန်တော် ကျေးဇူးတင်ပါတယ်"

ထိုခဏမှာ မိုးဦးညတို့ရဲ့ ဧည့်ခန်းကလေးထဲမှာ နွေးထွေးချိုမြိန်မှုတွေ ပျံ့နှံ့သွားတော့သည်။ ဖေဖေ မေမေတို့နှင့် အတော်လေးကြာအောင် စကားလက်ဆုံကျပြီးနောက် ကိုနေသန့် နှုတ်ဆက်ပြီး ပြန်သွားလေသည်။ ကိုနေသန့် ပြန်သွားသောအခါကျမှ မေမေက မိုးဦးညကို တိုးတိုးတိတ်တိတ် မေးခွန်းတစ်ခု မေးခဲ့ပါသည်။

"နေပါဦး သမီး . . . သမီးနဲ့ မောင်နေသန့်တို့ ရိုးရိုးသားသား သူငယ်ချင်းတွေဆိုတာရော သေချာရဲ့လား မောင်နေသန့်က သမီးကိုများ စိတ်ဝင်စားနေသလား





လို့"

မေမေ့စကားကြောင့် မိုးဦးည မျက်နှာကလေး တစ်ခုလုံး ပူနွေးရှက်သွေးဖြန်းသွားကာ မေမေကလည်း . . . ဟု အော်ပြီး မေမေ့ကို ရင်မဆိုင်ဘဲ လှည့်ထွက်ပြေးလာခဲ့မိသည်။ အဲဒီလိုသာ ကိုနေသန့်က မိုးဦးညကို တကယ် စိတ်ဝင်စားနေခဲ့တာဆိုရင် သူမ ဘယ်လိုလုပ်ရမလဲ။ ကိုနေသန့်ဆိုတာ မိန်းကလေးတိုင်းက ချစ်ချင်ကြတဲ့ အိပ်မက်တစ်ခုပါ။ မိုးဦးညကလည်း သာမန် မိန်းကလေးတစ်ယောက်ပဲ။ စိတ်ကူး မယဉ်တတ်ဘဲ နေပါ့မလား။ ကိုနေသန့်သာ မိုးဦးညကို ချစ်နေခဲ့ရင် ဆိုသော . . . အတွေးသည် ထိုတစ်ညလုံး သူမ၏ အိပ်မက်ထဲအထိပါ . . . လိုက်ပါ လွှမ်းမိုး ဖြားယောင်းခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီရင့်အတွက် ပေးထားသော အလုပ်ခန်းက လေးမှာ မမည္မွေးလေပြေနှင့် မျက်နှာချင်းဆိုင် အခန်းက လေးဖြစ်သည်။ အခန်းကလေးက မမည္မွေးလေပြေရဲ့ စိတ်ကူးပဲ ဖြစ်လိမ့်မည်။ အနုပညာသမားတစ်ယောက်အဖို့ စိတ်ကူးဉာဏ် ကွန့်မြူးနိုင်အောင် . . . စိတ်ကို ကြည်လင်လန်းဆန်းနေအောင် . . . အခန်းကလေးထဲမှာ အနုပညာမြောက်အောင် ဖန်တီးစီစဉ်ထားပါသည်။ အခန်းက သိပ်အကျယ်ကြီးတော့ မဟုတ်။ ဒါပေမယ့် . . . သူတစ်ယောက်စာအတွက်





တော့ နေချင့်စဖွယ် လုံလောက်နေပြီ။ အခန်းထဲမှာ မှန်စားပွဲကြည်ကြည်တစ်လုံးနှင့် ကွန်ပျူတာတစ်လုံး . . . တယ်လီဖုန်းတစ်လုံးကို စားပွဲပေါ်မှာ တင်ထားသည်။ ပြီးတော့ . . . တစ်နေ့တစ်မျိုး အရောင် ပြောင်းလဲသွားတတ်သော နှင်းဆီပန်းအိုး ကြည်ကြည်ကလေးတစ်လုံး။ အခန်းနံရံမှာ အလွန်လှပသော ရှုခင်း ပန်းချီကားချပ် သေးသေးကလေးတွေ ချိတ်ဆွဲထားကာ အခန်းထဲမှာ Lavender မွှေးရနံ့ကလေးတစ်မျိုး အမြဲတမ်း သင်းပျံ့မွှေးကြိုင်နေတတ်သည်။ ပြီးတော့ . . . ရေပန်းကလေးတစ်ခု သူ့စားပွဲနံဘေးမှာ ထားထားပေးသဖြင့် ထိုရေပန်းကလေးဆီမှ ရေပန်းမွှားကလေးတွေကို ကြည့်ရင်းသူ့ စိတ်ကူးယဉ်ချင်တိုင်း ယဉ်လို့ရသေးသည်။ တစ်နေ့ တစ်နေ့ သူ့အလုပ်မှာ သိပ် များများစားစားကြီး မဟုတ် . . .။ မမပြောထားတဲ့အတိုင်း တစ်နေ့လျှင် Design ၁၀ခု ပြီးစီးအောင် အမျိုးမျိုး စိတ်ကူးဉာဏ် ကွန့်မြူးပြီး တီထွင်ရေးဆွဲရသော အလုပ်သာရှိသည်။ Design ပညာနှင့် ပတ်သက်ပြီးတော့ရော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားက Fashion Design တွေကို လေ့လာဖို့ အတွက်ရော မမပေးထားသော DVD အခွေတွေ . . . ပြီးတော့ Internet ထဲမှာလည်း စိတ်ကြိုက် ရှာဖွေ လေ့လာလို့ရသေးသည်။ သူ့အတွက် လုပ်စရာတွေကတော့ အများကြီး။ မမက သူ့ကို တစ်စက်ကလေးမှ အအားမထားပါ။ သူ့ရဲ့ ကွန်ပျူတာက Internet သုံးလို့ ရသည်မို့ Internet မှ တစ်ဆင့် နိုင်ငံတကာ Design တွေကို လေ့လာစေသည်။ ပြီးတော့ ကိုယ့်စိတ်ကူးနှင့် ကိုယ် Design ထွင်စေသည်။ ဘာပဲဖြစ်ဖြစ် ထိုအခန်းကလေး ထဲမှာ သူ ပျော်မွေ့တက်ကြွသည်ကတော့ အမှန်ပင်။ ထမင်း စားချိန် ရောက်လျှင် မမက အပြင်ဆိုင် တစ်ဆိုင်ဆိုင်မှာ ထွက်စားလေ့ရှိတတ်သည်။ ထိုအခါတိုင်း သူ့ကို မမနှင့်အတူ ထမင်းစားဖို့ ခေါ်သွားတတ်သည်။ ပထမတော့ သူ ငြင်းဖို့ကြိုး စားကြည့်ပါသေးသည်။ သို့သော် . . . သိတယ်မဟုတ်လား၊ မမက တစ်ခွန်းတည်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

"စကားမရှည်နဲ့ . . . ငါနဲ့အတူတူ ထမင်းလိုက်စားရ





လို့ မင်းရဲ့ ဂုဏ်သိက္ခာတွေ ထိခိုက် ပွန်းပဲ့သွားလို့လား"

ဟု မျက်နှာထားတည်တည်ဖြင့် ခပ်ဆတ်ဆတ် ဟောက်ပစ်လိုက်သောအခါ သူထပ်ပြီ မငြင်းဆန်ရဲတော့ပါ။ တကယ်တမ်းက မမလိုနာမည်ကြီး ဂုဏ်သရေရှိ အမျိုးသမီး တစ်ယောက်နှင့် သူလို ဘာမှမဟုတ်သော သာမည ကောင်လေးတစ်ယောက်က တစ်စားပွဲတည်း အတူတူတွဲထိုင် ပြီး ထမင်းလက်ဆုံစားရခြင်းကို ဘယ်လိုမှ မဝံ့ရဲနိုင်။ ဒါပေ မယ့်လည်း မမကို လေးစားကြောက်ရွံ့စိတ် တစ်ခုတည်းဖြင့် သူမမရှေ့မှာ မမနှင့်အတူ ထမင်းစားဖို့ အားထုတ်ရပါသည်။ သူ ဘယ်တော့မှ ထမင်းစားကို ဖြောင့်ဖြောင့် မစားနိုင်ပါ။ တစ်ခုခုက သူ့ခေါင်းပေါ်ကနေ စီးမိုး ဖိစီးထားသလို မမရဲ့ အရှိန်အဝါကြီးကြောင့် သူ့မှာ လွတ်လွတ်လပ်လပ် စိတ်ဖြောင့် လက်ဖြောင့် ထမင်းမစားနိုင်။ အရိုးသားဆုံးပြောရလျှင် မမ မှာထားသော ဟင်းခွက်ဆီသို့ပင် သူ လက်မလှမ်းရဲ။ မမက သာ သူ့ရဲ့ စိတ်ကျဉ်းကျပ် သိမ်ငယ်မှုကို သိနေသလိုပင် သူ့ပန်း



www.burmeseclassic.com

www.burmeseclassic.com



ကန်ထဲသို့ ဟင်းတွေ ဖွယ်ဖွယ်ရာရာ လှမ်းထည့်ပေးတတ်သည်။ အဲဒီလို ကျတော့လည်း မမက မဆိုးပါ။

တဖြည်းဖြည်း မမရဲ့နံဘေးမှာ အတူတူ တွဲသွားတွဲလာ ရှိလာရင်း မမကိုအနီးကပ် လေ့လာခွင့် ရလာတော့မှ မမဟာ အသားလွတ်ကြီးဘဝင်မြင့် မာနကြီး မောက်မာတတ်သော မိန်းမတစ်ယောက်မဟုတ်မှန်း သူ သိခွင့် ရလာခဲ့သည်။ မျက်နှာထားတည်တည်နှင့် သူမ လိုချင်တာ . . . ဖြစ်ချင်တာကို ရအောင်၊ ဖြစ်အောင် . . . ဖြစ်တဲ့နည်းနဲ့ လုပ်ယူတတ်တာကလွဲ၍ မမသည် သဘောကောင်း ကြင်နာတတ်သူ တစ်ယောက်ပါ။ ဒါပေမယ့် သူမသဘောကောင်းတာကို ဘယ်တော့မှ နူးညံ့ပျော့ပျောင်းစွာ မပြတတ်။ လေသံတင်းတင်း . . . မျက်နှာထား တင်းတင်းဖြင့်ပင် သူမ၏ စေတနာတွေကို သိသာစေသည်။ မမဘေးမှာ အတူနေခွင့်ရတော့မှ မမရဲ့စိတ်ကို တဖြည်းဖြည်း သူ သိနားလည်ခဲ့ရခြင်း ဖြစ်သည်။ အခုအချိန်မှာတော့ မမဆီက မင်းနဲ့ငါဆိုသော အရင်က ရင့်သီးသည်ဟု





ထင်ရသည့် အသုံးအနှုန်းသည် အခုတော့ သူ့အတွက် ယဉ်ပါးရိုးစင်းသွားခဲ့ပြီ။ မမဟာ သူ့ရဲ့ဆရာဆိုလည်းဟုတ် . . . ကျေးဇူးရှင်တစ်ယောက်ဆိုလည်း မမှားသလို သူ့ရဲ့ ဥယျာဉ်မှူးတစ်ယောက်ဟုလည်း ပြောလို့ရပါသည်။

မမ ဘယ်သွားသွား မမဘေးမှာ သူ အမြဲတမ်း လိုက်ပါခွင့် ရတတ်သည်မှာ အထူးအခွင့်အရေးတစ်ရပ် ဖြစ်သည်။ ထိုအခွင့်အရေးကို တခြား ဘယ်သူမှ မရတတ်ပါ။ အဘကြောင့် သူ့ကို အဲ့ဒီလို အထူးအခွင့်အရေး ပေးထားခဲ့မှန်းလည်း သူကိုယ်တိုင်နားမလည်သလို မမရဲ့ နံဘေးနားရှိလူတွေကလည်း မခန့်မှန်းရဲပါ။ အားလုံးက မမရဲ့ကွယ်ရာမှာတောင် မမအပေါ် မဝေဖန်ရဲလောက်အောင် မမရဲ့ အရှိန်အဝါကအားကောင်းလွန်းပါသည်။ မမက စည်းစနစ်အလွန်ကြီးကာ တစ်ခါတစ်ရံမှာ စိတ်မြန် စိတ်ဆတ်တတ်သူလည်း ဖြစ်သည်။ သူမ စိတ်မထင်လျှင် မထင်သလို အလုပ်သမားတစ်ယောက်ကို ချက်ချင်း အလုပ်ဖြုတ်ပစ်ဖို့ ဝန်မလေးချေ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း မမရဲ့ဝန်ထမ်းတွေ အားလုံးက မမအပေါ် ချစ်ကြောက် ရိုသေကြခြင်း ဖြစ်သည်။ တော်တည့်သူတစ်ယောက်ကို ချိုးမြှင့် မြှောက်စားဖို့လည်း မမက ဝန်မလေးပါ။ ဆုပေးဒဏ်ပေး စနစ်ကို ကျင့်သုံးတတ်သောကြောင့် မမကိုဆိုလျှင် တစ်ရုံးလုံးရှိ သူ့ဝန်ထမ်းတွေ ဖိတ်ဖိတ်တုန်အောင် ကြောက်ရွံ့ရခြင်း ဖြစ်သည်။ အဲဒီသူတွေထဲမှာ အနီရင့်လည်း တစ်ယောက်အပါအဝင် ဖြစ်လာခဲ့ပါသည်။

BURMESE CLASSIC .com



ကိုယ်ဖြစ်ချင်သော အလုပ်တစ်ခုကို လုပ်နေရသည့်အတွက် မိုးဦးည အလွန်ပျော်ပါသည်။ ကိုနေသန်ရဲ့ စီစဉ်မှုဖြင့် အခု Talent & Models မှာ သင်တန်းတက်ခွင့်လည်း ရခဲ့ပြီ။ အဲဒါအပြင် . . . နာမည်ကြီး Photographer တစ်ယောက်၏ Studio မှာ ဓာတ်ပုံတွေအများကြီး ရိုက်ခဲ့ရသည်။ အဲဒီ ဓာတ်ပုံတွေ သွားရိုက်ရသောနေ့က မိုးဦးညမှာ ရင်ခုန်ပျော်ရွှင်၍မဆုံး။ တစ်ညလုံးအိပ်လို့ပင် မပျော်နိုင်ခဲ့။ မနက်ဖြန်ဝတ်ရမည့် အဝတ်အစားတွေအတွက် ဖြူဖွေး



www.burmeseclassic.com

www.burmeseclassic.com



ယုယနှင့်လိမ္မာတို့ဆီမှာ ရှိသမျှ အဝတ်အစား အသစ်တွေ အကုန်စုငှားထားရသည်။ သူငယ်ချင်းတွေလည်း မိုးဦးညနှင့် အတူ လိုက်ပါခွင့်ရသဖြင့် သူတို့လည်း စိတ်လှုပ်ရှားကာ ပျော်ရွှင်လျက် ရှိကြသည်။ တစ်ခါမှ မိုးဦးညတို့ အဲဒီလို လှလှပပ အလှဓာတ်ပုံမျိုး ရိုက်မှ မရိုက်ဖူးခဲ့တာ။

နောက်တစ်နေ့ မနက်စောစောမှာ ကိုနေသန့် ကားဖြင့် ကိုနေသန်ကိုယ်တိုင် လာခေါ်ပါသည်။ မိုးဦးညတို့ လေးယောက်သား သူ့ကားပေါ်သို့ ပျာရှန်းရှန်းတက်လာခဲ့ကြသည်။

"မိုးဦးညလေး . . . ရှေ့မှာလာထိုင်လေ၊ အနောက်မှာ ကျပ်နေမှာပေါ့"

ဟု သူက ပြောသည်နှင့် မိုးဦးညက ရှေ့ခန်းသို့ ပြောင်းထိုင်ရသည်ကို အနောက်မှ ဖြူစင်တို့သုံးယောက်က မျက်စ မျက်နစ တွေနှင့် မဲ့ရွဲ့နေကြသေးသည်။

မိုးဦးညကို နာမည်ကြီးမိတ်ကပ်ပြင် ဆရာဆီမှာ





သူက အပ်ပေးထားခဲ့ပြီး ခဏပျောက်သွား၏။ ကျွမ်းကျင်ပါး နပ်သော မိတ်ကပ်ဆရာ၏လက်ရာဖြင့် မိုးဦးည၏ မျက်နှာက လေးက ကြွေရုပ်ကလေးတစ်ရုပ်လို ရုတ်တရက် ပြောင်းလဲ အသက်ဝင်ကာ လှချင်တိုင်း လှလာခဲ့သည်ကို မှန်ထဲမှာ တအံ့ တသြကြည့်ရင်း ဖြူစင်တို့က ရင်သပ်ရှုမော ဖြစ်နေကြသည်။ မိတ်ကပ်ဆရာကပင် . . .

"ညီမလေးက အရမ်းကို လှတာပဲ . . . မျက်နှာကလေး က သိပ်ပြင်စရာတောင် မလိုဘူး၊ ပြင်လိုက်တာနဲ့ ရုပ်က အရမ်းကို ထွက်လာတော့တာပဲ . . . ညီမလေး ရဲ့ ရုပ်က Photogenic ဓာတ်ပုံစားမဲ့ ရုပ်မျိုး၊ မျက်ခုံး မျက်လုံးတွေ . . . နှာတံနဲ့ နှုတ်ခမ်းတွေက ထင်းနေ တာပဲ၊ မျက်နှာကျပုံကလေးကလည်း Almond Shape ကလေး၊ ဒီလို ရုပ်မျိုးကလေးက International Model တွေရုပ်မျိုး၊ ညီမလေး တစ်နေ့အောင်မြင်မှာ သေချာ တယ်၊ ကိုနေသန်ကိုယ်တိုင် ကိုင်ပြီဆိုမှတော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



သံသယမရှိနဲ့ . . . သူတင်တဲ့ Model ဆိုပြီး သူ့အရှိန်အဝါနဲ့တင် ညီမလေးကို လူတွေ တော်တော်များများ စိတ်ဝင်စားလာမှာ . . . ဖိတ်ချ”

ဟု တဖွဲ့တနွဲ့ ချီးမွမ်းခန်း ဖွင့်၍ မဆုံးချေ။

မိတ်ကပ်ပြင်ပြီး သိပ်တောင် မစောင့်လိုက်ရဘဲ ကိုနေသန် ပြန်ရောက်လာသည်။ မိတ်ကပ်ပြင်ဆင်ပြီး ထူးထူးခြားခြား လှချင်တိုင်း လှနေသော မိုးဦးည၏မျက်နှာကလေးကို သူ တနင့်တမော ငေးကြည့်လိုက်ပုံက ဟန်ပင်မဆောင်နိုင်။

“ဟာ သိပ်လှတာပဲကွာ၊ ကိုယ် ထင်ထားတာထက်တောင် မိုးဦးညလေးကအများကြီး ပိုလှနေသေးတယ်၊ ကဲ . . . လာ သွားကြစို့”

မိုးဦးညက တီရှပ်အဖြူကလေးနှင့်ဂျင်းဘောင်းဘီ အပြာဖျော့ဖျော့ ဒူးဖုံးရုံကလေးကိုသာ ဝတ်ထားခြင်းဖြစ်သည်။

Studio သို့ရောက်တော့မှ သူက ကားနောက်ခန်း





ထဲကနေ အဝတ်အစားတွေ တစ်ပွေ့တစ်ပိုက်ကြီးကို ချိတ်တွေဖြင့် သွားဆွဲယူလာခဲ့သည်။ ဂါဝန်တွေ၊ စကပ်တွေ၊ စပို့ရှပ်ကိုယ်ကျပ်ကလေးတွေ လှလိုက်တဲ့ဖြစ်ခြင်း။ မိုးဦးညက မျက်လုံးကလေး အဝိုင်းသားဖြင့် . . .

“ကိုနေသန် . . . အဲဒီ အဝတ်အစားတွေက ဘယ်သူ့အတွက်လဲဟင် . . .”

ဟု မေးလိုက်မိတော့ သူက မိုးဦးညကို ရွှန်းရွှန်းစားစား ပြုံးကြည့်ရင်း . . .

“ဘယ်သူ့အတွက်ရမှာလဲ . . . မိုးဦးညလေးအတွက်ပေါ့၊ ကိုယ် ခုနကမှ သွားဝယ်လာတာ၊ ဓာတ်ပုံရိုက်ရင် အဝတ်အစားတွေက ဆန်းနိုင်သလောက်ဆန်းမှ . . . ဝတ်စုံများလေ ပိုကောင်းလေပဲ၊ ဒီအဝတ်အစားတွေ ဝတ်ပြီး ရိုက်နော်၊ ကိုယ် အဝတ်လဲခန်းထဲမှာ သွားထားပေးမယ်”

ဟု ပြောပြီး Studio ရှိအဝတ်လဲခန်းထဲမှာ သူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် သွားထားပေးလေသည်။ သူဝယ်လာသော ဂါဝန်တွေက အပျံစားတွေချည်း။ မိုးဦးညတို့ယူလာခဲ့သော ရိုးရိုးသာမန်ဝတ်စုံကလေးတွေနှင့် ဘာမှမဆိုင်ချေ။ ထိုဝတ်စုံကလေးတွေ လဲလိုက်တော့မှ မိုးဦးည၏အလှက ပိုပြီးတောက်ပဝင့်ထည်လာသရောင်။ အဲ့ဒီနောက်တော့ တစ်နေကုန် ဓာတ်ပုံတွေ အများကြီးပဲ ရိုက်ရသည်။ အဲဒီ အိပ်မက်ဟာ မိုးဦးည အမြဲတမ်း မက်ခဲ့သော အိပ်မက်တစ်ခု ဖြစ်ပါသည်။

ဓာတ်ပုံတွေ တစ်နေကုန်ရိုက်ရလို့ ပင်ပန်းသည်ရယ်လို့ မရှိ။ မိုးဦးညက ပျော်ချင်တိုင်းပျော်နေခဲ့သည်။ သူငယ်ချင်းတွေကလည်း ဘေးကနေ အဝတ်အစား ကူလဲပေးရ . . . ကူသိမ်းပေးရနှင့် အလိုလိုနေရင်း မိုးဦးညရဲ့ အထိန်းတော်တွေ ဖြစ်မှန်းမသိ ဖြစ်ကုန်ကြတော့သည်။

ဓာတ်ပုံတွေ ရိုက်ပြီးသွားသောအခါ သူက . . .

"ကဲ . . . မိုးဦးညလေးတို့ အားလုံး ပင်ပန်းသွားကြပြီ၊ ဒီနေ့ ညစာကို ကိုယ် Hotel မှာ လိုက်ကျွေးမယ်"





ဟု ဆိုသောအခါ မိုးဦးညတို့ လေးယောက်စလုံး ဟန်ဆောင်၍ပင် မငြင်းနိုင်ကြ။ ပင်လည်းပင်ပန်း ဆာလည်း ဆာနေပြီလေ။ သူက Sedona Hotel မှာ ဘူဖေး လိုက်ကျွေးပါသည်။ မိုးဦးညတို့ တစ်သက်မှာ Sedona Hotel လို နေရာမျိုးမှာ စားဖို့ဆိုတာ စိတ်ကူးကလေးတောင် မယဉ်နိုင်ခဲ့။ သူ့ရဲ့အရှိန်အဝါဖြင့် စားခွင့်ရကြခြင်းကို ဖြူစင်တို့က တသသ ပြော၍ မဆုံးနိုင်ကြ။ မိုးဦးညတို့ကို အိမ်တိုင်ရာရောက် ပြန်လိုက်ပို့ပြီးမှ သူ ပြန်သွားသည်။ ဖြူစင် . . . ယုယနှင့် လိမ္မာတို့ အားလုံး၏ ထင်မြင်ချက်မှာ တစ်ခုတည်း။

"သေချာတယ် မိုးဦးည . . . နင့်ကို ကိုနေသန်တော့ အသည်းအသန် ကြွေနေပြီ၊ သူ အသည်းအသန်ကြွေနေတဲ့ မိန်းကလေးမို့လည်း ဒီလောက်အထိအားကြိုးမာန်တက်တွေ လိုက်လုပ်ပေးနေတာပေါ့၊ ပြီးတော့ ဒီနေ့ နင့်ကိုဝယ်ပေးတဲ့ အဝတ်အစားတွေရဲ့ တန်ဘိုးက မနည်းလှဘူး၊ သိန်းနဲ့ချီနေမှာ၊ တော်ရုံ တန်ရုံစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားရုံနဲ့ အဲဒီလောက် သူ ရင်းနှီးမြှုပ်နှံမှာ မဟုတ်ဘူး၊ ငါတို့အတပ် ပြောရဲတယ်၊ သူ နင့်ကို စိတ်ဝင်စားနေလို့ သာ နင်ဖြစ်ချင်တဲ့ Model တစ်ယောက် ဖြစ်လာတဲ့အထိ သူ မြေတောင်မြှောက်ပေးမှာ၊ နင် ဖြစ်လာတဲ့ အခါကျတော့ ကြည့် . . . နင့်ကို သူ ချစ်နေပါတယ်လို့ဖွင့် မပြောလာရင် ငါတို့ ဇက်ဖြတ်ခံရဲတယ် . . . သိလား"

ဖြူစင်က အသေအချာကြီး ပိုင်နိုင်စွာပြောခဲ့လျှင် မိုးဦးညက ပြောင်စပ်စပ် မျက်နှာပေးကလေး တမင်တကာ ဖမ်းယူကာ . . .

"အေး . . . ကြည့်ကြသေးကာပေါ့၊ သူ ငါ့ကို ချစ်တယ်လို့ ပြောလာရင်တော့ ကိစ္စမရှိဘူး၊ ဘာမှ ပြောမလာခဲ့ဖူးဆိုရင်တော့ ဖြူစင် နင့်ကို ငါကိုယ်တိုင် လည်ပင်းဖြတ်ပြီသာမှတ်၊ နင့်ခေါင်းကို ဝက်ခေါင်းသုပ်လို လုပ်စားပစ်မယ် . . . သိလား"

ဖြူစင်က သရဲမ . . . ဟု ရေရွတ်ရင်း မိုးဦးညကို





မျက်စောင်းထိုးကာ ပြန်သွား၏။ မိုးဦးည ရင်ထဲမှာလည်း သူတို့ ထင်မြင်မှတ်ချက်ချကြသလိုပင် သံသယကလေးတစ်ခု ဘယ်အချိန်ကတည်းကမှန်းမသိ တိတ်တိတ်ကလေး ကိန်းအောင်းနေနှင့်ခဲ့ပြီ။ ကိုနေသန်ဟာ မိုးဦးညကိုများ တကယ် ချစ်နေသလား မသိ။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၄)

သုံးလ ပြည့်သွားခဲ့ပြီ . . .။ သူ မမရဲ့ဘေးမှာ မမရဲ့ အလုပ်သင် Designer အဖြစ် အလုပ်လုပ်ခဲ့သည်မှာ သုံးလပြည့်သွားခဲ့ပြီ ဖြစ်သည်။ အဲဒီနေ့က မမက သူ့ကို သူမ အခန်းဆီသို့ ခေါ်ကာ . . .

"ဒီနေ့ကစပြီး မင်းကို ငါ့ရဲ့ Assistant Designer အဖြစ် ခေါ်ခန့်လိုက်ပြီ . . . မင်းအတွက် လခကို နှစ်သိန်းအထိ တိုးပေးမယ်ဆိုရင် မင်း ကျေနပ်တယ်မှတ်လား"

သူ ရုတ်တရက် ပျော်သွားကာ မမကို ဘာပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းပင် မသိဘဲ အားရပါးရပြုံးရင်းသာ ငေးကြည့်နေမိသည်။ မမရဲ့မျက်ဝန်းတွေကလည်း ခါတိုင်းနဲ့မတူဘဲအနည်ငယ် သိမ်မွေ့ပျော့ပျောင်းနေခဲ့ကာ ပြုံးဖိုပ်ကလေး သန်းနေခဲ့သည်။

"ကျွန်တော်ဘာပြောရမှန်းတောင် မသိတော့ဘူး မမရယ် ... အရမ်းဝမ်းသာတယ်၊ မမကိုလည်း သိပ်ကျေးဇူးတင်တာပဲ"

"မင်းရဲ့ အရည်အချင်းကို သဘောကျလို့ ငါက မင်းကို ရာထူးတိုးပေးလိုက်တာပါ ... မင်းတော်လို့ဖြစ်တာ ဘာမှ ကျေးဇူးတင်မနေနဲ့၊ အေး ... မင်းတကယ် ငါ့ကို ကျေးဇူးတင်တယ်ဆိုရင် ဒီနေ့ ညနေစာကိုတစ်ဆိုင်ဆိုင်မှာ မင်းလိုက်ကျွေး ... ဘယ်လိုလဲ"

ဟု မမက ပြောလျှင် သူ မဆိုင်းမတွပင် ဝမ်းသာအားရ ခေါင်းညိတ်ပြလျက် ...

"သိပ်ကျွေးတာပေါ့ မမရယ် ... မမကို ကျွန်တော်





ကျွေးချင်နေတာ ကြာလှပြီ ... မပြောရဲလို့ ..."

မမက သူ့ကို မျက်စောင်းချီရင်း ...

"ဘာဖြစ်လို့ မပြောရဲရမှာလဲ ... ငါ အမြဲတမ်း ပြောခဲ့တယ်မှတ်လား။ လူတစ်ယောက်နဲ့ တစ်ယောက်မှာ မပြောရဲဘူး ... မလုပ်ရဲဘူးဆိုတာ ဘာမှမရှိစေရဘူး၊ လူတိုင်း လူတိုင်းမှာ ကိုယ်လုပ်ချင်တာကို လုပ်ခွင့် ... ကိုယ်ပြောချင်တာကို ပြောခွင့် ... ဆိုတဲ့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အခွင့်အရေး အပြည့်အဝ ရှိထားပြီးသား၊ ယောကျ်ားတစ်ယောက်ဟာ ပိုပြီးတော့တောင် အရာရာမှာ ရဲရင့် ပြောင်မြောက်နေရမယ် ...၊ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲ သတ္တိ ရှိနေရမယ်၊ အင်း ... မင်းကိုတော့ ငါအများကြီးပဲ ပြုပြင်ပြောင်းလဲ ပေးရဦးမှာပါ"

သူနှင့် စကားပြောသည့် အခါတိုင်း မမ၏ မျက်လုံးတွေသည် သူ့ရဲ့ မျက်နှာဆီမှလွဲ၍ တခြား ဘယ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့မှ ကြည့်မနေတတ်ပါ။ အဲဒီလို မမက သူ့ကိုတည့်တည့်ကြီး စူးစူးရှရှ စိုက်ကြည့်ပြီး စကားပြောတာ ခံရတိုင်း သူ ဘယ်တော့မှ မနေတတ်ချေ။ သုံးလဆိုတဲ့ ကာလတစ်ခုကို ဖြတ်သန်းလာခဲ့သည့်တိုင် အခုအချိန်အထိ သူ မမရဲ့ မျက်ဝန်းတွေနှင့် နေသားတကျမရှိသေး။

အဲဒီနေ့က မမကို သူ အီတာလျံ ဆိုင်ကလေးမှာ ညနေစာ လိုက်ကျွေးဖြစ်ခဲ့ပါသည်။ ဖယောင်းတိုင်မီးအလင်းရောင် မှိန်ဖျော့ဖျော့ဝါရီ ကလေးတွေနှင့် အလွန် Romantic ဖြစ်လွန်းသော ထိုဆိုင်ကလေးကို သူ ဘာကြောင့် ရွေးချယ်ခဲ့မိမှန်းမသိပါ။ ဒီဆိုင်ကလေးမှာ တစ်ခါတစ်ခါ မမက သူ့ကိုခေါ်လာပြီး Spagatti လာစားလေ့ ရှိသောကြောင့် မမ Spagattiကြိုက်မှန်း သိနေသဖြင့် ခေါ်လာခဲ့မိခြင်းလည်း ဖြစ်သည်။ အခုတော့ သူ မမနှင့်အတူတူ မျက်နှာချင်းဆိုင်ပြီး စားရခြင်းကို သိပ်ပြီး မနေတတ် မထိုင်တတ် မဖြစ်တော့ချေ။

"ရှေ့လထဲမှာ ငါ အလုပ်ကိစ္စနဲ့ ဘန်ကောက်ကို ခဏ





ထွက်ဖြစ်မယ် . . . အဲဒါ မင်းကိုပါ ခေါ်သွားချင်တယ်၊ မင်း လိုက်ခဲ့နိုင်မလား"

သူ ထိတ်ခနဲ ပျော်သွားပါသည်။ ဘန်ကောက်လို နေရာမျိုးကို သူ ဘာဖြစ်လို့ မလိုက်ချင်ရမှာလဲ . . . သိပ်ကို လိုက်ချင်တာပေါ့။ သူ့ရဲ့ ခြေလှမ်းတွေကို တတ်နိုင်သလောက် ဆန့်ချင်တိုင်း ဆန့်ချင်နေတာ။ အဲဒီ အခွင့်အရေးကို သူဘယ်လိုလုပ်ပြီး ငြင်းဆန်နိုင်ပါ့မလဲ။

"ကျွန်တော် သိပ်လိုက်ချင်တာပေါ့ မမ . . . ဒါပေမယ့် ကျွန်တော့်မှာ Passport In Hand မရှိဘူး မမ"

"အဲဒါတွေ မင်းပူစရာ မလိုပါဘူး၊ ငါ့ဘာသာငါ အားလုံးစီစဉ်ပေးမယ်၊ မင်းရဲ့တာဝန်က ငါ့ဘေးမှာ ငါနဲ့အတူ လိုက်ခဲ့ဖို့ပဲ"

မမ ဘာကြောင့် သူ့ကိုခေါ်မှန်း သူ တကူးတက တွေးမနေပါ။ သူ အလုပ်စဝင်ကတည်းက မမသည် သူ့တစ်ယောက်တည်းကိုပဲ တခြားသူတွေထက်ပိုပြီး အရေးပေးကာ



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ထူးခံ အဖြစ် အခွင့်အရေးတွေ ပေးခဲ့တာကို သူ သိနေ
ပြီးသား။ အဲဒီတော့ ထူးပြီး စဉ်းစားကြည့်နေစရာမလို
မမကခေါ်လျှင် သူ လိုက်သွားရုံပဲပေါ့။ မမရဲ့ဘေးမှာနေရ
ဖြင့် သူ့အတွက် အောင်မြင်မှုတံခါးတွေ ဘယ်လောက်ထိပွင့်နေ
မှန်း သူကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်သည်။ ဘာကြောင့်လဲ
ဆိုတာကို သူ တွေးနေဖို့မလို။ သူလုပ်ရမှာက သူ့ရှေ့မှာအလိုအ
လျှောက် ပွင့်ဟလာသောတံခါးတွေဆီမှ အဆင်သင့် လျှောက်
လှမ်း ဝင်သွားခဲ့ရုံပင်။ တစ်ချိန်ချိန်မှာ သူဖြစ်ချင်သော အောင်
မြင်ထင်ရှားသည့် Designer တစ်ယောက်အဖြစ် ရပ်တည်ခွင့်
ရဖို့သာလျှင် သူ့အတွက် အရေးအကြီးဆုံး ဖြစ်သည်။



အဲဒီနောက်မှာတော့ မိုးဦးညရဲ့ မျက်နှာဖုံးတွေ
မဂ္ဂဇင်း တော်တော်များများနှင့် ဂျာနယ်တွေမှာ အစုံအလင်
ပါလာခဲ့ပါသည်။ ကိုနေသန်ရဲ့ စီစဉ်အားထုတ်မှုဖြင့်ပင်
မဂ္ဂဇင်းတချို့မှာ မိုးဦးညရဲ့ အင်တာဗျူးကလေးတွေလည်း
ပါလာခဲ့သည်။ ပြီးတော့ . . . ကိုနေသန်ရဲ့ သီချင်းကြော်ငြာ
ဘုတ်မှာ မိုးဦးည၏ ပုံနှင့်ဖြစ်သည်။ မိုးဦးညလေးဆိုသော
နာမည်ကလေးကို မျက်လုံး နက်နက်တောက်တောက်ကလေး
တွေနှင့် နှုတ်ခမ်းဖူးဖူးကလေး ပိုင်ဆိုင်ထားသော ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေး လှလှကလေး တစ်ယောက်အဖြစ် လူတွေ သတိထားမိလာခဲ့ပြီ။ ကိုနေသန်ရဲ့ သီချင်း VCD တွေမှာ မိုးဦးည ပါဝင်သရုပ်ဆောင်ခွင့် ရခဲ့သည်။ ပြီးတော့ . . . Model Show ပွဲတချို့မှာလည်း မိုးဦးည ပါဝင်လျှောက်ခွင့်ရခဲ့ပြီ။ မိုးဦးည တစ်ယောက်တည်း၏ အစွမ်းအစဖြင့် ဘယ်လိုမှ ဒီလောက်အချိန်တိုတိုကလေးအတွင်းမှာ ထိရောက်လျှင်မြန်စွာ ထိုအခွင့်အရေးမျိုးတွေ ရလာနိုင်လိမ့်မည်မဟုတ်။ အားလုံးသည် ကိုနေသန်၏ တက်ကြွထက်သန်မှုတွေချည်းကြောင့် ဖြစ်သည်။ တခြား သူ့ရဲ့ သူငယ်ချင်း အဆိုတော်တွေရဲ့ VCD အခွေတွေမှာလည်း မိုးဦးညကို ထည့်ပြီးသရုပ်ဆောင်ခွင့်ပေးဖို့ ကိုနေသန်ကပဲ တောင်းဆိုခဲ့သည်။ ကြော်ငြာနှစ်ခု ရိုက်ခွင့်ရအောင် လုပ်ငန်းရှင်တချို့နှင့် ကိုနေသန်ကပဲ ဆက်သွယ်ပေးခဲ့သည်။ အဲဒီအတွက် ရလဒ်ကတော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ မိုးဦးညကို ကိုနေသန် စင်တင်သော Model မ,ကလေးအဖြစ် စောင်းပါးရိပ်ခြေ သတင်းကလေးတွေ ထည့်လာခဲ့ခြင်းဖြစ်





သည်။ မိုးဦးညလေးဟု ဆိုလျှင် ကိုနေသန်နှင့်ယှဉ်တွဲပြီးမှ မြင်လေ့ရှိတတ်ကြသည်။ အဲဒီအတွက်လည်း မိုးဦးညက ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်မိပါ။ ရိုးသားစွာ ဝန်ခံရလျှင် ကိုနေသန်နှင့် အခုလို ထင်ရောင်ထင်မှား စောင်းချိတ်ရိသဲ့ အထင်မှားခံရသည်ကိုပင် သူမက တိတ်တိတ်ကလေး ကျိတ်ပြီး သာယာယစ်မူးနေမိခြင်း ဖြစ်သည်။

တွေ့တဲ့လူတိုင်းက မိုးဦးညကို ကိုနေသန်နှင့် ဘယ်လို ပတ်သက်မှု ရှိသလဲဟု အစ်အောက်မေးလေ့ရှိတိုင်း မိုးဦးညသည် ကလေးဆန်ဆန်လေးပြုံးလျက် . . .

"သမီးတို့က ရိုးရိုးသားသားပါ။ ကိုနေသန်က သမီးရဲ့ ကျေးဇူးရှင် ဆရာတစ်ယောက်ပါ . . ."

ဟုသာ ရိုးရိုးကလေး အဖြေပေးရမြဲဖြစ်ပေမဲ့ မိုးဦးညရဲ့ ရင်ထဲမှာတော့ ကြည်နူးပီတိလှိုင်းကလေးက တငြိမ့်ငြိမ့်နှင့် ဖြစ်သည်။ သူသာ မိုးဦးညကို အများထင်သလို တိတ်တိတ်ကလေးကျိတ်ပြီး ချစ်နေခဲ့တယ်ဆိုရင် မိုးဦးည



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပျော်မိမှာပဲ။ မိုးဦးညကရော ကိုနေသန့်ကို ချစ်နေသလား ဟု . . . ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသျှင်တော့ ဘာအဖြေမှ ထွက်မလာတတ်ဘဲ ပခုံးကလေးသာ တွန့်မိသည်။ သူမ ကိုနေသန့်ကို ချစ်သလား . . . မချစ်ဖူးလားဆိုတာ ကိုယ့်ကိုယ်ကို မဝေခွဲတတ်ပါ။ ဒါပေမယ့် ကိုနေသန့်အနားမှာ သူမရှိနေခွင့်ရလျှင် . . . သူမနားမှာ ကိုနေသန့်ရှိနေလျှင် အလိုလိုနေရင်း နွေးထွေးလုံခြုံသော စိတ်ခံစားမှုတစ်မျိုးဖြင့် အရာရာ ပြည့်စုံနေတတ်သည်ကတော့ အသေအချာပင်ဖြစ်သည်။ အဲဒါကို အချစ်လို့ လွယ်လွယ်ပဲ ခေါင်းစဉ်တပ်လိုက်ရမလား။ သေချာတာကတော့ မိုးဦးညသည် ကိုနေသန့်ဆိုသော နာမည်ကြီး အဆိုတော်တစ်ယောက်ဆိုတဲ့ အရှိန်အဝါကြီးကို မက်မောယစ်မူးသည်ကတော့ အမှန်ပင်။ မိန်းကလေးတိုင်း လိုချင်မက်မောကြသော စိတ်ကူးယဉ်အိပ်မက်တစ်ခုကို သူမက ပိုင်ဆိုင်ခွင့်ရထားသည်လို့ ကိုယ့်ကိုယ်ကို ခံစားမိသည့်အခါတိုင်း သူမကိုယ် သူမ ဂုဏ်ယူကျေနပ်မိမြဲ။ ပြီးတော့





လည်း . . . ယောက်ျားတစ်ယောက်ဟာ ဘာမျှော်ကိုးချက်မှ မရှိဘဲ သူနဲ့ ဘာမှမပတ်သက်၊ မသက်ဆိုင်တဲ့ သာမန် မိန်းကလေးတစ်ယောက်ကို တနေ့တခြား ပြုံးပြုံးပြက်ပြက် အရောင်လက် တောက်ပလာအောင် စင်တင်ပြုစုပျိုးထောင်ပေးနေသည်ဆိုတာကို နည်းနည်းကလေးမှ အယုံအကြည်မရှိ။ ကိုနေသန့်ဟာ အခု ဖွင့်မပြောသေးရင်သာရှိမယ်၊ တနေ့နေ့ တစ်ချိန်ချိန်မှာတော့ သူ မိုးဦးညကို ဘယ်အချိန်ကတည်းက ကျိတ်ပြီး ချစ်နေခဲ့တယ်ဆိုတာကို ဝန်ခံလာမှာပဲ . . . ဟု မိုးဦးညက တထစ်ချတွေးထားပြီးသား။ အကယ်၍ . . . သူက အဲဒီလို ပြောလာခဲ့ပြီ ဆိုပါစို့။ မိုးဦးည ဘယ်လို အဖြေပေးရမလဲ။ မိုးဦးညသည် သူ့ရဲ့ချစ်သူအဖြစ် သူ့နံဘေးမှာ ဝင့်ဝင့်ကြွားကြွားတော့ ရှိချင်သား။ ဒါဟာ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်ရဲ့ သမားရိုးကျ စိတ်ကူးယဉ် အိပ်မက်တစ်ခုလည်း ဖြစ်မှာပါ။ မိုးဦးညကရော ဘာသားနဲ့ ထုထားတာမို့လို့လဲ။ မိုးဦးညသည် သူ့ကို အားကိုးစိတ်၊ ခင်တွယ်စိတ်၊ အထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးစိတ်၊ သူ့ရဲ့ အရှိန်အဝါတွေကို ယစ်မူးသာယာစိတ်တို့ဖြင့် သူ့ကို ငြိတွယ်နေခဲ့သည်ဟု ထင်ပါသည်။



မမရဲ့ ဘန်ကောက်ခရီးစဉ်၏ အဓိက ရည်ရွယ်ချက်ကတော့ . . . ဘန်ကောက်ရှိ Fashion Company ကြီး တစ်ခုနှင့် တွေ့ဆုံ စကားပြောသော ညှိနှိုင်းခြင်းနှင့် ထို Fashion Company က ပြုလုပ်သော ကြီးကျယ်ခမ်းနားသည့် Fashion Show ပွဲကို တက်ရောက်လာခဲ့ခြင်းပဲ ဖြစ်သည်။ မမရဲ့ဘေးမှာ သူက Assistant Designer အဖြစ် အတူရှိနေခွင့် ရရှိခဲ့သည်။ ထို Fashion Company က ဘန်ကောက်မှာ နာမည်ကြီး အမျိုးသမီးဂါဝန်နှင့် ဝတ်စုံတွေချုပ်ကာ ဘန်



www.burmeseclassic.com

www.burmeseclassic.com



ကောက်မှာ ဆိုင်တွေ ဖွင့်ထားသည်သာမက . . . အင်္ဂလန်နှင့် အမေရိက . . . ဩစတြေးလျတို့လို နိုင်ငံတွေအထိပါ တင်ပို့နေသော Company ကြီး ဖြစ်သည်။ ထို Company က မမနှင့် ပူးပေါင်းဖို့ ကမ်းလှမ်းနေခြင်းလည်း ဖြစ်၏။ မမက သူတို့၏ ကမ်းလှမ်းချက်ကို အဖြေမပေးသေးဘဲ အချိန်ယူ စဉ်းစားပါဦးမည် . . . ဟုသာ အကြောင်းပြန်ခဲ့သည်။ မမကို သူ နားမလည်ပါ။ ဒါဟာ မမအတွက် မဟာအခွင့်အရေးကြီး တစ်ရပ် မဟုတ်ဘူးလား။ မမနေရာမှာ သူသာဆိုလျှင်တော့ ချက်ချင်းကို သဘောတူ လက်ခံမိမှာပဲ . . . ဟု သူ တွေးမိသည်။ သို့သော် . . . မမနှင့်သူ နှစ်ယောက်တည်း ရှိချိန်ကျ မမက သူ့စိတ်ထဲမှာ လှမ်းမြင်သလို သူ သိချင်နေသော မမရဲ့ စိတ်ထဲက သဘောထားကို ပြောပြခဲ့သည်။

"သူတို့က . . . ငါတို့ရဲ့ စိတ်ကူးတွေကို ဦးနှောက် ဖောက်စားမှာ အနီရင့်ရဲ့ . . . ငါတို့ထုတ်ပေးတဲ့ ဒီဇိုင်းတွေနဲ့ ငါတို့ချုပ်ပေးတဲ့ ဝတ်စုံတွေကို သူတို့ Com-





pany နာမည်နဲ့ နိုင်ငံခြားကို တင်ပို့မှာ၊ သူတို့အတွက် အကျိုးအမြတ်တွေက အရမ်းရမှာလေ . . . ငါတို့အတွက်ကတော့ သူတို့ စာချုပ်ထဲကအတိုင်း သတ်မှတ်ထားတဲ့ ဈေးနှုန်းပမာဏ တစ်ခုလောက်ပဲ ရမှာလေ၊ အဲဒါကြောင့် ငါက စဉ်းစားမယ်လို့ ပြောလိုက်တာ၊ ငါ့မှာ Korea မှာတုန်းက Fashion Designer ကျောင်း အတူတူတက်ခဲ့တဲ့ သူငယ်ချင်းတွေရှိတယ်၊ သူတို့နဲ့ ခုချိန်အထိ e-mail နဲ့ အဆက်အသွယ်မပြတ် ရှိနေတာ၊ သူတို့ထဲက တစ်ယောက်က Korea မှာ တော်တော်အောင်မြင်တဲ့ Designer တစ်ယောက် ဖြစ်နေပြီ၊ သူ့ရဲ့ ကိုယ်ပိုင် Logo နဲ့ကို ဂါဝန်တွေ ချုပ်ပြီး ဆိုင်တွေ ဖွင့်နိုင်နေပြီ . . . ၊ ပြီးတော့ . . . နိုင်ငံခြားတွေကိုလည်း ပို့သေးတယ်၊ သူ့ ကုမ္ပဏီက တော်တော် ကြီးကျယ်နေပြီ၊ အဲဒါ . . . သူကလည်း ငါ့ကို သူနဲ့ ပူးပေါင်းလုပ်ဖို့ ကမ်းလှမ်းထားသေးတယ်၊ အကျိုးအမြတ်ချင်း ယှဉ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူနဲ့ဆို ပိုပြီး အများကြီးရမှာပေါ့ . . . သူက ငါ့ရဲ့ လက်ရာတွေကို အရမ်း သဘောကျတာ၊ အဲဒါကလည်း ငါ့အတွက် ရွေးချယ်စရာ နောက်ထပ် Option တစ်ခုပေါ့။ ငါက Korea ကို ပိုပြီးတော့ စိတ်ဝင်စားတယ်၊ မင်းအတွက် ငါဘယ်လောက်ထိ မှန်းထားသလဲဆိုတော့ ဒီကပြန်ရင် မင်းရဲ့ Design တွေချည်း သီးသန့်ထုတ်ပြီး မင်းကို ပွဲထုတ်တဲ့ Fashion Show ပွဲတစ်ပွဲ သီးသန့်လုပ်ပေးမလို့ . . . ခမ်းခမ်းနားနားကို ငါလုပ်ပေးမှာ၊ လူတိုင်းစိတ်ဝင်စားရမယ့် ပွဲမျိုးပေါ့၊ စာနယ်ဇင်းတွေကိုလည်း ဖိတ်မယ်၊ စာနယ် ဇင်းတွေရဲ့ ပံ့ပိုးမှုနဲ့ မင်းကို လူသိသွားပြီဆိုမှ မင်းကို Korea နဲ့ ဖြစ်ဖြစ်၊ ဘန်ကောက်နဲ့ဖြစ်ဖြစ် တစ်ခုခုနဲ့ ဆက်သွယ်ပေးမလို့ ငါ စီစဉ်ထားတယ်"

ဟူသော မမရဲ့စကားကို ကြားရလျှင် သူ့ကြက်သီးမွေးညင်းတွေ စိမ့်ဖြာသွားသည်အထိ စိတ်လှုပ်ရှား ပျော်ရွှင်





သွားခဲ့သည်။ အဲဒီအခွင့်အရေးမျိုး သူ စိတ်ကူးယဉ် မျှော်လင့်ထားခဲ့သည်မှာ ဘယ်လောက်ကြာပြီလဲ။ သူ့အပေါ် မမ ဘာကြောင့် အဲဒီလောက်ထိ အခွင့်အရေးတွေ ပေးနေမှန်း သူ အဖြေရှာ၍ မရပါ။

တကယ်တော့ ထိုအဖြေကို Pattaya Beach မှာ သူနှင့်မမ အတူတူ လမ်းလျှောက်လျက်ရှိစဉ် မမကပဲ ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ Beach မှာ စိတ်လွတ်လက်လွတ် လမ်းလျှောက်နေချိန်မို့ မမရဲ့မျက်နှာက ခါတိုင်းလို ဣန္ဒြေကြီး တစ်ခွဲသားနှင့် တည်တည်ကြီးမဟုတ်ဘဲ မိန်းကလေးငယ်လေး တစ်ယောက်လို ချည်ဂါဝန် အဖြူလွလွကလေးနှင့် နုပျိုလန်းဆန်းကာ မျက်နှာကလေးက ချိုရွှင်ပျော့ပျောင်းလျက် ရှိသည်။ မမကပဲ စတင်၍ ပြောခဲ့ခြင်း ဖြစ်ပါသည်။

"အနီရင့် . . . မင်း ငါ့ကို ဘယ်လိုသဘောထားသလဲ"

မမရဲ့ ထိုမေးခွန်းကြောင့် သူ ရုတ်တရက်တော့ ကြောင်သွားခဲ့သည်။ မမ ဘာကို မေးချင်တာပါလိမ့်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ထက် ဘယ်လိုအဖြေမျိုးကို မမ ပိုလိုချင်တာပါလိမ့် . . . ဟု သူ ပို၍ သိချင်ပါသည်။ သူ စိတ်ထဲမှာရှိတဲ့အတိုင်း . . .

"မမကို ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက်လို . . . ဆရာတစ်ယောက်လို သဘောထားပါတယ်"

ဟု သူ ဖြေလိုက်မိတော့ မမရဲ့ မျက်နှာက ဖျတ်ခနဲ တည်တံ့သွား၏။

"အဲဒီလို ဖြေမှာကို ငါ အကြောက်ဆုံးပဲ၊ ကျေးဇူးတွေကြောင့် . . . ဆရာတပည့်ဆိုတဲ့ အခြေအနေတွေကြောင့် ပြီးတော့ မင်းနဲ့ငါ့ကြားက ကွာခြားနေတဲ့ အဆင့်အတန်းတွေကြောင့် မင်း ငါ့ကို တစ်ခုခု ပြောချင်နေရင်တောင် ပြောရဲမှာ မဟုတ်ဘူး . . . ဟုတ်တယ်မှတ်လား၊ အဲဒီ အခြေအနေကို ငါ အကြောက်ဆုံးပဲ၊ ဥပမာကွာ . . . ငါ မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောမှာနော်၊ မင်း ငါ့ကို ဘယ်လိုမှ မထင်နဲ့၊ ဥပမာဆိုပါဆို့ မင်းစိတ်ထဲမှာ ငါ့ကို တိတ်တိတ်ကလေး ကျိတ်ပြီး ချစ်





နေတယ်ဆိုရင်တောင် မင်း ဘယ်တော့မှ ဖွင့်ပြောရဲမှာ မဟုတ်ဘူး . . . ဟုတ်တယ်မှတ်လား၊ ငါ့ရဲ့ စိတ်ထဲမှာ မင်းကိုသိပ်ပြီး ရင်းနှီးနွေးထွေးနေတယ်၊ ငါ့ဘဝမှာ ယောကျ်ားတွေအများကြီးရဲ့ ချဉ်းကပ်တာကို ခံခဲ့ဖူးပါတယ်၊ အားလုံး ငါနဲ့ အဆင့်အတန်းတူ ပညာတတ်လူချမ်းသာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေချည်းပါပဲ၊ ဒါပေမယ့် . . . ငါ့ စိတ်တွေ ဘယ်လိုမှ ယိမ်းနွဲ့တုန်လှုပ်ခြင်း မရှိခဲ့ဖူး . . . သိလား၊ မင်းလို ဘာမဟုတ်တဲ့ သာမညောင်ည ကောင်ကလေးတစ်ယောက်နဲ့ကျမှ ငါ့စိတ်တွေ ဘာတွေ ဖြစ်ကုန်ပြီလဲဆိုတာ ငါကိုယ်တိုင်လည်း မသိတော့ဘူး . . . အနီ၊ အဲဒီတော့ မင်း မပြောရဲရင် ငါ မင်းကို ပွင့်ပွင့်လင်းလင်းပဲမေးမယ် . . . မင်း ငါ့ကို ချစ်နေသလား၊ အဲဒါပဲဖြေပါ"

မမရဲ့ မေးခွန်းက ပွင့်လင်းပြောင်ကျလွန်းလှသဖြင့် သူ မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့မျက်နှာကိုပင် သူ မကြည့်ရဲ။ အတော်လေးကြာအောင်ပင် သူ ငြိမ်သက်မှင်တက်နေမိလျက် ခေါင်းကို ငုံ့ထားမိသည်။ မမရဲ့မျက်နှာဆီ သူ မသိမသာ ငေးမောကြည့်မိတော့ မမရဲ့မျက်နှာပေါ်မှာ သူမြင်ရသည်က ချစ်မြတ်နိုးခြင်း . . . ငြိတွယ်မက်မောခြင်းနှင့် သူ့ဆီက တစ်ခုခုကို မွတ်သိပ်ငတ်လင့်စွာ စောင့်စားနေသော မျှော်လင့်ရိပ်များဖြင့် ဖျိုးဖျိုးဖျပ်ဖျပ်လင်းဝါနေသည်။ သူ မမကို ငြိမ်သက်စွာ အံ့သြတကြီး ငေးမောမိရင်း စဉ်းစားမိသည်မှာ . . . ခုချိန်မှာသာ မမလိုချင်တဲ့အဖြေတစ်ခု သူ မပေးနိုင်ခဲ့ရင် မမ သူ့ကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာ မဟုတ်ဘူးဆိုတဲ့ အသိပဲ ဖြစ်သည်။ ဘဝမှာအမြဲတမ်း လိုတရ ပြည့်စုံခဲ့သော မမရဲ့ မျှော်လင့်ချက်တွေကို သူ ဘယ်လိုမိုက်မဲ မသိတတ်မှုမျိုးနှင့်မှ ရိုက်ချိုးမဖျက်ဆီးပစ်လိုပါ။ မမ သိပ်ရှက်သွားမှာကို စိတ်ကူးဖြင့်ပင် မကျူးလွန်ရဲ။ ခုချိန်မှာ မမကို ငြင်းဆန် တွန်းလှန်နိုင်ဝံ့သော သတ္တိမျိုး သူ့မှာလုံးဝရှိမနေတာ သေချာပါသည်။ သူ ထိုနေရာမှာ ခြေစုံရပ်





လိုက်ကာ မမရဲ့ မျက်လုံးတွေထဲသို့ မဝံ့မရဲ တစ်ချက်စိုက်ကြည့်လျက် . . . ကျွန်တော် မမကို ချစ်နေမိပါတယ် . . . ဟု လေသံခပ်တိုးတိုးဖြင့် ပြောမိသွားတော့သည်။ မမရဲ့မျက်ဝန်းတွေထဲမှာ သူ့အပေါ် ယိမ်းယိုင် ပြိုဆင်းလျက်ရှိသော သံယောဇဉ်တွေ အလုံးအရင်းကို သူ မြင်နေရသည်။ သွေးရှူးသွေးတန်း မျှော်လင့်ခိုးဝေနေတဲ့ မျက်ဝန်းတွေ . . . သူ ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲ မမရဲ့နှောင်ဖွဲ့ခြင်းကို ခံလိုက်ရသလို သူ ခံစားလိုက်ရသည်။ မမရဲ့ မျက်နှာတစ်ခုလုံး နုပျိုလန်းဆန်းစွာ လင်းလက်တောက်ပသွားခဲ့သည်ကို သူ မမေ့တော့။

“အေး . . . အဲဒီလို သတ္တိရှိမှာပေါ့ အနီရယ်”

ဟု မမက ပြောပြီး သူ့ရဲ့ လက်တစ်ဖက်ကို လှမ်းဆွဲယူလိုက်ပါသည်။ သူ့ရဲ့လက်က မမရဲ့ လက်ဖဝါး နုနုတွေထဲမှာ . . .။ တကယ်ဆို သူကသာ မမရဲ့လက်တွေကို အုပ်မိုးပြီးဆုပ်ကိုင်ထားရမှာ မဟုတ်ဘူးလား။ သို့သော် မမရဲ့ လက်တွေကို သူ့လက်နှင့်ပြန်ပြီး ဆုပ်ကိုင်ပစ်လိုက်ဖို့ သူ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မဝံ့ရဲမှန်းမသိ။ အရာရာကို မမကပင် ဦးဆောင်သွားနေကျအတိုင်း သူနှင့်မမတို့ ချစ်သူတွေ ဖြစ်သွားကြရသောထိုပြောင်းလဲခြင်းမှာလည်း မမရဲ့ လွှမ်းမိုးမှုအောက်မှာ သူက အလိုက်သင့်စီးမျောခဲ့ရခြင်းသာ ဖြစ်သည်။ အကယ်၍များ သူ မမကိုငြင်းလိုက်မိရင် တစ်သက်လုံး သေရာပါသွားအောင် ဒဏ်ရာတစ်ခု ပေးလိုက်သလို ဖြစ်တော့မှာ။ မမ အရှက်ရ နာကျင်သွားရမှာကို သူ လုံးဝမလိုလားပါ။ မမကို သူ ချစ်လိုက်မိသည့်အတွက် သူ့ဘဝမှာ နောင်တရစရာ အဖြစ်တွေ ဖြစ်မလာနိုင်. . . ဟု အဲဒီအချိန်တုန်းက သူ အကြွင်းမဲ့ ယုံကြည်နေခဲ့မိသည်။

ရန်ကုန်သို့အပြန် လေယာဉ်ပေါ်မှာ မမက သူ့ကို. . .

"အနီ့ အတွက် . . ."

ဟု ဆိုပြီး ဘူးတစ်ဘူးလှမ်းပေးပါသည်။ သူ ဖွင့်ကြည့်လိုက်မိတော့ စိန်ပွင့်များ စီခြယ်ထားသော ရွှေရောင်





Rolex နာရီတစ်လုံး။ တန်ဘိုးက နည်းမှာမဟုတ်။

"မမရယ် . . . ဘာဖြစ်လို့ အဲဒီလောက် တန်ဘိုးကြီးတာတွေ ပေးရတာလဲ၊ ကျွန်တော် ဒါတွေ မလိုချင်ပါဘူး၊ မမဆီက ဘာမှ မလိုချင်ဘူး၊ ကျွန်တော် မမကို ရိုးရိုးသားသားပဲ ချစ်ချင်တာပါ"

ဟု သူပြောမိတော့ မမက သူ့ကို မျက်စောင်းကလေးချီကာ . . .

"မင်းထက် တန်ဘိုးရှိတဲ့အရာ မမဆီမှာ ဘာမှ မရှိတော့ဘူး၊ မင်းရဲ့အချစ်ကို ပေးခဲ့တဲ့အတွက် မင်းကို မမ ဘယ်လောက် ကျေးဇူးတင်တယ်ဆိုတာ ပြောတောင်မပြတတ်ဘူး၊ ဒီပစ္စည်းတွေရဲ့ တန်ဘိုးဆိုတာ မင်းနဲ့နှိုင်းယှဉ်လိုက်ရင် ဘာမှ မဟုတ်တော့ဘူး . . ."

ဟု ဆိုပြီး သူ့ရဲ့ ညာဘက်လက်မှာဝတ်ထားသော အပေါ်စား နာရီအမဲကလေးကို မမက ဆွဲဖြုတ်ယူလိုက်ကာ Rolex နာရီကို ပြောင်းလဲဝတ်ဆင်ပေးလိုက်သည်။ Rolex



www.burmeseclassic.com

www.burmeseclassic.com



၏ အရောင်အဝါဖြင့် သူ့လက်တစ်ခုလုံး ထိန်ညီးလင်းဝါသွားသလိုပင် သူ အနည်းငယ် စိတ်ကျဉ်းကျပ်ရင်မောစွာ သက်ပြင်းခိုး၍ ရှိုက်လိုက်မိသည်။ မမကို မျက်စိစုံမှိတ်၍ ချစ်လိုက်မိခြင်းသည် သူ့ကိုယ်သူ သူဘယ်တုန်းကမှ မဖြစ်ချင်ခဲ့သော ယောကျ်ားတစ်ယောက်၏ ဘဝဆီများ တွန်းပို့ခဲ့သလို ဖြစ်နေမလား . . . ဟု ပထမဆုံးအကြိမ် သူ ရင်မောစွာ တွေးမိပါသည်။

မမကတော့ သူလိုချင်နေသော အရုပ်ကလေးတစ်ရုပ်ကို လက်ဆောင်အဖြစ် ရလိုက်သော ကလေးမလေးတစ်ယောက်၏ ရွှင်မြူးလန်းဆန်းသော အပြုံးကလေးဖြင့် သူ့ပခုံးစွန်းဆီမှာ ခေါင်းကလေး ‌မှေးမှီတင်ထားရင်း . . .

"မင်းကို မမ ဘယ်အချိန်ကတည်းက ချစ်မိသွားတာလဲ. . . သိလား"

ဟု ကြည်နူးနှစ်သိမ့်နေသော အသံကလေးနှင့် ခပ်တိုးတိုးမေးသည်။ တကယ်တမ်းပြောရလျှင် သူ မသိပါ။





"ဘယ်အချိန်တုန်းကလဲဟင် . . . မမ"

သူ လေသံဖွဖွဖြင့် ပြန်မေးမိသည်။ မမက . . .

"မင်းနဲ့ ပထမဆုံးတွေ့တဲ့ မင်းအလုပ် လုပ်တဲ့ ကော်ဖီဆိုင်ကလေးထဲမှာလေ၊ အဲဒီတုန်းက မင်းက ကောင်မလေးတစ်ယောက်နဲ့ ဝင်တိုက်မိပြီး မင်းလက်ထဲက ဗိုင်တွဲ လွတ်ကျသွားခဲ့တယ်၊ အဲဒီအချိန်တုန်းက မင်းရဲ့ မျက်လုံးတွေကို မမ စပြီးတော့ မြင်လိုက်ရတာ၊ ယောကျ်ားလေး တစ်ယောက်ဆီမှာ အဲဒီလောက် လှတဲ့ မျက်လုံးမျိုးတွေ ရှိဖို့ လိုသလားလို့ . . . မမတောင် တအံ့တဩ တွေးခဲ့မိသေးတယ်၊ မင်းမျက်လုံးတွေက မမရဲ့ နှလုံးသားကို တစ်ခါတည်း ဖမ်းစားပစ်ခဲ့တာပဲ၊ အဲဒီ မျက်လုံးတွေရဲ့ ဖမ်းစားမှုကြောင့် နောက်တစ်နေ့မှာ မင်းရဲ့အိမ်ဆီ ချက်ချင်း ရောက်လာခဲ့ရတော့တာပေါ့ . . . မမကိုယ် မမ ဘာတွေလုပ်ခဲ့မိမှန်းတောင် နားမလည်နိုင်တော့ပါဘူး၊ နှလုံးသားရဲ့ စေစားရာ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အလိုလိုက်ခဲ့မိတာလေ . . . မမက ဒီလို ငယ်ငယ်ကတည်းက လုပ်ချင်တာရှိရင် ဘာကိုမှ စဉ်းစားငဲ့ကွက်မနေဘူး၊ ကိုယ်လုပ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်ခဲ့တာချည်းပဲ၊ အဲဒီအကျင့်က တစ်ကိုယ်ကောင်းဆန်တယ် ခေါ်မလား. . . အတ္တကြီးတယ် ပြောရမလားဘဲ၊ ဒါပေမယ့် မမကတော့ ဂရုမစိုက်ပါဘူး . . . မမဘဝမှာ မမလိုချင်တာမှန်သမျှ ရခဲ့တာချည်းပဲ၊ မင်းနဲ့တွေ့ပြီး နောက်တစ်ရက်မှာ မင်း မမဆီ ရောက်လာလိမ့်မယ်လို့ မျှော်လင့်နေခဲ့တာ၊ အဲဒီရက်တွေတုန်းက မင်း ရောက်လာမလားဆိုတဲ့ အတွေးနဲ့ မမရင်တွေ ဘယ်လောက် ခုန်နေခဲ့သလဲဆိုတာ အခုချိန်တောင် ပြန်မှတ်မိတယ်. . . ဒါပေမယ့် မင်း ရောက်မလာခဲ့ဘူး၊ တစ်ပတ်လုံးငုံး မမ နေလို့ကို မရခဲ့ဘူး . . . မင်းကိုလည်း စိတ်တွေတို လိုက်တာ တအားပဲ၊ ဘယ်လိုကောင်လေးပါလိမ့်လို့ မင်းဆီ အပြေးလာ





တွေ့ပြီး ဆောင့်တွန်းပစ်လိုက်ချင်တာ၊ မမက မင်း ချက်ချင်း ရောက်လာလိမ့်မယ်လို့ ထင်ထားခဲ့တာလေ၊ မမရဲ့ မျှော်လင့်ချက်တွေကို တက်တက်စင်အောင် လွဲစေခဲ့တယ်ဆိုလို့ မင်းတစ်ယောက်ပဲ ရှိသေးတယ်. . . တစ်ပတ်လုံး မမမှာ အရူးကြီးကို ဖြစ်လို့၊ ဘာအလုပ်မှ လုပ်လို့ကိုမရခဲ့ဘူး၊ အဲဒါကတော့ တကယ် မှတ်မှတ်ရရပဲ၊ မင်း အလုပ်လုပ်နေတဲ့ ကော်ဖီဆိုင်ရှေ့မှာ ကားလာရပ်ပြီး မင်းကို မသိမသာ လာစောင့်ကြည့်ခဲ့မိသေးတယ် . . . မင်းကတော့ မမကို မမြင်ပါဘူး၊ မင်းအာရုံနဲ့ မင်းလေ၊ အဲဒီအချိန်ကတည်းက မမ တစ်သက်မှာ တစ်ခါမှ မခံစားဖူးသေးတဲ့ ဝေဒနာကို စပြီး ခံစားခဲ့ရတာပေါ့”

မမ ဤမျှ ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံလိမ့်မည်ဟု ထင်မထားသောကြောင့် သူ တော်တော် အံ့အားသင့်ခဲ့ရပါသည်။ မမရဲ့အချစ်တွေအတွက်ရော . . . မမကိုရော



www.burmeseclassic.com

www.burmeseclassic.com



သူ အတော်လေး အားနာသွားခဲ့မိသည်။ မမဟာ သူ့ကိုချစ်တဲ့ အချစ်တစ်ခုတည်းနဲ့ သူ့အတွက် အစစအရာရာ အခွင့်အရေးတွေ၊ လမ်းတွေ ဖွင့်ပေးခဲ့တာကို။ အဲဒါကို သူ ယောင်ယောင်ကလေးတောင် သံသယ မဖြစ်ခဲ့မိတာ အံ့ဩစရာတော့မရှိ။ ဘယ်လိုလူမျိုးက ကိုယ့်ကို မမလိုအဖက်ဖက်က ပြည့်စုံမြင့်မားနေတဲ့ မိန်းကလေးတစ်ယောက်က ကျိတ်ပြီး ချစ်မြတ်နိုးနေလိမ့်မယ်လို့ သံသယ ဝင်မိမှာလည်း . . . သူဆို ဝေလာဝေးပေါ့။ သူ မမရဲ့ လက်ဖဝါးလေးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်မိရင်း . . .

"မမရယ် . . . မမ ကျွန်တော့်ကို ချစ်ခဲ့တဲ့အတွက် မမဘဝမှာ နောင်တရစရာတွေ . . . ဆုံးရှုံးနစ်နာစရာတွေ . . . ထိခိုက်နာကျင်စရာတွေ ဘယ်တော့မှ မဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါတယ် . . . မမကို ကျွန်တော် တစ်နေ့ထက်တစ်နေ့ ပိုချစ်လာနိုင်အောင် ကြိုးစားပါ့မယ်"





"ချစ်တယ်ဆိုတာ တမင်သက်သက် ကြိုးစားလုပ်ယူလို့ မရပါဘူး အနီရယ် . . . ရင်ထဲမှာ သူ့အလိုလို ဖြစ်လာတဲ့ မက်မောစွဲလမ်းမှုကို ဘာနဲ့မှ ဖန်တီးလုပ်ယူလို့ မရသလို . . . မစွဲလမ်းနဲ့ . . . မငြိတွယ်နဲ့လို့ ဖျက်ဆီးဖျောက်ဖျက်ပစ်လို့လည်း မရဘူးလေ၊ အနီပြောပုံကြီးတို့ မူမ မကြိုက်ပါဘူး၊ မမနဲ့ ပတ်သက်ပြီး တမင်သက်သက် ဘယ်တော့မှ မကြိုးစားပါနဲ့၊ မမက သူ့ အလိုလျှောက် ဖြစ်လာတဲ့ အချစ်ရဲ့ တန်ခိုးကိုပဲ လိုချင်တာ"

သူ မမကို ယှဉ်ပြိုင်ပြီး စကားမပြောတတ်တော့ပါ။ အခုအချိန်က စပြီး သူက မမကိုချစ်ဖို့ထက် မမရဲ့ အချစ်ကို ခံယူဖို့သာ သူ တိတ်တိတ်ဆိတ်ဆိတ် တွေးထားလိုက်မိတော့သည်။

ဘယ်လောက် အံ့ဩစရာကောင်းထားလိုက်သလဲ။ ဘန်ကောက်သို့ မလာခင် အချိန်အထိ တစ်ယောက်နဲ့တစ်ယောက် အလုပ်ရှင်နဲ့ အလုပ်သမားဆိုသော ပတ်သက်မှု



www.burmeseclassic.com

www.burmeseclassic.com



မှလွဲ၍ သူစိမ်းတွေ ဖြစ်ခဲ့ကြသော သူနှင့်မမသည် ဘန်ကောက် ခရီးစဉ်မှအပြန် ရန်ကုန်မြေသို့ ခြေချလိုက်စဉ်မှာတော့ တစ်ယောက်ကို တစ်ယောက် ဆုပ်ကိုင်တွဲထားလျက်ရှိသော . . . နှလုံးသားချင်း ရင်းနှီး ကျွမ်းဝင်ခဲ့ကြသည့် ချစ်သူနှစ်ယောက် ဖြစ်ခဲ့ကြပြီ။



# အခန်း (၅)

အခုတော့ မိုးဦးညလေးဆိုသော နာမည်ကလေးသည် ပရိသတ်တွေရဲ့ကြားမှာ လူသိများ ထင်ရှားစပြုလာခဲ့ပြီ ဖြစ်သည်။ မိုးဦးညလေးဆိုလျှင် မျက်ဝန်းလှလှ . . . အရပ်မြင့်မြင့် သွယ်လျလျနှင့် အလွန်ကလေးဆန်သော ချစ်စဖွယ်အပြစ်ကင်းစင်သည့် Model မကလေးအဖြစ် လုပ်ငန်းရှင်တွေရော၊ ပရိသတ်တွေရော၊ Model လောကမှာရော လူသိများခဲ့ရပြီ။ အဲဒါတွေထက် ပိုပြီး ထင်ရှားသည်ကတော့ အဆိုတော်နေသန် စင်တင်သည့် Model မကလေးအဖြစ် ကိုနေသန်ရဲ့ ဘေးသို



www.burmeseclassic.com

www.burmeseclassic.com



မြင်မှုတွေနဲ့အတူ ယှဉ်တွဲပြီး ကိုနေသန်ရဲ့ အရှိန်အဝါဖြင့် မိုးဦးညကို လူသိများလာခဲ့ရခြင်းလည်း ဖြစ်သည်။ အခုဆိုလျှင် ကိုနေသန်ရဲ့ ဆက်သွယ်ပေးမှုတွေဖြင့် . . . ကြော်ငြာတွေလည်း ရိုက်စ ပြုလာရပြီ။ Model Show တွေဆိုလျှင် မိုးဦးညလေးမပါလို့ မဖြစ်သော အခြေအနေအထိရောက်လာခဲ့ရသည် အထိပင်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ မိုးဦးညရဲ့ပုံတွေ အမြဲတမ်းလိုလို ဝေဝေဆာဆာ ပါလာခဲ့စမြဲ။ အဲဒါတွေအားလုံးဟာ ကိုနေသန်ရဲ့ အစွမ်းအစတွေကြောင့်ပဲဆိုတာ မိုးဦးညက သူ့ကျေးဇူးကို နားလည်သိတတ်စွာ ယုံကြည်ပြီးသားပင်။ မိုးဦးညသည် ကိုနေသန် ထုဆစ်ဖန်ဆင်းခဲ့သော ပန်းပုရုပ် လှလှကလေးသာ ဖြစ်သည်။ အခုတော့ ဒီပန်းပုရုပ်ကလေးဟာ သက်ဝင်လှုပ်ရှားခဲ့ရပြီ။ သူ ကတိပေးထားခဲ့သည့်အတိုင်း မိုးဦးညသည် အောင်မြင်မှုဆိုသော စင်မြင့်ထက်ဆီသို့ ရောက်ရှိခဲ့ရပြီ။ မိုးဦးည ဖြစ်ချင်ခဲ့သော အိပ်မက်တွေလည်း တကယ် ဖြစ်ခဲ့ပြီ။ အဲဒီအတွက် သူ့ကျေးဇူးကို ဘယ်တော့မှ မမေ့နိုင်ပါ။ သူ မြင်ခဲ့





ဖူးသည့် ကျောက်ရိုင်းကလေးတစ်ပွင့်သည် အခုတော့ သူ့သွေးချက်ကြောင့် အလွန် တောက်ပရွှန်းလဲ့လာသော အဖိုးတန်ရတနာတစ်ပါး ဖြစ်ခဲ့ရပြီမို့ သူက အံ့ဩမဆုံးသောကြည်နူးပီတိများဖြင့် ပြောခဲ့သည်မှာ . . .

"ကိုယ် တစ်ခါတစ်ခါကျတော့ စဉ်းစားမိတယ် . . . မိုးဦးညလေးကို ဘာဖြစ်လို့ အခုလို အဖိုးတန် ရတနာကလေးအဖြစ် လူတွေအားလုံး စိတ်ဝင်စား မက်မောလာအောင် သွေးခဲ့မိတာပါလိမ့်လို့လေ . . . ကိုယ်ပျိုးခဲ့တဲ့ ပန်းကလေးကို ဆွတ်ယူချင်တဲ့ လက်တွေက ဝိုင်းဝိုင်းကိုလည်နေတာပဲ . . . ကိုယ် စိတ်မချချင်တော့ဘူး"

ဟူ၍ ဖြစ်သည်။ အဲဒီတုန်းက မိုးဦးညသည် သူ့မျက်ဝန်းတွေထဲ ပြုံးပြုံးကလေးပင် ပြန်လည်၍ စိုက်ကြည့်နေခဲ့မိသည်။ သူ့မျက်လုံးတွေဟာ ဟိုး . . . အရင်ကလောက် မိုးဦးညအပေါ် မဖြူစင်တော့ဘူး ထင်တာပဲ။ မိုးဦးညကို ကြည့်လျှင် တလက်လက် ဖြာလျှက် ရွှန်းစိုနွေးမြနေသည်မှာ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



က ရိပ်မိစေလောက်ပါသည်။ အမြဲတမ်းလည်း အရိပ် တကြည့်ကြည့် ရှိနေတတ်ကာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးတတ်သေး၏။

သူ့ရဲ့ စတိတ်ရှိုးပွဲတွေတိုင်းမှာ မိုးဦးညသည် အမြဲတမ်း ရှေ့ဆုံးမှာ ထိုင်ခွင့်ရသည်။ မိုးဦးည၏ Model Show ပွဲတွေတိုင်းမှာလည်း သူ အမြဲတမ်းလိုလို ရှိနေတတ်ပါသည်။ ထိုအခါ မိုးဦးညနှင့် နေသန်ဆိုသော လူနှစ်ယောက်သည် လူတိုင်း၏ မြင်ကွင်းအာရုံထဲမှာ ပူးတွဲလျက်သာ မြင်နေစေတော့သည်။ စွယ်တော်ရွက် တစ်ရွက်လိုလေ။ သူက ဟန်မဆောင်တော့တာလား . . . မိုးဦးညကပဲ ပါးနပ်သိမြင်လာခဲ့တာလား မသိ။ သူ မိုးဦးညကို ချစ်နေတယ်ဆိုတာကို အကြွင်းမဲ့ သံသယမရှိ ယုံကြည်လာသည်။

တစ်ခုသော သူ့ရဲ့ Stage Show ပွဲမှာတော့ ပွဲမစခင်တည်းက သူက မိုးဦးညကို ကြိုပြီး မှာထားခဲ့သည်။

"ကိုယ့်သီချင်း မဆုံးခင် တီးလုံးဝင်တဲ့အချိန်မှာ ကိုယ့်ကို





ပန်းစည်းတက်ပေးနော်"

တဲ့။ မိုးဦးညက သူ့စကားအတိုင်း တသဝေမတိမ်း နာခံခဲ့ပါသည်။ စင်မြင့်ဆီသို့တက်ကာ မိုးဦးညက သူ့ကို ပန်းစည်းကလေး ပေးလိုက်စဉ်မှာ ပရိသတ်တွေဆီမှ လက်ခုပ်သံတွေ . . . လေချွန်သံတွေ . . . လက်ခေါက်မှုတ်သံတွေ ဆူညံပွက်လောရိုက်သွားတော့သည်။ သူက မိုးဦးညရဲ့ လက်ကလေးတစ်ဖက်ကို ဖမ်းဆွဲ ဆုပ်ကိုင်ထားလိုက်ကာ . . .

"ပရိသတ်ကြီးရေ . . . ပရိသတ်ကြီးကို မေးခွန်းတစ်ခုလောက် မေးပါရစေ၊ ဥယျာဉ်မှူးတစ်ယောက်ဟာ သူ ပြုစုပျိုးထောင်ခဲ့တဲ့ ပန်းကလေးတစ်ပွင့်ကို ပိုင်ဆိုင်ခွင့်ရှိသလားဟင် . . ."

ဟု ပရိသတ်တွေထဲ လှမ်းမေးလိုက်လျှင် . . .

"ရှိတယ် . . . ရှိတယ်"

ဆိုသော ပရိသတ်ရဲ့ အသံတွေက သျှမ်းသျှမ်းတောက် ညံစီသွားတော့သည်။ မိုးဦးညရဲ့ မျက်နှာတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း ထူပူယောင်အမ်းလာသလိုပင် ပူလောင်နွေးအုံလျက် ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲ ဆူညံ မြည်ဟီးလာတော့သည်။ ပြုံးသာ ပြုံးနေရသည် . . . မျက်နှာကို ဘယ်မှာ ဝှက်ထားရမှန်းမသိ။ ရှက်လည်း ရှက်သလို . . . ပျော်လည်း ပျော်နေသည်။

"အဲဒါဆိုရင် ကျွန်တော်ကြေညာချင်ပါတယ် . . . ကျွန်တော် မရိုးသားဘူးလို့ စွပ်စွဲချင် စွပ်စွဲလိုက်ပါတော့၊ ကျွန်တော် မိုးဦးညလေးကို သိပ်ချစ်နေပါတယ် . . . အရမ်းချစ်နေပါတယ်၊ သိပ်ချစ်လွန်းလို့လည်း သူများဦးသွားမှာကို အရမ်းစိုးရိမ်ပါကယ် . . . ကိုယ် မင်းကို ချစ်တယ် မိန်းကလေးရယ် . . ."

ရုတ်တရက် သူကစင်မြင့်ထက်ဆီမှာ ဒူးထောက်ချလိုက်ကာ မိုးဦးညကို ဘယ်သူနှင့်မှ မတူအောင် အဆန်းတွာကျယ် Propose လုပ်လိုက်လျှင် မိုးဦးညသည် ရုတ်တရက်လေထဲမှာ လွင့်မျောနေသလို တလွင့်လွင့် ဝေနေသည်။ဘာပြန်





ပြောရမှန်း မသိချေ။ ဒီအခြေအနေကလေးဟာ သိပ်ကို Romantic ဖြစ်နေပြီမှန်း မိုးဦးညလည်း သိသည်။ ပရိသတ်ကလည်း သိပ်ကို စိတ်ဝင်စားနေပြီ . . .။ အခုလို အချိန်မျိုးမှာ မိုးဦးည သူ့ကို ငြင်းဆန်ပစ်လိုက်လျှင် သိပ်ကို မလှမပ ဖြစ်သွားတော့မှာ။ ပရိသတ်တွေရဲ့ ရင်ထဲကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားစေမဲ့ အပြုအမူ တစ်မျိုးသာ မိုးဦးည လုပ်လိုက်နိုင်လျှင် ဒီထက်ပိုပြီး သိပ်ကို ကျော်ကြားသွားတော့မှာ။ ပရိသတ်ရဲ့ ချစ်မြတ်နိုး ခြင်းကိုလည်း ခံယူရမှာ မလွဲချေ။ ထိုခဏမှာ မိုးဦးညက ချိုချိုကလေး ပြုံးလိုက်ကာ . . .

"ဘယ်သူမှ မဦးစေရပါဘူး . . . ကိုနေသန်ရဲ့ သမီးရင်ထဲမှာ နေရာ တစ်နေရာပဲ ရှိပါတယ် . . . အဲဒီနေရာကို ဘယ်သူမှ လာဦးလို့မရအောင် သမီးကိုယ်တိုင် ကိုနေသန်အတွက် ဦးထားပေးပါတယ်"

ဟု ချစ်စဖွယ် အမူအရာကလေးနှင့် ပရိသတ်၏ နှလုံးသားကို ဆွဲခါ လှုပ်ရမ်းလိုက်သလို အဖြေပေးလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ သူက ဟေးခနဲ ထခုန်ပစ်လိုက်သလို . . . ပရိသတ်ရဲ့ အော်ဟစ်သြဘာပေးသံတွေကလည်း တော်တော်နှင့် မရပ်စဲတော့လောက်အောင် အုတ်အော်သောင်းတင်း ဖြစ်သွားတော့သည်။ မိုးဦးညက စင်ပေါ်မှ အပြေးကလေး ဆင်းလာခဲ့သည်။ သူက စင်ပေါ်မှာ ကျန်ရစ်ခဲ့ပြီး သီချင်း ဆက်ဆိုပါသည်။ ထင်မှတ်မထားသော သူ့ရဲ့ ဆန်းသစ်တီထွင်မှုတစ်မျိုးဖြင့် မိုးဦးညနှင့်သူ ချစ်သူတွေအဖြစ် လူသိရှင်ကြား တရားဝင် ပြောင်းလဲသွားခဲ့တော့သည်။ နောက်ရက်တွေမှာ ထွက်လာသော ဂျာနယ်တွေမှာ သူနှင့် မိုးဦးညတို့ ကဗျာဆန်ဆန် ချစ်သူတွေ ဖြစ်သွားကြသော ဇာတ်လမ်းကလေးကို ပုံပြင်တစ်ပုဒ်ပမာ တဖွဲ့တနွဲ့ သတင်းတွေ ဝေဝေဆာဆာပင်ပါလာခဲ့ပါသည်။ တစ်နေ့နေ့မှာ သူမတို့နှစ်ယောက် ချစ်သူတွေ ဖြစ်လာကြလိမ့်မည်ဟု အားလုံးက ကြိုတင်မျှော်လင့် ခန့်မှန်းထားခဲ့ပြီးသား ဖြစ်သည်။ ဖေဖေနှင့် မေမေတို့ကလည်း အပြစ်မဆိုပါ။ ဖြူစင်၊ ယုယနှင့် လိမ္မာတို့ကလည်း သူတို့မျှော်လင့်





ထားပြီးသားမို့ ဘာမှ မထူးဆန်းတော့သလိုပင် ထိုပြောင်းလဲခြင်းကို ဝေဖန်ခြင်းမရှိ လက်ခံလိုက်ကြသည်။

မိုးဦးညသည် သူ့ရဲ့ချစ်သူ ဖြစ်ခွင့် ရလိုက်ခြင်းအတွက် နည်းနည်းကလေးမှ နောင်တမရပါ။ အဲဒါကို အမှားတစ်ခုလို့လည်း . . . မခံစားရပါ။ မိုးဦးညအတွက် . . . ပျော်ရွှင်စရာတွေ အောင်မြင်ကျော်ကြားမှုတွေ . . . ကြည်နူးရင်ခုန်ရခြင်းတွေနှင့် အသစ်အဆန်းတွေသာ ရောက်ရှိလာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည် မျှော်လင့်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင့်အတွက် Designer Show ပွဲတစ်ပွဲ မမ စီစဉ်ပေးမလို့ . . . နောက်ထပ် ညနေခင်းဝတ်စုံတွေနဲ့ ဂါဝန် Design အသစ်တွေ မမ လိုချင်တယ်၊ Hotal တစ်ခုမှာ ခမ်းခမ်းနားနား Show ပွဲလုပ်မယ်၊ မမ Model Agency နဲ့ ဆက်သွယ်စကားပြောပြီးပြီ၊ ကိုယ်လိုချင်တဲ့ Model တွေလည်း ရွေးထားပြီးပြီ၊ မင်းရဲ့ ဝတ်စုံတွေနဲ့





သူတို့နဲ့ လိုက်ဖက်မှု ရှိမှာပါ၊ Model တွေက မမ စိတ်တိုင်းကျ နာမည်ကြီး အပျံစားတွေချည်းပဲ၊ အခုနာမည်ကြီးနေတဲ့ မိုးဦးညလေးလည်း ပါမယ်၊ Model တွေကို တစ်ရက်တော့ချိန်းရမယ် . . . ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ကိုယ်တိုင်းတွေ . . . သီးသန့်ယူပြီး သူတို့နဲ့ လိုက်ဖက်မဲ့ ဝတ်စုံမျိုး ချုပ်ပေးနိုင်ရင် ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းမှာလေ"

"တချို့ဝတ်စုံတွေကို ကျွန်တော်ကိုယ်တိုင်ချုပ်မယ် မမ၊ ကျွန်တော့်မှာ အခု Idea အသစ်အဆန်းတွေ အများကြီးပဲရှိတယ်"

"ကောင်းတယ် မောင် . . . ဒီပွဲက မင်းအတွက် သိပ်အရေးကြီးတဲ့ပွဲနော်၊ ရိုးရိုးသာမာန် Model Show ပွဲ တစ်ပွဲ မဟုတ်ဘူး၊ Designer အနီရင့်ဆိုတဲ့ နာမည်တစ်ခုကို လူတွေအားလုံးက အံ့မခန်း သတိထားမိသွားအောင် မင်းကို ပွဲထုတ်ပေးမှာ . . . မင်းရဲ့ပွဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မမဆိုလျှင် သူ့မိပ်မှေတွ လှုပ်ရှားကာ ပို၍ တက်ကြွထက်သန်လာသည်။ သူ့ရှေ့မှာ အခွင့်အလန်းဆိုသော တံခါးတွေ ပွင့်နေတာ သူ မြင်နေရပြီ။ မမရဲ့ ချစ်သူအဖြစ် . . . မမရဲ့ လောင်းရိပ်အောက်မှာ သူ အမြဲတမ်း မနေချင်ပါ။ သူ့ကိုယ်ပိုင်အစွမ်းအစဖြင့် သူ့ခြေထောက်ပေါ် သူ ရပ်တည်ခွင့်ကိုသာ လိုချင်ပါသည်။ သူသည် မမကို မှီတွယ် အားကိုးနေရသော နွယ်ပင်လို အပင်မျိုး မဖြစ်ချင်။ သူ့ဘာသာသူ လောင်းရိပ်မဲ့စွာ မားမားမတ်မတ် လွတ်လပ်စွာ ထိုးထွက်ရှင်သန်လာသော သစ်ပင်တစ်ပင်သာ ဖြစ်ခွင့်ရချင်သည်။ ထို့ကြောင့် သူ နေ့မအိပ် . . . ညမအိပ် ကြိုးစားပြီး Design အသစ်တွေ ရေးဆွဲပါသည်။ Model တွေအတွက် ကိုယ်တိုင်းယူမဲ့နေ့ မတိုင်ခင် အထိပေါ့လေ။

အဲဒီနေ့က သူ ရုံးကို ရောက်တော့ . . . မမက ဒီနေ့ ရက်ချိန်းရသလောက် Model တချို့ ရောက်လာလိမ့်မည် ဟု ဆိုပါသည်။ Model တွေ ရောက်လာတော့ သူလည်း ရှိနေ





ခဲ့သည်။ သူရှိနေခဲ့ခြင်း Model တွေအတွက် သူတို့နဲ့ လိုက်ဖက်မဲ့ ဝတ်စုံ Design ထုတ်ပေးဖို့ Idea တစ်ခုခုရအောင် ရှိနေခဲ့ခြင်း ဖြစ်သည်။ ကိုယ်တိုင်းယူသူက သီးသန့် အခန်းတစ်ခုထဲမှာ ယူနေခြင်းဖြစ်သည်။ Model တွေထဲမှာ မိုးဦးညကလေးကို ဘာမှ လိမ်းခြယ်မထားသော မျက်နှာ ပြောင်ရှင်းရှင်းကလေးနှင့် ကော်ဖီဖျော့ရောင် ကက်ရှ်မီးယား ဆွယ်တာ လက်တိုကိုယ်ကျပ်ကလေးနှင့် အညိုရင့်နှင့် အညိုနု ရောယှက်ထားသော စကော့ (တ်) ကွက် ဘာဂျာစကတ် အတိုကလေးကို အသားကက်ခြေအိတ် အနက်ရောင်ကလေးနှင့် တွဲဖက်ဝတ်ထားသော ပုံစံကလေးနှင့် တွေ့လိုက်ရချိန်မှာ သူ့ရင်တစ်ခုလုံး လှုပ်ခနဲ ဖြစ်သွားမိခြင်းဖြစ်သည်။ သူမကလည်း . . . သူ့ကို စူးစူးရှရှ ကလေး လှမ်းကြည့်လိုက်ကာ ပြုံးပြနေပါသည်။ ထိုမျက်လုံးကလေးတွေနှင့် ထိုအပြုံးကလေးကို သူ ကောင်းစွာ မှတ်မိသွားပါသည်။ သူ အလုပ်လုပ်ခဲ့သော Master Piece ကော်ဖီဆိုင်ကလေးထဲမှာ သူနှင့် ဝင်တိုက်ခဲ့မိသော ကောင်မလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးညလေးဟု သူ ဘာဖြစ်လို့ ယှဉ်တွဲပြီး မမှတ်မိခဲ့ရတာပါလိမ့်။ အခုလို ဘာမိတ်ကပ်မှ ပြင်ဆင်ခြယ်သထားခြင်းမရှိသော ပကတိအရိုးခံ အပြစ်ကင်းကင်း မျက်နှာကလေးကို မြင်လိုက်ရချိန်ကျမှ သူ ကောင်းကောင်း မှတ်မိသွားခဲ့ခြင်းဖြစ်သည်။ သူမကလည်း သူ့ကို မှတ်မိနေပါသည်။

အဲဒီညမှာ သူ Design ဆွဲဖို့ စားပွဲပေါ်မှာ ထိုင်ပြီး မိုးဦးညလေးရဲ့ ဓာတ်ပုံကလေးကို တသသ ငေးကြည့်နေမိကာ သူမအတွက် Design တစ်ခု ထုတ်ပေးဖို့ စဉ်းစားနေခဲ့သည်။ သို့သော် . . . အံ့သြစရာကောင်းလှစွာ ဘာစိတ်ကူးမှ ခေါင်းထဲ ပေါ်မလာ။ သူ့ရဲ့စိတ်အာရုံတွေ အားလုံးကို သူမကပဲ သိမ်းကျုံး ဖမ်းစားထားခဲ့ခြင်း ဖြစ်သည်။ သူမ၏ အပြစ်ကင်းစင်လှသော မျက်နှာလှလှကလေးနှင့် မျက်ဝန်း ရွှန်းနက်နက်ကလေးတွေကိုသာ အဖန်တလဲ ပြန်မြင်ယောင်နေမိသည်။ ပြီးတော့ . . . သူ့နှလုံးသားဆီမှ တိုးတိတ်ညင်သာသော လှုပ်ရှားသံ သဲ့သဲ့ကိုလည်း ကြားနေရသည်။ ဘာဖြစ်လို့ ဒီလောက်





ကြာမြင့်လှသော အချိန်တွေထဲမှာ သူနှင့် သူမတို့ ပြန်မဆုံခဲ့ရတာပါလိမ့်။ သူ မချင့်မရဲ တွေးမိပါသည်။ မိုးဦးညလေးဆိုသော Model မကလေးတစ်ယောက်ကို အလွန်လှပသော ကလေးဆန်ဆန် နွဲ့ဆိုးဆိုးတတ်သော ချစ်စဖွယ် အမူအရာကလေးတွေ ပိုင်ဆိုင်ထားသော . . . ပြီးတော့ . . . နာမည်ကြီး အဆိုတော် ကိုနေသန့်ဆိုသော သက်ဆိုင်သူ တစ်ယောက်ရှိထားနှင့်ပြီးသား မိန်းကလေးတစ်ယောက်အဖြစ်သာ သူ သိထားခဲ့ပါသည်။ တစ်ချိန်တုန်းက သူနှင့် ဝင်တိုက်ခဲ့မိဖူးသော မျက်နှာပြောင်ရှင်းကလေးနှင့် အပြစ်ကင်းစင်သော မိန်းကလေးဟု သူ လုံးဝ မသိခဲ့။ ဒီနေ့ကျမှ သူမကို ပြန်တွေ့ခွင့်ရခဲ့ခြင်းဖြစ်သည်။ တွေ့လိုက်ရတဲ့ အချိန်ကလေးအတွင်းမှာ သူမရော သူပါ တစ်ယောက်ကိုတစ်ယောက် မမေ့မလျော့ကို မှတ်မိနေခဲ့ကြသည်မှာ မယုံနိုင်စရာပင်။ သူမက နာမည်ကျော် Model မိုးဦးညလေးအဖြစ် . . . သူက Designer အနီရင့်အဖြစ် . . . ပြီးတော့ သူ့ဘေးမှာ သူ့ကို ပိုင်ဆိုင်လွှမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com



ထားသော မမ ညမွှေးလေပြေဆိုသော ချစ်သူတစ်ယောက် ရှိနေနှင့်ခဲ့ပြီ။ သူနှင့် မိုးဦးညလေးတို့ စကားနည်းနည်းတော့ ပြောဖြစ်ခဲ့ပါသည်။ ထွေထွေထူးထူးတော့ မဟုတ်ပါ။ သူက မိုးဦးညလေးကို တရင်းတနှီး နှုတ်ဆက်ခဲ့မိခြင်းဖြစ်ပြီး . . . မိုးဦးညကလေးကလည်း ကော်ဖီဆိုင်ထဲမှာ သူမတို့ တစ်ချိန်တုန်းက ဝင်တိုက်ခဲ့မိဖူးတာကို အမှတ်တရရှိနေခဲ့ကြောင်း ပြန်ပြောပြခြင်းဖြစ်သည်။ အဲဒီအချိန်တုန်းက သူ့ဆီမှ လွင့်စဉ်ကျသွားခဲ့သော Design စာရွက်တွေကို သူမ မှတ်မိနေသေးကြောင်းနှင့် သူ့ကို အခုလို Designer တစ်ယောက်အဖြစ် သူမ မသိခဲ့ကြောင်းတွေ ဖြစ်သည်။ အဲဒီအချိန်မှာ မမက သူတို့ရှိရာဆီသို့ လျှောက်လာခဲ့ပြီး သူ့ရဲ့လက်ကို ပိုင်စိုးပိုင်နင်းပင် လှမ်းဆွဲခေါ်ယူသွားခဲ့သောကြောင့် သူနှင့် မိုးဦးညလေးတို့ စကားစ ပြတ်သွားကြခြင်းဖြစ်သည်။

မမက သူ့ကို အလွန်သဝန်တို ကတ်စေးနှဲတတ်ပါသည်။ ဘယ်မိန်းကလေးနှင့်မှ စကားပြောတာ မကြိုက်





ရင်းနှီးတာမကြိုက်၊ ပြုံးပြနှုတ်ဆက်တာကိုလည်း မကြိုက်ချင်။ သူ့ကို မမကသာ လုံးဝ ပိုင်ဆိုင်ကြောင်း အမြဲတမ်း မကျွပ်တိုင်တက်ပြလေ့ ရှိတတ်သူ ဖြစ်ပါသည်။ မမရဲ့ဘေးမှာ သူ အနေရခက် ကျဉ်းကျပ်မိသည်ကတော့ အမြဲလိုလိုပါပဲ။ အမြဲတမ်း မမရဲ့ အလိုကျ မမမျက်နှာ မညိုရလေအောင် မမစိတ်တိုင်းကျ ရုပ်သေးရုပ်တစ်ရုပ်လို သူ နေထိုင်ခဲ့ရသည်မှာ အကျင့်တစ်ခုလိုတောင် ဖြစ်နေပြီ။ မမ မကြိုက်ဖူးဆိုရင် သူ မလုပ်တတ်တော့သည် အထိပင်။ မမကို လွှမ်းမိုးချုပ်ကိုင်လှချည့်ဟု အပြစ်မမြင်နိုင်။ မမသည်' သူ့အတွက် အောင်မြင်မှုတံခါးတွေကို ဖွင့်လှစ်ပေးနိုင်သည့် သူ့ဘဝတစ်ခုလုံးကို မြင့်မားတောက်ပလာအောင် စီရင်ဖန်းဆင်းနိုင်စွမ်းရှိသည့် တန်ခိုးရှိသည်။ သူ့ရဲ့ အိပ်မက်တွေကို တကယ်ဖြစ်လာအောင် မမကပဲ လုပ်ပေးနိုင်သည်။ ထို့ကြောင့် မမကို သူ ဘယ်တော့မှ ကလန်ကဆန် မလုပ်ဝံ့ပါ။

ဒီနေ့ မိုးဦးညလေးကို ပြန်တွေ့လိုက်ရချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့ရင်ထဲမှာ အလွန်ထူးဆန်းသော ခံစားချက်တစ်ခု ပေါ်လာခဲ့သည်။ အဲဒီခံစားချက်က သူ့ရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးလိုက်ရသလို နှမြောတမ်းတသွားငဲ့သော . . . သူ့ကိုယ်သူလည်း ဘာလိုအပ်မှန်းမသိ တစ်ခုခု လိုအပ်နေသလို လှစ်ဟာသွားမိသော ခံစားချက် ဖြစ်သည်။ မမရဲ့ချစ်သူအဖြစ် သူ့ကိုယ်သူ နှမြောသွားမိသလိုမျိုး . . . နောင်တရမိသလိုမျိုး ခံစားလိုက်မိတာဆိုလို့ အဲဒီ အချိန်ကလေး တစ်ချိန်းတည်းမှာသာ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သူမကိုလည်း အဆိုတော်နေသန်ရဲ့ချစ်သူဆိုသော အသိကြီးဟို သူ မနှစ်သက်နိုင်သလိုပင်။ အဲဒါကြီးကို အမှားအယွင်းတစ်ခုအဖြစ် သူ ကြက်ခြေခတ်ပစ်ချင်နေသည်။ သူ ဘာဖြစ်နေသလဲဆိုတာကို စဉ်စားလို့မရ။ တစ်ခုခုကို နှမြောနေတာကိုတော့ ဝန်ခံရမည်။ သူ့ကိုယ်သူရော သူမကိုရော သူ နှမြောနေတာ။ ထိုအတွေးကြောင့် မမကိုပင် သူ ပြန်၍ အားနာသွားမိသေး၏။ ထိုညတစ်ညလုံး သူ တစ်မေးကလေးမှပင် မမေးလိုက်ရ။ အလုပ်လည်း မပြီး





မြောက်။ Design တစ်ခုတလေတောင် သူ မဆွဲနိုင်ခဲ့။ မိုးဦးညလေး အကြောင်းကိုချည်း ထပ်တလဲလဲ တွေးနေမိခြင်းကို သူ ကြိုးစားပြီးတော့ မေ့ဖျောက်ကြည့်ပါသေးသည် . . . မရချေ။ သူမ မျက်နှာကလေးကိုသာ တရစ်ဝဲဝဲ မြင်ယောင်နေသည်။ ထိုညတစ်ညလုံး သူ ဘာတွေ လုပ်နေမိသလဲဆိုရင် ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာပါသမျှ မိုးဦးညလေးရဲ့ ပုံတွေ အားလုံးကို ကတ်ကြေးတစ်လက်ဖြင့် စိတ်ရှည်လက်ရှည် လိုက်ညှပ်ဖြတ်နေမိခြင်း ဖြစ်သည်။ ထို့နောက် . . . အဲဒီပုံတွေအားလုံးကို သူ့ကုတင်ခေါင်းရင်းက နံရံမှာ . . . ကုတင်ဘေးက နံရံတွေမှာ အနှံ့အပြား သူ လိုက်ကပ်နေခဲ့မိခြင်းဖြင့် မိုးစင်ဖင် လင်းသွားခဲ့ခြင်း ဖြစ်သည်။ သူ့ရဲ့ မျက်ဝန်းရွှေ့လျားရာ နေရာတိုင်းမှာ မိုးဦးညလေးရဲ့ ပုံတွေရှိနေသော ထိုမြင်ကွင်းကို သူ တိတ်တဆိတ် သဘောကျကပ်ထားခဲ့မိခြင်းအတွက် သူ နောင်တမရ။ ဒီလုပ်ရပ် တစ်ခုအတွက်တော့ မမကို မကြောက်မိ။ မမ သိသွားမှာကိုလည်း မစိုးရိမ်မိ။ အဘယ်ကြောင့်ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com



မမက သူ့အခန်းထဲ ဘယ်တော့မှ ဝင်မလာမှာ သေချာသော ကြောင့် ဖြစ်သည်။



တစ်ခုခုတော့ မှားနေပြီဟု မိုးဦးည ခံစားနေရသည်။ ဘာမှားမှန်းတော့ သေချာမသိ။ တစ်ခါတုန်းက ကော်ဖီဆိုင်ထဲမှာ မတော်တဆ ဝင်တိုက်ခဲ့မိသော မျက်ဝန်းနက်နက်တွေဖြင့် ထိုကောင်လေးသည် အခုတော့ Designer အနီရင့်တဲ့။ ညမွှေးလေပြေဆိုသော နာမည်သိပ်ကြီးသည့် Designer မမရဲ့ နံ့ဘေးမှာ ရောက်နေသည်။ အချိန်တွေ ဘယ်လောက်ကြာသွားခဲ့ပါလိမ့်။ ဒီအတောအတွင်းမှာ သူနှင့် ဘယ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်မဆုံမိခဲ့ကြ။ မတော်တဆကလေးတောင် မဆုံမိခဲ့ကြပါလားကွယ်။ မိုးဦးညကိုယ်တိုင်လည်း ကိုယ့်အာရုံနှင့်ကိုယ် . . . ကိုယ့်အလုပ်နှင့်ကိုယ်မို့ အဲဒီကောင်လေးကို သတိပင် မရဘဲ မေ့လျော့နေခဲ့မိသည်။ သို့သော် . . . အခုလို မမျှော်လင့်သောနေရာမျိုးမှာ ရုတ်တရက်ကြီး ဘွားခနဲ ပြန်တွေ့လိုက်ရတော့လည်း သူ့ကို မိုးဦးည ကောင်းကောင်းမှတ်မိနေခဲ့သည်မှာ ထူးတော့ ထူးဆန်းသား။ အဲဒီထက် ပိုထူးဆန်းတာက သူ့ကို ပြန်တွေ့လိုက်ရချိန်မှာ ရင်ထဲ သိပ်ကို လှုပ်ခတ် ပျော်ရွှင် ရင်ခုန်သွားမိခြင်း ဖြစ်သည်။ မိုးဦးညကိုယ်တိုင် ကိုယ် ဘယ်လောက် ရင်ခုန်နေသလဲဆိုတာ အသိဆုံး ဖြစ်သည်။ ပြီးတော့ ဘာကြောင့်မှန်းမသိ သိပ်လည်း ပျော်တာပဲ။ သူ့ကို ပြန်တွေ့လိုက်ရသည့် အတွက်လေ။ သူနှင့် စကားတွေ အများကြီးပဲ ပြောချင်နေမိသေးသည်။ သူ့မျက်နှာကို ကြွေ့ပင် မဆည်နိုင်ဘဲ တငေးတမော လှမ်းကြည့်နေမိသည်မှာ ကိုယ့်ကိုယ်ကို





ချစ်သူရှိပြီးသား မိန်းမတစ်ယောက်အဖြစ်ရော . . . နာမည်ကြီး Model တစ်ယောက်အဖြစ်ကိုပါ မေ့လျော့သွားခဲ့သည် အထိပင်။

သူနှင့်စကားတွေ အမျှင်မပြတ်အောင် ပြောချင်နေသေးသော်လည်း ညမွှေးလေပြေက သူ့လက်ကို ပိုင်ပိုင်နိုင်နိုင် လှမ်းဆွဲခေါ်ယူသွားခဲ့သည်မှာ အမေတစ်ယောက်က သူ့သားကို ပိုင်စိုးပိုင်နင်း ခေါ်သွားပုံမျိုး။ ပြီးတော့ သူနှင့် မပေါင်းနဲ့ . . . ဟု မိုးဦးညကို ပြောသွားသလိုမျိုး မိုးဦးညရင်ထဲ အောင့်သက်သက်ကလေး ဖြစ်လျက် ကျန်ရစ်ခဲ့ရသည်။ သူနှင့် ညမွှေးလေပြေဟာ ချစ်သူတွေဆိုတာကို မေးကြည့်စရာ မလိုဘဲ ညမွှေးလေပြေရဲ့ သူ့အပေါ် ဆက်ဆံတဲ့ပုံစံကို မြင်နေရရုံနှင့်တင် သိသာလှပါသည်။ ကိုယ်တိုင်းယူပြီး မိုးဦးည ပြန်ခါနီးမှာ သူ့ကို နှုတ်ဆက်စကား ဆိုခဲ့ချင်သေးသော်လည်း သူ့ကို ထပ်မတွေ့ရတော့။ ညမွှေးလေပြေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကနေ သူ ပြန်ပြီးတော့ ထွက်မလာတော့ချေ။ အဲဒီအတွက် ရင်ထဲမှာ စနိုးစနောင့်နှင့် တစ်ခုခုကို မကျေနပ်သလို . . . မခံချင်သလို . . . နာကျင်သလို ခံစားလိုက်ရတာတော့ အသေအချာပင်။

ထိုနေ့တစ်နေ့လုံး မိုးဦးညရဲ့ စိတ်နှလုံးကို သူက သိမ်းပိုက်စိုးစံ ထားခဲ့သည်မှာ အံ့သြစရာ။ နံဘေးမှာ ကိုနေသန်တစ်ယောက်လုံး ရှိနေလျက်နှင့် တခြား ယောကျ်ားလေးတစ်ယောက်ကို သတိရနေမိသည်မှာ သိပ်တော့ မကောင်းမွန်း သိပေမယ့် မိုးဦးညမှ မတတ်နိုင်ဘဲ။ သူ့အကြောင်းကို ထပ်မတွေးတော့ဘူး . . . ဟု ကိုယ့်ကိုယ်ကို သတိထားပြီး နေကြည့်ပါသေးသည်။ ခဏလေး မတွေးဘဲ နေမိပြီး ဖျတ်ခနဲ သတိပြန်ရစဉ်မှာ ကိုယ့်စိတ်က သူ့ဆီ ပြန်ရောက်နေပြန်ပြီ။ နောက်ဆုံးတော့ ဘယ်လိုမှ တားမရတဲ့ အတူတူ သူ့အကြောင်းတွေကိုသာ လျှောက်တွေးနေခဲ့မိသည်။





သူရော . . . မိုးဦးညအပေါ်မှာ ဘယ်လို ခံစားချက်မျိုး ရှိနေမလဲ။ အို . . . သူ့မှာ မက်မောစွဲလမ်းစရာ ချစ်သူ တစ်ယောက်လုံး ရှိနေပြီးသားပဲ . . .။ မိုးဦးညကို သူ သတိတောင် ရချင်မှရမှာပါ။ ဘာကြောင့်များ သူ့အကြောင်းကို ဆက်တွေးချင်နေရတာလဲ။ သူ့အကြောင်းတွေးနေမိတော့ရော မိုးဦးညအတွက် ဘာတွေ ထူးခြား ပြောင်းလဲလာမှာမို့လို့လဲ။ မိုးဦးညမှာလည်း ချစ်သူတစ်ယောက် ရှိနေနှင့်ခဲ့ပြီ။ မိုးဦးညနှင့် သူ့အကြားမှာ ဘယ်လိုမှ တစ်ယောက်ရှိရာဆီ ကျန်တစ်ယောက်က လျှောက်လှမ်းလာဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ စည်းတွေ တားထားပြီးသားလေ။

ထိုညမှာ မိုးဦးညသည် ထိုအကြောင်းကို တစ်ယောက်ယောက်ဆီမှာ ရင်ဖွင့်ပြောပြချင်စိတ်ကို ဘယ်လိုမှ တားဆီးမရသောကြောင့် ဖြူစင့်ဆီသို့ ဖုန်းခေါ်လိုက်မိသည်။

"ဖြူစင် . . . ငါ ဟိုကောင်လေးနဲ့ ပြန်တွေ့တယ်၊ နင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသေးလား . . . Masterpiece ကော်ဖီဆိုင်ထဲမှာ ငါနဲ့ ဝင်တိုက်ခဲ့မိတဲ့ ကောင်လေးလေ . . . အဲဒီတုန်းက နင်တို့တောင် ငါနဲ့ သူ့ကို နောက်ခဲ့ကြသေးတယ်လေ"

မိုးဦးညက နိဒါန်း ချီလိုက်ရုံဖြင့် အလွန်အကင်းပါးသော ဖြူစင်က ချက်ချင်းပဲ မှတ်မိသွားကာ . . .

"အေး . . . ငါမှတ်မိတယ်၊ အဲဒီကောင်လေးက မျက်လုံးတွေ အရမ်းလှတယ်လေ၊ မျက်လုံးတွေက စူးရှနက်မှောင်ပြီး အရမ်း ဆွဲဆောင်မှုရှိတယ်၊ အဲဒါကြောင့် ငါ မှတ်မိနေတာ ပြောပါဦး . . . သူနဲ့ နင်က ဘယ်လိုလုပ်ပြီး ပြန်တွေ့ကြတာလဲ . . . ဘယ်မှာလဲ"

"Designer ညမွှေးလေပြေရဲ့ ရုံးမှာ . . . ဒီနေ့ ငါတို့ကိုယ်အတိုင်း သွားပေးရတယ်၊ သူ့ရဲ့ Fashion Show အတွက်လေ၊ အဲဒီမှာ သူ့ကို Designer တစ်ယောက်အဖြစ်နဲ့ ငါ ပြန်တွေ့ခဲ့ရတာ"

"သူက Designer"

ဖြူစင်က တအံ့တသြ ပြန်မေးပါသည်။

"အေး . . .. ဟုတ်တယ် သူက Designer၊ ပြီးတော့ ညမွှေးလေပြေနဲ့ ချစ်သူတွေ ဖြစ်နေကြတယ်လို့ ငါထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါနဲ့သူ စကားတွေ ပြောနေကြတုန်းမှာ ညမွှေးလေပြေက သူ့လက်ကို ဆွဲပြီး ပိုင်စိုးပိုင်နင်းပဲ ခေါ်ထုတ်သွားတယ်"

"နင့်အတွက် ဘာများ ထူးခြားမှု ရှိလာလို့လည်း မိုးဦးည . . . နင် ဘာဖြစ်နေလို့လဲ၊ အဲဒီကောင်လေးနဲ့ ပြန်တွေ့တာကို ရေးကြီးခွင်ကျယ်လုပ်ပြီး အရေးတယူ ပြန်ပြောနေပုံ ထောက်ရင်တော့ ငါ ခန့်မှန်းကြည့်မယ်၊ နင့်စိတ်တွေ သူ့အပေါ်မှာ မရိုးသားဘူးမှတ်လား . . . ဖောက်လွှဲဖောက်ပြန် ဖြစ်လာခဲ့တယ်မှတ်လား၊ မှန်မှန်





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း . . . မိန်းမ"

ဖြူစင်က တထစ်ချ စွပ်စွဲပုံမျိုးဖြင့် အသေအချာ ပြောသောအခါ မိုးဦးည မငြင်းနိုင်ပါ။

"ဟုတ်တယ် . . . ငါ့စိတ်ထဲမှာ တစ်ခုခု ဖြစ်လာခဲ့သလို ပဲ၊ တစ်ခုခုတော့ မှားနေပြီလို့ ငါထင်တယ်၊ ငါ့မှာ ကိုနေသန်တစ်ယောက်လုံး ရှိနေလျက်နဲ့ သူ့အပေါ် စိတ်မလှုပ်ရှားသင့်ဘူးလို့ ငါထင်တယ် . . . ပြီးတော့ သူ့မှာလည်း သက်ဆိုင်သူကြီးနဲ့၊ အဲဒါကို သိသိကြီးနဲ့ ငါ သူ့အကြောင်းပဲ တွေးနေမိတယ် . . . ဘာဖြစ်မှန်း လဲ မသိဘူး၊ ငါ တစ်ခါမှ အခုလို ယောကျ်ားလေးတစ် ယောက်ကို သတိတရ ဖြစ်မနေခဲ့ဖူးဘူး"

"ဒါကတော့ ဖြစ်တတ်ပါတယ်ဟာ . . . နင့်ဘဝမှာ ချစ်သူဆိုလို့ ကိုနေသန်ကိုပဲ ပထမဦးဆုံး စ,ထားခဲ့ဖူး တာလေ၊ အဲဒီကောင်လေးက ငါ မှတ်မိသလောက်





ပြန်တွေးကြည့်ရရင် စိတ်ဝင်စားဖို့ကောင်းတယ်၊ ဆွဲဆောင်မှုရှိတယ်၊ ရုပ်ချောတယ် . . . ၊ နင့်နေရာမှာ တခြားမိန်းကလေး တစ်ယောက်ယောက်ဆိုရင်လည်း သူ့ကို စိတ်ဝင်စားမိမှာပဲ၊ အဲဒီတော့ နင့်ကိုယ်နင် အပြစ် တင်မနေနဲ့၊ နင် သူ့ကို စိတ်ဝင်စားမိတာဟာ ကိုနေသန်ကို သစ္စာဖောက်တာလည်း မဟုတ်ဘူး . . . စိတ်ဆိုတာ အစိုးရတာမှ မဟုတ်တာ . . . သူ စွဲ ချင်တဲ့ အရာတွေကို စွဲလမ်းမိမှာပဲ၊ မစွဲလ

တားဆီး

ပြီး နော

ပျောက်

"ငါ သူ

သူနဲ့ ဒေ

တယ်၊

www.burmeseclassic.com

ပါဘူး၊ တကယ်လို့ သူ့ဘက်က ငါနဲ့တွေ့ချင်တယ်လို့ လှုပ်ရှားလာခဲ့ရင် ငါ ဘာလုပ်ရင် ကောင်းမလဲ၊ သူနဲ့ ထပ်တွေ့တာကတော့ တွေ့ရဦးမှာပဲ . . . fashion show ပွဲကလည်း ရှိသေးတယ်လေ"

"နင်က ဘာဖြစ်လို့ အဲဒါကို ကြိုပြီးတော့ တွေးနေရတာလဲ . . . သူ့ဘက်က နင့်ကို တွေ့ချင်ပါတယ်လို့ ပြောလာလိမ့်မယ်လို့ နင် မျှော်လင့်နေတယ်မှတ်လား"

"အဲဒါတော့ ငါ မသိဘူးဟယ် . . . ဒါပေမယ့် ငါ့စိတ်ထဲမှာ အလိုလို သိနေသလိုပဲ၊ သူလည်း ငါ့လိုပဲ တစ်ခုခုတော့ ဖြစ်နေလိမ့်မယ်ဆိုတာ . . .၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ မျက်လုံးတွေကို ငါ သေသေချာချာ မြင်လိုက်ရတယ်၊ အဲဒီမျက်လုံးတွေက ငါ့အပေါ်မှာ သာမန်ယောက်ျားမှ ရိုးကျ အပေါ်ယံကြည့်တဲ့ မျက်လုံးမျိုးတွေ မဟုတ်ဘူး၊ တစ်ခုခု ပျော်ဝင်နေတဲ့ မျက်လုံးတွေမျိုး၊





ပြီးတော့ နင်စဉ်းစားကြည့်စမ် . . . သူ ငါ့ကို မြင်မြင်ချင်း မှတ်မိနေတယ်"

"မိုးဦးညရယ် . . . အဲဒါ မဆန်းပါဘူး၊ နင့်လို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားလေးကမှ မမှတ်မိဘဲ နေမှာမဟုတ်ပါဘူး၊ နေဦး . . . ငါ တစ်ခုမေးမလို့၊ နင် ကိုနေသန့်ကိုရော တကယ်ချစ်ရဲ့လား၊ ကိုနေသန့်ကိုသာ နင် တကယ် စွဲစွဲလမ်းလမ်း လေးလေးနက်နက် ချစ်နေခဲ့တယ်ဆိုရင် နောက်ထပ် ဘယ်ယောကျ်ားလေးကိုမှ နင် ပြောင်းပြီး စိတ်ဝင်စားစရာ အကြောင်းမရှိဘူးလေ . . ."

ဖြူစင့်ရဲ့ မေးခွန်းက မိုးဦးညရဲ့ နှလုံးသားဆီသို့ တည့်တည့်မတ်မတ်ပင် ထိမှန်သွားခဲ့ပါသည်။

"ငါပြောရင် နင် အံ့ဩမှာပဲ ဖြူစင်၊ ငါ ကိုနေသန့်ကို ချစ်သလားလို့ ခုချိန်ထိ ငါ့ကိုယ်ငါ တစ်ခါမှ ပြန်မမေးကြည့်မိသေးဘူး၊ ကိုနေသန့်ကို ချစ်သူအဖြစ် ချစ်သင့်

www.burmeseclassic.com



တယ် . . . လက်တွဲသင့်တယ်လို့ အလိုအလျှောက် တုံ့ပြန်စိတ်နဲ့ သူ့ရဲ့အချစ်ကို ငါ လက်ခံခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ . . . သူက ငါ့ရဲ့ ကျေးဇူးရှင်လေ၊ သူ ငါ့ကို လုပ်ပေးထားခဲ့တာတွေ အများကြီးပဲ၊ ငါ့ဘက်က သူ့ကို ဘယ်လိုမှ ငြင်းလို့မကောင်းဘူး၊ သူလိုချင်တာကို ငါ ပြန်ပေးသင့်တယ်ဆိုတဲ့ အသိစိတ်တစ်ခုတည်းနဲ့ ငါ သူ့ကို အဖြေပြန်ပေးခဲ့တာ၊ နောက်တစ်ခုက သူ့ရဲ့ ချစ်သူ ဖြစ်ခွင့်ရရင် ငါ ပိုပြီး ပျော်လိမ့်မယ်လို့ ထင်လို့ သူ့ရဲ့ချစ်သူအဖြစ် လက်ခံခဲ့တာ"

"အေးလေ . . . အခု နင် ပျော်တယ်မဟုတ်လား"

"ငါ့ကိုယ်ငါ ပျော်နေတယ်လို့ပဲ ထင်ခဲ့ပါတယ် . . . ဒီနေ့ အနီးရင့်ဆိုတဲ့ သူနဲ့ ပြန်မတွေ့ခင် အချိန်အထိပေါ့၊ ငါလုပ်ခဲ့သမျှအားလုံးဟာ အမှန်တွေချည်းပဲ . . . အမှားတစ်ခုမှ မပါဘူး၊ နောင်တရစရာ ဘာမှမရှိဘူးလို့ ငါထင်ထားခဲ့သမျှဟာ သူ့ကို ငါ ပြန်တွေ့လိုက်ရတဲ့





အချိန်မှာ အားလုံး တက်တက်စင်အောင် လွဲနေခဲ့တယ်၊ သူနဲ့ တစ်ချိန်ချိန်မှာ ပြန်တွေ့လိမ့်မယ်လို့ ငါ ဘာလို့ မယုံကြည်ခဲ့တာလဲ၊ ငါ ဘာဖြစ်လို့ သူ့ကို စိတ်ရှည်လက်ရှည် စောင့်မနေခဲ့ရတာလဲ . . . ဘာဖြစ်လို့ သူနဲ့ မတွေ့ခင် ကိုနေသန်နဲ့ ချစ်သူတွေ ဖြစ်နေခဲ့ရတာလဲလို့ ငါ့ကိုယ်ငါ နောင်တရတဲ့ . . . နှမြောတဲ့ မေးခွန်းတွေ ငါ ပြန်မေးလာမိပြီ၊ အဲဒါ ဘာကြောင့်လို့ နင်ထင်သလဲ"

"ဟာ . . . စိတ်ရှုပ်လာပြီဟာ၊ မိုးဦးညရယ် နင် ဒီနေ့ ဘာမှမတွေးဘဲ အေးအေးဆေးဆေး အိပ်လိုက်ရင် ကောင်းမယ်၊ နင်တွေးတာတွေ သိပ်များနေပြီ . . . ငါပြောမယ် . . . ရှင်းရှင်းပဲ ပြောလိုက်မယ်၊ နင်နဲ့သူ ဘယ်လိုမှ ဇာတ်လမ်းဆက်စရာအကြောင်း မရှိဘူး၊ ဆက်လို့လည်း မရဘူး၊ သူ့မှာလည်း သူ့ချစ်သူနဲ့သူ . . . နင့်မှာလည်း နင့်ချစ်သူ ရှိထားပြီးသား၊ နင်တို့နှစ်ယောက် ရိုးရိုးသာမန် မိတ်ဆွေတွေအဖြစ်ကလွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ပြောင်းလဲစွန့်စားလို့ မရတော့ဘူး၊ နင် သူ့ကို စိတ်ဝင်စားနေတယ်ဆိုရင်တောင် နင်တို့ ပြန်တွေ့တဲ့ အချိန်ဟာ သိပ်နောက်ကျနေပြီလို့ပဲ မှတ်လိုက်တော့၊ ကိုနေသန်ဟာ နင့်အပေါ် အစစ အရာရာ သိပ်ကောင်းလွန်းပါတယ်ဟာ၊ အပြစ်တင်စရာ ချွတ်ယွင်းချက်လည်း ဘာတစ်ခုမှ မရှိဘူး၊ အားလုံး ပြီးပြည့်စုံနေပြီးသား လူတစ်ယောက်၊ နင့်ကိုလည်း သိပ်ချစ်တဲ့ ချစ်သူတစ်ယောက်၊ အဲဒီချစ်သူကို နင် ဘာနဲ့ လဲမလို့လဲ၊ နင် စိတ်ကစားနေတာပါ . . . ငါ နားလည်ပါတယ်၊ နင့်ဘဝမှာ အခုချိန်ထိ အားလုံးက အဆင်သင့် . . . အရန်သင့် လွယ်လင့်တကူ ဖြစ်ခဲ့တာတွေချည်းပဲ၊ ဘယ်တုန်းကမှ စွန့်စားရတာတွေ . . . အတိုက်အခံ လုပ်ရတာတွေမှ မရှိခဲ့တာ၊ ဒါကြောင့် . . . နင် နည်းနည်း စွန့်စားချင်စိတ် ပေါက်နေတာလည်း ဖြစ်မှာပါ၊ ကိုနေသန်က နင့်ကို သိပ်ချစ် . . . သိပ်အလိုလိုက်





လွန်းလို့ တမင်သက်သက် ဆိုးချင်တာလည်း ဖြစ်ချင် ဖြစ်မှာပါ။ ကဲကဲ . . . အိပ်တော့ မိုးဦးညရယ်၊ ငါလည်း အိပ်ချင်ပြီ . . . နောက်နေ့မှတွေ့မယ် . . . ဟုတ်ပြီလား . . . တာ့တာ"

ဖြူစင်က ဖုန်းချသွားသည်။ မိုးဦးညတစ်ယောက်တည်း အတွေးတွေ ဗရပွဖြင့် တလူးလူး တလိမ့်လိမ့် ကျန်ရစ်ခဲ့သည်။ သူ့အကြောင်းကို ဆက်ပြီး မတွေးဘဲ မနေနိုင်။ ထို့ကြောင့် ဆက်တွေးမိပါသည်။ မဖြစ်နိုင်ဘူးဆိုတာ သိလျက်နှင့် သူ့ဆီက မတော်တဆများ ဖုန်းဆက်လာမလား . . . ဟု မျှော်လင့်မိသေးသည်။ မိုးဦးညရဲ့ ဖုန်းနံပါတ်ကို စုံစမ်းဖို့ဆိုတာ အလွယ်ကလေးပါ။ သူ ဘာဖြစ်လို့ မဆက်သလဲ။ သူ့ကို မိုးဦးည သတိရ တမ်းတနေမိတဲ့ ဒီလိုအချိန်မျိုးမှာ သူကရော ဘာလုပ်နေမလဲ။ မိုးဦးည သိချင်လိုက်တာ . . .။

www.burmeseclassic.com

www.burmeseclassic.com



Designer အနီရင့်ရဲ့ Fashion ပြပွဲ . . . ဟု ခေါင်းစဉ်တပ်ထားသော ထို Fashion Show ကို Hotel တစ်ခုမှာ ခမ်းခမ်းနားနား ကျင်းပခဲ့ပါသည်။ သူ့ရဲ့ Design တွေက ခေတ်မီ Style ကျကာ လွတ်လပ်ပေါ့ပါးလှသည်။ ညနေခင်းဝတ်စုံ Evening Dress နှင့် ဂါဝန် Design ဆန်းဆန်းများကို ဆန်းသစ်တီထွင်ထားသည်။ Model တွေ အများအပြားနှင့် ထို Fashion Show က စည်ကားသိုက်မြိုက်စွာ စာနယ်ဇင်း





ပုဂ္ဂိုလ်တွေ . . . မင်းသမီးတွေ . . . အဆိုတော်တွေနှင့် လုပ်ငန်းရှင်တွေ စိတ်ဝင်တစား တက်ရောက်အားပေးကြရသော ပွဲတစ်ပွဲလည်း ဖြစ်သည်။ ညမွှေးလေပြေရဲ့ အရှိန်အဝါနှင့် ဆိုပေမယ့် ထိုပွဲမှာ Designer အနီရင့်ရဲ့ လက်ရာတွေကို လူတိုင်း မချီးမွမ်းဘဲ မနေနိုင်။

မမညမွှေးလေပြေ၏ မျက်နှာပေါ်မှာ သူ့ရဲ့ အောင်မြင်မှုအတွက် ကျေနပ်ဂုဏ်ယူနေသော ပီတိပြုံးကို သူမြင်နေရသည်။ သူကိုယ်တိုင်လည်း အလွန် စိတ်လှုပ်ရှားရင်ခုန်ကာ ပျော်ရွှင်နေခဲ့သည်။ ဒါဟာ သူ့ရဲ့ ပွဲပဲ။ အဲဒီပွဲမှာ မိုးဦးညလေးအတွက် သူ ဖန်ဆင်းပေးခဲ့သော ဝတ်စုံကလေးမှာ အနုစိတ်လက်ရာတွေနှင့် အလွန် ဆန်းကျယ်သော ဂါဝန်ကလေးဖြစ်သည်။ ပိုးဖြောင် ခရမ်းရောင်ပေါ်မှာ ဒေါင်းအမြီးမှ အမွေးအကွက်ကလေးတွေကို လှပစွာ Design ထွင်ပြီး ကပ်သီချုပ်ထားခြင်းဖြစ်သည်။ ထိုဝတ်စုံက အလှဆုံးလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ . . . လူပြောလည်း များဆုံး၊ စိတ်ဝင်စားစရာလည်း အကောင်းဆုံးဖြစ်သည်။ ထိုဝတ်စုံဝတ်ပြီး မိုးဦးညလေး စင်မြင့်ထက်ဆီမှာ ကြွရွစွာ ကြော့ကြော့မော့မော့ကလေး လျှောက်လှမ်းလာစဉ်မှာ ပရိသတ်ရဲ့ လက်ခုပ်သံတွေ ကျယ်ကျယ်လောင်လောင်ပင် ထွက်ပေါ်လာခဲ့သည်။ လှလိုက်တာ . . . အရမ်းလှတာပဲဆိုသော စကားသံတွေ လူတိုင်းလိုလိုရဲ့ နှုတ်ဖျားတွေဆီမှ ထွက်ပေါ်လာခဲ့သည်။ မိုးဦးညရဲ့ နှုတ်ခမ်းကလေးက ဖူးဖူးကြွကြွကလေး ရှိနေကာ မျက်ဝန်းတို့ကတောက်ပစူးနစ်လွန်းသည်မို့ တကယ့်ကို ဒေါင်းမျိုးမကလေးတစ်ကောင်လိုပင် ရင်သပ်ရှုမောဖွယ် လှပလွန်းနေသည်။ သူ မိုးဦးညရဲ့ အလှကို ရှုမငြီးနိုင်သလို မျက်တောင်မခတ် . . . အသက်ရှူဖို့ပင်-မေ့လျော့နေစွာ ငေးစိုက်ကြည့်နေမိစဉ် မမက သူ့ဘက်တစ်ချက်လှမ်းကြည့်ကာ . . .

"မောင့်ရဲ့ Design တွေထဲမှာ မိုးဦးညလေးဝတ်ထားတဲ့





ဝတ်စုံက အလှဆုံးပဲ . . . သိလား၊ အရမ်း Elegant ဖြစ်တာပဲ၊ မောင် သူ့အတွက် ရည်ရွယ်ပြီး သီးသန့်ချုပ်ပေးတာများလား"

ဟု ခပ်စူးစူး လှမ်းမေးသည်။ သူ ဘာဖြေရမှန်းမသိဘဲ ပြုံးရုံသာ ပြုံးလျက် . . .

"မဟုတ်ပါဘူး မမရယ် . . . သူနဲ့ အရမ်းလိုက်သွားတာပါ"

ဟု ဖြေလိုက်မိသည်။ မိုးဦးညလေးက စင်ပေါ်ကနေ သူ့ဆီသို့ တည့်တည့်ပင် စိုက်ကြည့်ကာ လှပစွာ ပြုံးပြသွားသောအခါ သူ့ရင်ထဲ ထိတ်ခနဲ ရင်ခုန်သွားသလို မမထံမှ 'ကျစ်ခနဲ' စိတ်မရှည်သလို စုတ်သပ်လိုက်သံ ထွက်လာသည်။

"မိန်းကလေးတွေကလည်းနော် . . . ယောကျ်ားချောချောမြင်ရင် ကြွန်မြေကို မရဘူး၊ ပိုင်ရှင်ရှိမှန်း မသိဘူးလား မသိ . . . ကဲလိုက်တာ လွန်ရော"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုး ပွစိစိ ရေရွတ်နေသည်။ မိုးဦးည ရဲ့ မျက်ဝန်းတွေထဲက အဓိပ္ပါယ်ကို သူ ကောင်းစွာ နားလည် နေသလိုပင်။

မိုးဦးညသည် ထိုဝတ်စုံကလေးကို ဘယ်လို သဘောကျ မက်မောသွားမိမှန်း မသိ။ ဝတ်စုံကလေးက ခပ် ဆန်းဆန်း . . . ဒေါင်းအမြီးကွက်ကလေးများဖြင့် လှပစွာ ချုပ်ထားသော ဝတ်စုံကလေးဖြစ်သည်။ အဲဒီ ဝတ်စုံကလေးကို သူကိုယ်တိုင် Design ဆွဲပြီး ချုပ်ထားခဲ့တာဆိုသော အသိဖြင့် ထိုဝတ်စုံကလေးအပေါ် မက်မောသာယာမှုက မိုးဦးည၏ နှလုံးသားတစ်ခုလုံးကို လွှမ်းခြုံဖုံးအုပ်ထားသည်။ Fashion Show ပွဲ အပြီးမှာ ဝတ်စုံတွေကို အသီးသီး ပြန်ပေးရသည် မှန်သော်လည်း ထိုဝတ်စုံကလေးကိုတော့ မိုးဦးညက လိုချင် မက်မောသွားခဲ့သောကြောင့် အနီရင့်ရှိရာဆီသို့ ချဉ်းကပ်လာခဲ့ မိသည်။ အနီရင့်ရဲ့ဘေးမှာ ညမွှေးလေပြေ ရှိနေတာကို





သိသော်လည်း ဂရုမစိုက်နိုင်ဘဲ . . .

"ကျွန်မ ဒီဝတ်စုံကလေးကို အရမ်းကြိုက်တာပဲ အနီ ရင့်ရယ်၊ အမှတ်တရ သိမ်းထားချင်လို့ ဒီဝတ်စုံကလေး ကို ကျွန်မဝယ်လို့ ရမလားဟင်"

ဟု ချိုမြသော အပြုံးကလေးနှင့် လှမ်းမေးလိုက် သည်။ သူက တစ်ခုခု ပြန်ပြောဖို့ နှုတ်ခမ်းဟလိုက်စဉ်မှာ ညမွှေးလေပြေက မြွေတစ်ကောင် ပါးပျဉ်းထောင်လိုက်သလို အမူအရာမျိုးနှင့် ခပ်ဆင်ဆင်တူစွာ . . . ခေါင်းကို ဆတ်ခနဲ လှည့်ကြည့်လိုက်ကာ . . .

"ဆောရီးပဲ . . . မိုးဦးညလေး၊ ဒီဝတ်စုံက ရောင်းဖို့ မဟုတ်ဘူး၊ Not For Sale . . ."

ဟု ခပ်ဆတ်ဆတ်လေသံဖြင့် လှမ်းပြောလိုက် သည်။ သူ့မျက်နှာပေါ်မှာ မိုးဦးညကို အားနာသွားသော အရိပ် များ ထင်းခနဲ သီးသွား၏။ မိုးဦးညသည် ညမွှေးလေပြေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံကြီး ဆက်ပြောမနေချင်သောကြောင့် ပန်းကလေး တစ်ချက်တွန့်ကာ ထိုနေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ မခံချိ မခံသာနှင့် အောင့်သက်သက် ဖြစ်နေသည်။ တမင်သက်သက် ညမွှေးလေပြေ ပညာပြလိုက်သည် ဆိုတာကိုလည်း ကောင်းကောင်း ခံစားနားလည်နေသည်။ ငါ ဘာဖြစ်လို့ ညမွှေးလေပြေ ရှိနေတုန်းမှာ သူနဲ့ စကားသွားပြောဖို့ ကြိုးစားခဲ့မိတာပါလိမ့် . . . မှားလိုက်တာဟု နောင်တလည်းရမိကာ ညမွှေးလေပြေကို ဘယ်လို အမျိုးသမီးလဲ . . . ဟု စိတ်ချဉ်ပေါက်သွား၏။ သူ့ရည်းစားကိုများ ကဲကဲဆတ်တွန့်တိုနေလိုက်တာ . . . ဘယ်သူကများ သူ့ရည်းစားကို လုမှာမို့လို့တုန်း။ အဲဒီလောက် ဆက်ဆံရေး မခေါင်းပါးသင့်ပါဘူး။ ညမွှေးလေပြေဟာ အလျှင်က အဲဒီလောက် ဆက်ဆံရေးညံ့တဲ့ မိန်းမတစ်ယောက် မဟုတ်ခဲ့ပါဘူး။ အခုကျမှ ဘာဖြစ်လို့ အဲဒီလောက် ပြောင်းလဲသွားရတာလဲ။ သေချာတာက





တော့ အနီရင့်ကြောင့်ပဲ ဖြစ်မှာ။ ညမွှေးလေပြေရဲ့ မျက်နှာတစ်ခုလုံးပေါ်မှာ အနီရင့်အပေါ် မက်မောစွဲလမ်းသော . . . ယှဉ်ပြိုင်သူ ပေါ်လာမှာ မလိုလားသော . . . စိုးရိမ်ကြောင့်ကြစိတ်တို့က တစ်ပုံတစ်ပင်။ အဲဒါက အသိသာကြီးပင် . . . မိုးဦးည၏ ဉာဉ်ဆိုးကလေးက ဖျတ်ခနဲတော့ မဖြစ်နိုင်ဘူးဆိုလျှင် မဖြစ်ဖြစ်အောင် အရွဲ့တိုက်ပြီး ရအောင် လုပ်တတ်သော ဉာဉ်ဆိုးကလေးပေါ့။ ခေါင်းမြီးကွက်ကလေးတွေနှင့် ထိုဝတ်စုံကလေးကို လိုချင်လွှန်းလှလို့တော့ မဟုတ်ပါ။ Not For Sale ဟု . . . ညမွှေးလေပြေက တမင်တကာ ခပ်ရင့်ရင့် ကြောကြော တင်စီးသွားတာကို မခံချင်သောကြောင့် ဖြစ်သည်။ အနီရင့်ကို ဆက်သွယ်ဖို့ဆိုတာ မိုးဦးညအတွက် မခက်ခဲလှပါ။ ထိုဇာတ်လမ်းကို ဆက်ဖြစ်အောင် ဆက်မည်ဟု မိုးဦးညက ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၆)

သူ့ရဲ့ Mobile ဖုန်းမြည်သံ တီးလုံးကလေး မြည်လာချိန်တွင် သူထင်လိုက်သည်က မမဆီကပဲ ဖြစ်မည်ဟူ၍ ဖြစ်သည်။ ဖုန်းကိုင်လိုက်တော့ မမရဲ့ နံပါတ်မဟုတ်။ ဒီ Mobile ကို မမက သူ့ကို အမြဲ ဆက်သွယ်လို့ရနေအောင် ပေးထားခဲ့ခြင်း ဖြစ်သည်။

"ဟဲလို . . ."

"အန်တီရှင့်ပါလား . . ."

တစ်ဖက်က မိန်းကလေးသံချိုချိုကလေး ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်နှင့် သူ့စိတ်ထဲမှာ မိုးဦးညလေးများလား . . . ဟု ထိတ်ခနဲ မျှော်လင့်ရင်ခုန်သွား၏။ သူ့စိတ်ထဲမှာ မိုးဦးည သူ့ဆီ ဖုန်းဆက်လိမ့်မည် . . . ဟု အလိုလိုကို ထင်နေခဲ့သည်မှာ ဘာကြောင့်မှန်း မသိချေ။

"ဟုတ်ပါတယ် . . . မိုးဦးညလေးများလားဟင်"

အနီရင့်ရဲ့ ပြန်မေးလိုက်သံကြောင့် တစ်ဖက်မှ မိုးဦးညသည် မျက်ခုံးကလေးတွေ စုံပင့်တက်သွားကာ တအံ့တသြ ဖြစ်သွားရလျက် . . .

"ကျွန်မ ဆက်လိမ့်မယ်လို့ အနီရင့် ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်"

အနီရင့်က မိုးဦးညမှန်း သေချာသွားပြီမို့ အလိုလိုနေရင်း ပျော်ရွှင်လန်းဆန်းလာကာ . . .

"ဒီလိုပဲပေါ့ . . . ကျွန်တော့်စိတ်ထဲမှာ မိုးဦးည ကျွန်တော့်ဆီ ဆက်လာလိမ့်မယ်လို့ အလိုလို သိနေ





တယ်၊ မနေ့က ကိစ္စအတွက် ကျွန်တော် တောင်းပန်ပါတယ် . . . မမက တမင်သက်သက် ပြောလိုက်တာပါ"

"Not For Sale ဆိုတာ တကယ် မဟုတ်ဘူးမှတ်လား"

"တကယ်တော့ မဟုတ်ပါဘူး . . . ဒါပေမယ့် မမက ဘယ်လိုပြောရမလဲ၊ ကျွန်တော်နဲ့ ပတ်သက်ရင် နည်းနည်း သဝန်တိုတတ်တယ်၊ မိုးဦးညလေးက ကျွန်တော့်ဆီမှာ တိုက်ရိုက် လာမေးလိုက်တော့ သူ တင်းသွားပြီး တမင်သက်သက် ပြောလိုက်တာပါ၊ မိုးဦးညလေးနဲ့ အဲဒီဝတ်စုံကလေးက ဘယ်လိုလိုက်မှန်း မသိဘူး၊ ကျွန်တော် ကြည့်လို့တောင် မဝဘူး . . . တကယ်၊ မိုးဦးညလေး အဲဒီဝတ်စုံကို တကယ်လိုချင်နေတယ်ဆိုရင် ကျွန်တော် မိုးဦးညလေးအတွက် လက်ဆောင်အဖြစ် ပေးပါ့မယ်၊ Designer တစ်ယောက်က Model တစ်ယောက်ကို အမှတ်တရ လက်ဆောင်အဖြစ်တော့ ပေးခွင့်ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အို . . . တကယ်လားဟင် . . . မိုးဦးည အရမ်းလိုချင်နေတာ"

မိုးဦးညသည် ကိုယ့်ဘက်က တကူးတကကြီးတောင် တောင်းဆိုနေစရာမလိုဘဲ သူ့ဘက်က အလိုလိုနေရင်းကို အမှတ်တရအဖြစ် လက်ဆောင်ပေးပါမည် . . . ဟု ဆိုလာသောအခါ မျှော်လင့်ထားသည်ထက် ပိုပြီး လွယ်ကူနေတာကို အံ့လည်းသြကာ ပျော်လည်း ပျော်သွား၏။

"တကယ်ပြောတာပါ . . . မနက်ဖြန် မိုးဦးညကို ကျွန်တော် ဘယ်မှာ လာပေးလို့ရမလဲ"

အနီရင့်သည် သူ့ကိုယ်သူ ဘာကြောင့် အခုလောက် ရဲရင့်နေမှန်း သူကိုယ်တိုင်ပင် နားမလည်ချေ။ အဲဒီဝတ်စုံကလေးကို မိုးဦးညကို ပေးဖို့ဆိုတာ သူ့အတွက် သိပ်မလွယ်လှသော စွန့်စားခန်းတစ်ခု ဖြစ်မှန်း သိသိကြီးနှင့် သူ





စွတ်တိုးနေမိတာ ယုံပင် မယုံနိုင်။

"မနက်ဖြန် သူငယ်ချင်းတွေနဲ့ ကစားကွင်းသွားမလို့ အဲဒီကို လာခဲ့ပါလားဟင်"

တကယ်တော့ မိုးဦးညသည် ကစားကွင်းသွားဖို့ လုံးဝ အစီအစဉ်မရှိပါ။ တမင်သက်သက် သူ့ကို ချိန်းလိုက်မိခြင်း ဖြစ်သည်။

"အိုကေ . . . ဘယ်အချိန်လောက် လာရမလဲ"

"မနက် ၁၁-နာရီလောက်ပေါ့၊ နေ့လည်စာကို ကျွန်မ ကျွေးမယ် . . . ဟုတ်ပြီလား"

"ကောင်းပြီ . . . ကျွန်တော်လာခဲ့မယ်"

မိုးဦးညကို ဖုန်းချလိုက်ပြီးချိန်တွင် သူ့ရဲ့ စွန့်စားခန်း စတင်လေသည်။ သူ ချက်ချင်းလိုလိုပင် အိမ်မှ ထွက်လာခဲ့ကာ Taxi ဖြင့် ရုံးသို့ လာခဲ့သည်။ ဝတ်စုံတွေ အားလုံးကို မမက သူ့ရုံးရှိ အခန်းတစ်ခန်းထဲမှာ နံရံကပ်ဗီရိုများဖြင့် စနစ်



www.burmeseclassic.com

www.burmeseclassic.com



တကျ သိမ်းဆည်းထားခြင်းဖြစ်သည်။ တချို့ကိုတော့ မမရဲ့ဆိုင်မှာ ထားလေ့ရှိသည်။

ညဘက်ကြီး သူ ရုံးသို့ ရောက်လာသောကြောင့် ရုံးအစောင့်က တအံ့တသြဖြစ်လျက် . . .

"အစ်ကိုလေး ဘာများ အရေးကြီးလို့လဲ"

ဟု မေးနေသေးသည်။ သူက မျက်နှာထား မှင်သေသေနှင့် . . .

"အေးကွာ . . . ငါ အရေးကြီးတဲ့ Design စာရွက်တွေ ငါ့အခန်းထဲမှာ ကျန်ရစ်ခဲ့လို့ လာပြန်ယူတာ . . . ဒီည အပြီးဆွဲရမှာကွ၊ ကဲ . . . ငါ့ကို ရုံးခန်းတခါး လိုက်ဖွင့်ပေးစမ်းပါ၊ မင်း အပြင်ကနေပဲစောင့်"

ရုံးအစောင့်ကောင်လေးက သူ့ကို ဘာသံသယမှ မရှိဘဲ အလွယ်တကူပင် တံခါးဖွင့်ပေးလိုက်သည်။ သူ ရုံးထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့ပြီး မမရဲ့ ဝတ်စုံတွေထားသော





အခန်းထဲသို့ တန်းဝင်လာခဲ့သည်။ သူ့ကိုယ်သူ သူခိုးတစ်ယောက်လို စိတ်မလုံခြုံစွာ ခံစားနေရသော်လည်း ဘာကြောင့်မှန်းမသိ သူ ပျော်ရွှင်တက်ကြွနေသည်။ မနေ့က ထိုဝတ်စုံတွေ ဒီအခန်းထဲရှိ ဗီရိုထဲမှာ ထည့်သိမ်းခဲ့မှန်း သူ သိပြီးသားမို့ ဗီရိုတံခါးကို အလွယ်တကူပင် ဆွဲဖွင့်ကာ မိုးဦးည၏ ဒေါင်းဝတ်စုံကလေးကို ခပ်သွက်သွက် ရှာဖွေရသည်။ ဟော . . . တွေ့ပါပြီ။ ဝတ်စုံကလေးကို သူ ခပ်သွက်သွက် ဆွဲဖြုတ်ယူလိုက်ပြီး ဝတ်စုံတွေ ထည့်နေကျ အိတ်အကြီးကြီးဖြင့် ထည့်ယူပြီး ပြန်ထွက်လာခဲ့သည်။ ကားကို ပေါ်တီကိုအဝမှာ ရပ်ခိုင်းထားခြင်းမို့ ကောင်လေး မမြင်နိုင်ခင်မှာ အဝတ်အိတ်ကြီးကို ကားနောက်ခန်းထဲသို့ ခပ်သွက်သွက် ပစ်တင်လိုက်ပြီး သူ ကားရှေ့ခန်းမှာ တက်ထိုင်လိုက်သည်။ ခြံဝကနေ အပြေးကလေး ပြန်ပြေးလာနေသော ကောင်လေးကို . . .

"ကဲ . . . တံခါးတွေ သေသေချာချာ ပြန်ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်နော်၊ ဒါ ပြန်တော့မယ်"

မှာ နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ သူ့စိတ်ထဲမှာ တထိတ်ထိတ်တော့ ရင်ခုန်လှုပ်ရှားနေသည်။ ဒီကိစ္စကို မတော်တဆများ မမသိသွားခဲ့လျှင် ဘယ်လောက်တောင် မိုးမီးလောင်လိုက်မလဲ မသိ။ ဒါပေမယ့် အဲဒီမိုးကို သူ ရင်ဆိုင်ဖို့ သတ္တိတွေ အလိုလိုနေရင်း ပြည့်ဝနေခဲ့သည်။

◂◂ ✕ ▸▸



သာကေတရှိ ရှုခင်းသာ ကစားကွင်းမှာ သူတို့ ချိန်းထားတဲ့အတိုင်း ဆုံမိကြသည်။ မနက်ကတည်းက မမဆီ ဖုန်းဆက်ကာ သူ နေမကောင်း၍ ရုံးမှ ခွင့်တစ်ရက် ယူသည့် အကြောင်း . . . အကြောင်းပြခဲ့ကာ မမ ထပ်ပြီး မဆက်သွယ်နိုင်တော့အောင် သူ့ Mobile ကို အပြီးပိတ်ပြီး အိမ်မှာပဲ ထားပစ်ခဲ့လိုက်သည်။ မမက သူ နေမကောင်းဘူးဆို၍ စိုးရိမ်ပူပန်နေသေးသည်။ နေ့လည်ဘက် သူ့အိမ်သို့ ခဏ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မည်ဟု ဆိုနေသေး၏။ သူက မမကို မလာပါနဲ့ . . . ဟု မတားရဲပါ။ နေ့လည် မမ ရောက်လာခဲ့လျှင် သူ အိမ်မှာ မရှိတာကို သိသွားရုံပင်။ မေမေ့ကို မေးလျှင်လည်း မေမေက သူ ဘယ်ကိုသွားသလဲ ဆိုတာကို ပြောပြနိုင်လိမ့်မည်မဟုတ်။ မမကို အခုလို လုပ်ရဲဖို့ဆိုတာ အရင်တုန်းက သူ စိတ်ကူး၍ပင် မကြည့်ဖူးခဲ့ချေ။

မိုးဦးညက သူငယ်ချင်းတွေနှင့် လာမည် . . . ဟု ဆိုခဲ့သော်လည်း တကယ်တမ်းမှာ သူငယ်ချင်းတွေကို မခေါ်ခဲ့ဘဲ တစ်ယောက်တည်း လာခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်တည်း ကလေးကစားကွင်းထဲမှာ ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေဆဲမှာ မိုးဦးညက . . .

"အနီရင့် . . . ရိုလာကိုစတာ စီးရအောင်၊ ကျွန်မ တစ်ယောက်တည်း မစီးရဲလို့ အဖော်လိုက်စီးပေးပါနော်"





ဟု ဆိုသဖြင့် သူတို့နှစ်ယောက် ရိုလာကိုစတာ အတူတူ စီးဖြစ်သွားကြသည်။ ရိုလာကိုစတာက ဟိုး အမြင့်ကြီးဆီအထိ တက်သွားပြီး ပြုန်းခနဲ ပြန်ဆင်းချိန်မှာ မိုးဦးညသည် အသည်းယားစွာဖြင့် အာခေါင်ခြစ်၍ အော်ကာ အနီရင့်ရဲ့ လက်တစ်ဖက်ကို တင်းတင်းကျပ်ကျပ်ကြီး လှမ်းဆွဲထားလေသည်။ ပြီးတော့ . . . ကလေးလေးတစ်ယောက်လို အားပါးတရ အော်ဟစ်ရယ်မောလိုက်သေးသည်။ အနီရင့်က မိုးဦးညရဲ့ ကလေးဆန်လွန်းသော အမူအရာလေးတွေကို လူကြီးတစ်ယောက်လို အပြုံးမျိုးဖြင့် ပြုံး၍ ငေးကြည့်နေမိသည်။ မိုးဦးညလေးကို မှတ်မိသောသူတွေက စိတ်ဝင်တစား လိုက်ငေးကြည့်ကြသည်။ မိုးဦးညကတော့ ပတ်ဝန်းကျင်ကို သိပ် ဂရုမစိုက်ဘဲ သူမ ကစားချင်သော ကစားနည်းမှန်သမျှကို လိုက်ကစားလျက်ရှိသည်။ သူက မိုးဦးညရဲ့ နံဘေးကနေ တစ်ကောက်ကောက်လိုက်ရင်း သူမ ကစားသမျှကို သူမနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ ကစားနေရသည်။ သူ့တစ်သက်မှာ ဒီလိုကစားကွင်းမျိုး လာဖို့ဆိုတာ ဝေလာဝေးပင်။ မိုးဦးညနှင့်ကျမှ မလာစဖူးရောက်လာခဲ့ရခြင်း ဖြစ်သည်။ ကလေးတစ်ယောက်လို မမောနိုင် . . . မပမ်းနိုင် အားရအောင် ဆော့လို့ ဝပြီဆိုတော့မှ မိုးဦးညက . . .

"ကဲ . . . ကျွန်မတို့ နေ့လည်စာကို ဘယ်မှာ သွားစားကြမလဲ"

ဟု . . . ဗိုက်ဆာလာသလို ပြောလေသည်။

သူက . . .

"မိုးဦးည ဆော့လို့ကော ဝပြီလား . . ."

ဟု ကလေးတစ်ယောက်လို မေးသလို မေးရသည်။ မိုးဦးညက ကြည်ကြည်လင်လင်ကလေး ပြုံးရယ်ပြကာ ခေါင်းကလေး ဆတ်ခနဲ ညိတ်ပြရင်း . . .

"အင်း . . . ဆော့လို့ဝပြီ . . . ဗိုက်ဆာလာပြီ၊





ကျွန်မက ဒုတ်ထိုးစားချင်တာ၊ အနီရင့်က ဘာစားချင်လဲဟင်"

"မိုးဦးည စားတာပဲ စားမှာပေါ့၊ ဒုတ်ထိုး စားမယ်ဆိုရင် မြို့ထဲကို ပြန်ကြတာပေါ့ . . . မပြန်ခင် မိုးဦးည အတွက် ကိုယ် လက်ဆောင်တစ်ခုပေးမယ် . . ."

ဟု သူကဆိုပြီး အရုပ်ကောက်သော စက်ရှေ့မှာ သွားရပ်လိုက်ပြီး ပိုက်ဆံထည့်ကာ အရုပ်တစ်ရုပ် ကြိုးစား၍ ကောက်ယူလိုက်သည်။ ကံကောင်းစွာပင် သူ ရလိုက်သော အရုပ်ကလေးက ပန်းရောင်အစင်းကြားကလေးနှင့် Bunny ယုန် အရုပ်ကလေး ဖြစ်နေသည်။ သူက Bunny ရုပ်ကလေးကို မိုးဦးညဆီသို့ လှမ်းပေးလိုက်ရင်း . . .

"သိပ်ကလေးဆန်တဲ့ ကောင်မလေးအတွက်"

ဟု ပြောလိုက်သည်။ မိုးဦးညက Bunny ရုပ်ကလေးကို ချစ်စနိုး ပွေ့ပိုက်ထားရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ အနီရင့် . . . ကျွန်မက အရုပ်တွေ သိပ်ကြိုက်တာ၊ ကိုနေသန်ကဆိုရင် ကျွန်မကို နေ့တိုင်း အရုပ်တွေ တစ်နေ့တစ်ရုပ် ဝယ်ပေးတတ်တယ်၊ ကျွန်မ အခန်းထဲမှာ အရုပ်တွေ အများကြီးပဲ . . . သိလား"

ဟု ပြောလိုက်သောအခါ သူ့စိတ်ထဲ မနာလိုသလို တစ်မျိုးကြီး ဖြစ်သွားကာ . . .

"အဲဒီအရုပ်တွေနဲ့ ကိုယ်ပေးတဲ့ အရုပ်ကလေးကို ရောမထားနဲ့နော် . . . သီးသန့်ခွဲထား"

ဟု ကလေးဆန်ဆန်ပင် မှာလိုက်သည်။ မိုးဦးညက သူ ဘာဖြစ်သွားသလဲဆိုတာ ရိပ်မိလိုက်ဟန်ဖြင့် ပြုံးစိစိကလေး သူ့ကို ကြည့်နေသည်။

မြို့ထဲသို့ ပြန်လာခဲ့ကြပြီး ဝက်သားဒုတ်ထိုးဆိုင်တစ်ဆိုင်မှာ သူတို့နှစ်ယောက် ထိုင်ပြီး ဝက်သားဒုတ်ထိုးတွေ အားရပါးရ စားဖြစ်ကြသည်။ သူ တုတ်ဒိုးမစားရတာ ဘယ်





နှလောက်တောင် ကြာပြီလဲ . . . မမနှင့် ချစ်သူတွေ ဖြစ်ပြီးကတည်းက ဆိုပါတော့။ မမက သူ့ကို လမ်းဘေးဆိုင်တွေမှာ ဖြစ်ကတတ်ဆန်း စားသောက်တာမျိုးကို လုံးဝ ခွင့်မပြုချေ။ မမနှင့်အတူ ဆိုင်ကြီးဆိုင်ကောင်းတွေမှာသာ အဆင့်အတန်းရှိရှိ အေးအေးဆေးဆေး လိုက်စားရတာက များသည်။ အခုလို လမ်းဘေးမှာ ဟန်ဆောင်ခြင်း အလျဉ်းမရှိ . . . အားပါးတရ ဒုတ်ထိုးတွေ တစ်ချောင်းပြီးတစ်ချောင်း စားနေသော မိုးဦးညလေးကို ထိုင်ကြည့်နေရသည်မှာ မမနှင့်အတူတူ Hotel တွေ Restaurant တွေမှာ ဣန္ဒြေကြီး တစ်ခွဲသားနှင့် ကိန်းကြီးခန်းကြီးနိုင်စွာ လိုက်စားရသည်ထက် အများကြီး ပိုပြီး စိတ်ပေါ့ပါး ပျော်ရွှင်ဖွယ် ကောင်းပါသည်။ မိုးဦးညက သူမကို မှတ်မိ၍ ပြုံးကြည့်သွားကြသော သူတွေကို အပြုံးမပျက်ပင် ပြန်နှုတ်ဆက်၏။ သူမကိုယ် သူမ Celebrity တစ်ယောက်ရယ်လို့ ဣန္ဒြေကြီး တစ်ခွဲသားနှင့် မနေချေ။ သူမကို ကြည့်ရသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ သာမန် မိန်းကလေးတစ်ယောက်သို့ပင် လွတ်လပ်ပေါ့ပါး လွန်းနေသည်။ ဒုတ်ထိုးတွေ အားပါးတရ စားပြီးချိန်မှာတော့ မိုးဦးညက . . .

"အနီရင့် . . . ကျွန်မ အိမ်သာတက်ချင်လိုက်တာ"

ဟု မျက်နှာကလေး အနည်းငယ် ရှုံ့မဲ့ကာ ခပ်တိုးတိုး လှမ်းပြောလျှင် သူ အံ့လည်းသြကာ ရယ်လည်း ရယ်ချင်သွားသည်။ သူနှင့် အခုမှ စပြီး ရင်းနှီးတာဖြစ်ပေမယ့် မိုးဦးညဟာ နည်းနည်းကလေးမှ ဟန်ဆောင်ခြင်း မရှိချေ။ သူနှင့် အနှစ်နှစ်အလလက ရင်းနှီးထားကြပြီးသူတွေလိုပင် ဆက်ဆံပုံက ပွင့်လင်းရင်းနှီးလှသည်။

"အိမ်သာတက်ချင်လို့ . . . အဲဒါဆိုရင် ကိုယ်တို့ ကော်ဖီဆိုင် တစ်ဆိုင်ဖြစ်ဖြစ် ဝင်ထိုင်မှ ဖြစ်မှာပေါ့။ ကဲ . . . လာ . . . ရှေ့နားမှာ ကော်ဖီနဲ့ အအေးဆိုင် တစ်ဆိုင်ရှိတယ်၊ အဲဒီဆိုင်ထဲ ဝင်ရအောင်"





သူတို့နှစ်ယောက် ကော်ဖီဆိုင်ကလေးဆီသို့ အတူတူ လျှောက်လာခဲ့မိကြပြန်သည်။ ဆိုင်ထဲမှာ ထိုင်ပြီး သူက ကော်ဖီနှစ်ခွက် မှာပြီးချိန်မှာ မိုးဦးညက အိမ်သာရှိရာဆီသို့ ဖျတ်ခနဲ ထသွားသည်။ အမှန်အတိုင်း ဝန်ခံရလျှင် သူ မိုးဦးညနှင့် လမ်းမခွဲချင်သေးပါ။ ကော်ဖီဆိုင်မှာ ထိုင်ပြီးလျှင် သူမနှင့် စကားတွေ အေးအေးဆေးဆေး ထိုင်ပြောချင်နေသေးသည်။ ဘာတွေ ပြောရမှန်း မသိ။ ပြောချင်နေတာတွေကတော့ အများကြီး။

ခဏအကြာမှာ သူမက ပြုံးစိစိ မျက်နှာပေးကလေးဖြင့် ပြန်လျှောက်လာကာ . . .

"အခုမှပဲ ပေါ့ပါးသွားတော့တယ် . . . ဒုတ်ထိုးတွေနဲ့ အချဉ်တွေ မဟားတရားစားပြီး ဗိုက်က ချက်ချင်းကို နာလာတာ . . . သိလား"

ဟု ရိုးသားပွင့်လင်းစွာပင် ပြောပြနေလိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ရယ်ချင်လာသောကြောင့် အသံမထွက်အောင် ခပ်ကျိတ်ကျိတ် ရယ်မောမိသည်။

"အောင်မယ် ... အနီရင့်က ဘာရယ်နေတာလဲ၊ အိမ်သာတက်တာများ ရယ်စရာကောင်းလို့လား၊ အနီရင့်ကော အိမ်သာ မတက်ဖူးဘူးလား"

"တက်တော့ တက်ဖူးတာပေါ့ ... ဒါပေမယ့် မိုးဦးည ကို ကျွန်တော် အံ့ဩနေတာ၊ မိုးဦးညလို နာမည်ကြီး Model ကောင်မလေးတစ်ယောက်ဟာ ပဲတွေ ခပ်များများ ... ကွန်ဒြေတွေ၊ စတိုင်(လ်)တွေ၊ မလိုင်တွေနဲ့ ကိန်းကြီးခန်းကြီး နိုင်လိမ့်မယ်လို့ ထင်ထားတာ၊ အခု တော့ တကယ့်ကို အပြစ်ကင်းတဲ့ ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်ကို ထိုင်ကြည့်နေရသလိုပဲ၊ မိုးဦးည ကြည့်ရတာ ဟန်မဆောင်တတ်ဘူးနော်"

"ဟင့်အင်း ... ကျွန်မ တကယ် ဟန်မဆောင်တတ်





ဘူး၊ ဟိုး အရင်ကတည်းက ကျွန်မရဲ့ ပုံစံဟာ ဒီအတိုင်း ပဲ ... Model တစ်ယောက် ဖြစ်လာတော့လည်း ဘာမှ ထူးထူးခြားခြားကြီး ပြောင်းလဲမသွားပါဘူး၊ အလုပ်လုပ်တဲ့ အခါကျရင်တော့ အလုပ်နဲ့တူအောင် လုပ်တာပေါ့လေ၊ သာမန်အချိန်တွေမှာ ဆိုရင်တော့ ကျွန်မရဲ့ပုံစံက အရှိကို အရှိတိုင်းပဲ ..."

"သဘောကျတယ်ဗျာ ..."

သူက ရယ်သံဖြင့် ချီးကျူးလိုက်လျှင် မိုးဦးည က...

"ကျွန်မသိသားပဲ ... လူတိုင်းက ကျွန်မကိုမြင်ရင် သဘောမကျဘဲ မနေနိုင်ကြဘူး ... ဟား ဟား"

ဟု ရွှတ်နောက်နောက် အမူအရာကလေးဖြင့် ပြောကာ ရယ်မောလေသည်။ သူမ ဟက်ဟက်ပက်ပက် ရယ်မောနေဟန်ကလေးကို သူ သတိလက်လွတ် ငေးစိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ဖြူဖွေးညီညာလွန်းသော သွားကလေးတွေ စီတန်းစွာ ပေါ်လျက် ရယ်မောနေဟန်ကလေးမှာ စွဲမက်စဖွယ် ရှိလွန်းလှသည်။ သူ ငေးကြည့်နေတာကို မိုးဦးညက ချက်ချင်း သတိထားမိသွားပြီး ...

“ဘာကြည့်နေတာလဲ ... ဟင်”

ဟု ပြန်မေးလိုက်လျှင် သူ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားလျက် ...

“ကြည့်ကောင်းလို့ ကြည့်မိတာပေါ့ဗျာ”

ဟု ခပ်တိုးတိုးပြန်ဖြေလိုက်မိသည်။ မိုးဦးညက သူ့ကို ရွှန်းစိုဖြာလဲ့နေသော မျက်ဝန်းများဖြင့် အသံတိတ်ပြန်စိုက်ကြည့်နေကာ ဘာစကားမှ ထပ်မပြောတော့ချေ။

“ဒီကပြန်ရင် မိုးဦးည ဘယ်သွားမလဲ ဟင်”

“ကျွန်မ အိမ်ပဲ ပြန်တော့မလို့ ... ဒီနေ့ တစ်နေ့လုံး ဘာအလုပ်မှ မရှိဘူးလေ၊ ကျွန်မ သိပ်လိုချင်နေတဲ့ ဒီ





ဒေါင်းဝတ်စုံကလေးအတွက်ရော ... ဒီနေ့တစ်နေ့လုံး ကျွန်မနဲ့အတူတူ အပျော်တွေမျှဝေပေးခဲ့တဲ့အတွက်ရော အနီရင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ် ... နောက်ထပ် ဆုံဖြစ်ကြလိမ့်ဦးမယ်လို့ ကျွန်မ မျှော်လင့်ပါတယ်”

သူ့ရင်ထဲ လှပ်ခနဲ ဟာသွားသည်။ အဲဒါ မိုးဦးညက သူ့ကို နှုတ်ဆက်တဲ့စကား ဆိုတာပေါ့။ သူ ဘယ်လောက်ထိ ဆက်ပြီး အချိန်ဆွဲထားလို့ ရနိုင်မလဲ။ ကော်ဖီသောက်ပြီးသွားချိန်မှာ မိုးဦးညက ...

“ပြန်ကြစို့နော် ...”

ဟု ဆိုပြီး ဖျတ်ခနဲထရပ်လိုက်သည်။ သူတို့နှစ်ယောက် ဆိုင်ထဲကနေ အတူတူ ထွက်လာခဲ့ကြပြီး သူက စိတ်ကူးတစ်ခုရကာ ...

“မိုးဦးညကို ကျွန်တော် အိမ်အထိ လိုက်ပို့ပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ. . . မိုးဦးညကို ပို့ပေးပြီးမှ ကျွန်တော်ပြန်မယ်"

"အင်းလေ . . . ကောင်းသားပဲ"

Taxi တစ်စီးငှားပြီး မိုးဦးညရဲ့ အိမ်ကို အရင် ပြန်လိုက်ပို့လိုက်သည်။ ပြီးမှ သူ့အိမ်သို့ ပြန်လာခဲ့သည်။ သူ့အိမ် ရှေ့သို့ ရောက်သောအခါ မမရဲ့ ကားကြီး ရပ်ထားသည်ကို တွေ့လိုက်ရလျှင် သူ ထိပ်ခနဲ ဖြစ်သွား၏။ မမကို သူ ဘယ်လို ရင်ဆိုင်ရမလဲ မသိချေ။ ဧည့်ခန်းသို့ သူရောက်သွားသောအခါ မမရဲ့ မျက်နှာထား တင်းတင်းကို ရင်ဆိုင်လိုက်ရသည်။မေမေ က သူပြန်လာတော့ မမနှင့် စကားပြောနေရာမှ ထထွက်ပြီး ရှောင်ပေးသွားပါသည်။

"နေမကောင်းတဲ့လူနော် . . . တစ်နေကုန်အပြင်ထွက် ပြီး လျှောက်သွားနေတယ်ပေါ့လေ၊ အဲဒါ ဘာသဘော လဲ အနီရင့်၊ မင်း ငါ့ကို ဘာအချိုး ချိုးတာလဲ"

"ဘာအချိုးမှ ချိုးတာ မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်





ဒီနေ့တစ်ရက် ဘာအလုပ်မှ မလုပ်ချင်လို့ လျှောက်သွား နေမိတာပါ"

"ဘာဖြစ်လို့ အဲဒီလို လျှောက်သွားချင်ရတာလဲ . . . မင်းတစ်ယောက်တည်းမှ ဟုတ်ရဲ့လား . . . တခြား ဘယ်သူပါသေးသလဲ"

"ဘယ်သူမှ မပါပါဘူး . . . ကျွန်တော် တစ်ယောက် တည်းပါ၊ ကျွန်တော့်ခေါင်းတွေ ရှုပ်ထွေးနေလို့ စိတ်ပြေ လက်ပျောက် လျှောက်သွားနေတာပါ"

"နေစမ်းပါဦး . . . မင်းက ဘာကိစ္စ ခေါင်းရှုပ်ထွေး နေရတာလဲ၊ ဘယ်အရာက မင်းကို ခေါင်းရှုပ်ထွေး အောင် လုပ်နေလို့လည်း၊ ငါ့အပေါ်မှာ မင်း မကျေနပ် တာ တစ်ခုခုများ ရှိသလား"

"မရှိပါဘူး မမရယ် . . . မမအပေါ် ကျွန်တော် မကျေနပ်စရာ ဘာမှ မရှိပါဘူး၊ ကျွန်တော်ပြောပြီးပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လျှောက်သွား ချင်စိတ် ပေါ်လာလို့ လျှောက်သွားနေမိတာပါ”

“နောက်တစ်ခါ အဲဒီလိုစိတ်မျိုး ဘယ်တော့မှ ပေါ်မလာစေနဲ့ . . . ဟုတ်ပြီလား၊ မင်း အဲဒီလို လျှောက်သွားချင်တယ်ဆိုရင် ငါ့ကိုပြော၊ ငါလည်းလိုက်မယ်၊ နောက်ပြီး ငါ့ကို ဘယ်တော့မှ မလိမ်နဲ့လို့ မင်းကို ဘယ်နှစ်ခါပြောထားရမလဲ၊ ငါကတော့ . . . မင်းတကယ်နေမကောင်းဖြစ်တယ်ထင်ပြီး စိုးရိမ်လိုက်ရတာ . . . Hotel ကနေ စားစရာတွေဝယ်ပြီး အမောတကောနဲ့ ရောက်လာတော့ အိမ်မှာ မင်းက မရှိဘူး၊ နောက် . . . ဘယ်တော့မှ ငါ့ကို အဲဒီပုံစံမျိုး မချိုးပါနဲ့ . . . ကြားလား”

“စိတ်ချပါ မမ . . . ကျွန်တော် နောက် အဲဒီလို မဖြစ်စေရပါဘူး၊ မမကို လိမ်မိတဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်”





“ကဲ . . . စကားမရှည်နဲ့၊ ငါရောက်နေတာကြာလှပြီ . . . အခုထက်ထိ နေ့လည်စာတောင် မစားရသေးဘူး . . . ညနေတောင် စောင်းနေပြီ၊ ကဲ . . . လာဝယ်လာတဲ့ဟာတွေ ပြန်နွှေးပြီး စားလိုက်ကြရအောင်”

မမက ထမင်းစားခန်းထဲသို့ သူကိုယ်တိုင် လိုက်ဝင်လာပြီး မေမေနှင့်အတူ ဟင်းတွေကူနွှေးပေးလျှက် ထမင်းစားပွဲဝိုင်းမှာ ပြင်ဆင်နေသည်။ သူ မမကို အသာခိုးကြည့်နေမိရင်း မမအပေါ် သူ မရိုးသားစွာလှည့်စားခဲ့မိသည့်အတွက် မမကို တိတ်တဆိတ် အားနာနေမိသည်။ မေမေနှင့်မမကတော့ အကြီးအကျယ် သင့်မြတ်ချစ်ခင်လျက်ရှိကာ စကားတပြောပြော ရယ်ရယ်မောမောဖြင့် ရှိသည်။ မမက သူတစ်ယောက်တည်းကိုသာ မဟုတ် မေမေ့ကိုပါ အပိုင် စည်းရုံး လွှမ်းမိုးထားခဲ့ခြင်းဖြစ်သည်။ မေမေကလည်း မမမှမမ သဘောတူ ကြည်ဖြူတာမှ တစ်ဖက်ကမ်းတောင် လွန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ညနေစာစားပြီး အေးအေးဆေးဆေးကျမှ မမ ပြန်သွားခဲ့သည်။ မမ ပြန်သွားသောအခါ သူ မိုးဦးညဆီသို့ ဖုန်းဆက်ချင်စိတ် ပေါ်လာသည်။ ဖုန်းခလုတ်တွေ နှိပ်လိုက်ပြီးမှ သူ ပြန်ချထားလိုက်မိသည်။ မမရဲ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာမိသောကြောင့် ဖြစ်သည်။



မိုးဦးညက ဖုန်းခွက်ကလေးကို အသာ ပြန်ချထားလိုက်မိသည်။ ဘယ်နှစ်ကြိမ် ရှိပြီလဲ။ အနီရှင့်ဆီ ဖုန်းဆက်ဖို့ ကြိုးစားလိုက် . . . ပြန်ချလိုက်နှင့် ဖုန်းအနားမှာ ဂနာမငြိမ်ဖြစ်နေသည်မှာ ဆယ်မိနစ်လောက်ကို ရှိပြီ။ ဒီနေ့တစ်နေ့လုံး သူနှင့်အတူ ပျော်ခဲ့ရသော အပျော်သည် မိုးဦးညရဲ့ တစ်သက်မှာ ဘယ်တုန်းကမှ မရခဲ့ဘူးသော အပျော်မျိုးဖြစ်သည်။ အဲဒီကမ္ဘာကြွင်းကို ကိုနေသန့်နှင့်လည်း အခေါက်ခေါက် မရေတွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွာ ရောက်ခဲ့ဖူးပါသည်။ ဒါပေမယ့် အခုလောက် မပျော်ဖူးခဲ့။ သူနှင့်အတူ ဒီနေ့တစ်နေ့တာကို ကုန်ဆုံးဖို့ကြိုတင် ရည်ရွယ်ချက် မရှိခဲ့ပါ။ စိတ်ရဲ့ ဆန္ဒနောက်သို့ အလိုလိုက်မိရင်း သူ့အလိုလို ဖြစ်သွားခဲ့ရခြင်း ဖြစ်သည်။

နောက်ဆုံးတော့ မထူးပါဘူးလေ . . . ဟု တွေးကာ သူ့ဆီ ဖုန်းခေါ်ကြည့်လိုက်တော့ ဖုန်းက Engage ဖြစ်နေသည်။ သူ ဘယ်သူနဲ့ ဖုန်းပြောနေသလဲ . . . သူ့မမကြီးဆီများ ဖုန်းဆက်နေသလားဟု မလိုတမာ အတွေးကလေး ဝင်လာသောအခါ သူ့မရင်ထဲ အနည်းငယ် မသက်မသာ ဖြစ်သွားရသည်။ ငါဘာဖြစ်နေသလဲ . . . သူ့ကို ဘာဖြစ်လို့ အဲဒီလောက် အချိန်တိုတိုကလေးအတွင်းမှာ စွဲစွဲလမ်းလမ်း ဖြစ်သွားခဲ့ရသလဲ။ မဖြစ်သင့်ဖူးမှန်း သိလျက်နှင့် ဇွတ်တိုး မိုက်မဲနေမိတာ ဘာကြောင့်လဲ။ စိတ်ထဲမှာ ဂနာမငြိမ်နိုင်ဘဲ CD ကက်ဆက်ထဲသို့ CD တစ်ချပ် ကောက်ထည့်လိုက်ကာ သီချင်းဖွင့်လိုက်မိ





တော့ . . . ခိုင်ထူးရဲ့ ဆိုင်သူကိုယ်စီနဲ့မို့ သီချင်းက အလွန်တိုက်ဆိုင်လှစွာ ထွက်လာသည်။ အဲဒီသီချင်းကို နားထောင်လိုက်ရချိန်မှာ သူ့ကို ဖုန်းမဆက်ဘဲ မနေနိုင် ဖြစ်လာခဲ့ကာ ဖုန်းဆက်ဖို့ ဖုန်းဆီ လက်လှမ်းလိုက်မိချိန်မှာ ဖုန်းမြည်သံက ဗြုန်းခနဲ ထွက်လာသည်။ ကိုယ်ခန္ဓာကလေးပင် ဆတ်ခနဲတုန်အောင် လန့်သွားရကာ ဖုန်းထူးလိုက်မိတော့ . . .

"မိုးဦးညလားဟင် . . . ကျွန်တော်ပါ"

ဟူသော အနီရင့်ရဲက အသံက ခပ်သဲ့သဲ့ ထွက်ပေါ်လာခဲ့သည်။

"ဟယ် . . . ကြည့်စမ်း ကျွန်မလည်း အခုပဲ အနီရင့်ဆီ ဖုန်းခေါ်တော့မလို့ ခုနကတည်းက ဖုန်းခေါ်လိုက်. . . ပြန်ချလိုက် လုပ်နေတာ"

မိုးဦးညရဲ့ စကားကြောင့် သူ အံ့အားတသင့်ဖြစ်သွားရကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မိုးဦးညဆီ ဆက်နေတာ ကြာပြီ . . . ဆက်လိုက် ပြန်ချလိုက်နဲ့ ဇဝေဇဝါ ဖြစ်နေတာ၊ ခုနက ဆက်ကြည့်တော့ Engage ဖြစ်နေတယ်"

"ဟုတ်တယ် . . . အဲဒါ ကျွန်မ အနီရင့်ဆီ ဆက်နေတာ"

အဲဒီနောက်တော့ သူတို့ နှစ်ယောက် ခပ်တိုးတိုး ရယ်မောမိကြသည်။ ထို့နောက် စကားတွေ တောင်စဉ်ရေမရ လျှောက်ပြောနေမိကြသည်။ နှစ်ယောက်စလုံး ဘယ်သူကမှ ဖုန်းချဖို့ မကြိုးစားမိကြ။ ငယ်ငယ်တုန်းက အကြောင်းတွေ၊ ရယ်စရာဟာသတွေ၊ မိုးဦးညက Model ဖြစ်လာရတဲ့ အကြောင်းတွေ . . . ပြီးတော့ သူမရဲ့ အတွေ့အကြုံတွေအကြောင်း ပြောပြသလို အနီရင့်ကလည်း သူ့ရဲ့ Designer ဖြစ်လာရတဲ့ အကြောင်းတွေ . . . ပြီးတော့ Designer အတွေ့အကြုံတွေ အပြန်အလှန် ပြောပြမိကြသည်။ နှစ်ယောက်စလုံး





ကိုယ်နှင့် သက်ဆိုင်သူတွေအကြောင်း မပြောမိအောင် အလိုလို နေရင်း ကြိုးစားပြီး မေ့လျော့ကွယ်ဝှက်ထားမိကြလေသည်။ အနီရင့်ကလည်း ကိုနေသန်နှင့် ပတ်သက်ပြီး ဘာတစ်ခုမှ မမေးသလို . . . မိုးဦးညကလည်း ညမွှေးလေပြေအကြောင်း ယောင်၍ပင် စကားမဟာချေ။ သူတို့နှစ်ယောက်တည်းနှင့်သာ သက်ဆိုင်သော အကြောင်းအရာတွေကိုသာ ရွေးချယ်ပြီး ပြောခဲ့ကြခြင်း ဖြစ်သည်။

အတော်ကြီးကို အာခေါင်ခြောက်ကာ ရေဝတ် လာတော့မှ နာရီကို ကြည့်မိတော့ မနက်လေးနာရီပင် ထိုးနေပြီ။

"ဆောရီးပဲ မိုးဦးညရယ် . . . ကျွန်တော် စကားပြောရှည်နေတာနဲ့ မိုးဦးည အိပ်ရေးတွေ ပျက်ကုန်ပြီ၊ အိပ်ရေးပျက်ရင် မျက်တွင်းကလေးတွေ ညိုပြီး အလှပျက်နေပါ့မယ် . . . အိပ်လိုက်တော့နော်၊ မနက် သွားစရာရှိ



www.burmeseclassic.com

www.burmeseclassic.com



မရှိရင် တော်တော်နဲ့ မထနဲ့ဦး . . . သိလား"

"အနီရင့်ကရော မနက်ကျရင် အလုပ်သွားရမှာလား ဟင်"

"ကျွန်တော်ကတော့ ရုံးကို ပုံမှန် သွားရတာပေါ့ . . . အဲဒီမှာ တစ်နေ့ကို Design ဆယ်ခုပြီးအောင် ဆွဲရတယ်လေ . . . ကျွန်တော့်အတွက်က ကိစ္စမရှိပါဘူး၊ ညတိုင်း အိပ်ရေးပျက်နေကျပဲ၊ မိုးဦးညသာ မနက်ကျရင် တော်တော်နဲ့ မထနဲ့နော် . . . အိပ်ရေးဝအောင် ပြန်အိပ် . . . ဟုတ်လား"

သူ ဖုန်းချလိုက်ပြီးသောအခါ သူ့မျက်လုံးတွေ ကျိန်းစပ်နေပေမယ့် သူ့နှုတ်ခမ်းတွေက ပြုံးရိပ်သန်းနေခဲ့သည်။ မိုးဦးည၏ အသံချိုချိုကလေးကို သူ့နားထဲမှာ အခုထက်ထိ ကြားယောင်နေတုန်း။ မိုးဦးညဆီမှာ အလွန် ဆွဲငင်အားကောင်းလှသော သံလိုက်ဓာတ်တစ်မျိုး ရှိနေသလိုပင်။ သူ





ဘယ်လိုမှ ဖုန်းမချချင်ခဲ့။ သေသေချာချာ ပြန်စဉ်းစားကြည့်လိုက်တော့ သူတို့ တစ်ညလုံး ပြောဖြစ်ခဲ့ကြသည့် အကြောင်းအရာတွေက ဘာတစ်ခုမှ အလေးအနက် ရေရေရာရာတွေ မဟုတ်ချေ။ တကယ့်ကို တောင်စဉ်ရေမရ ဗရွတ်ရွတ်တတွေ လျှောက်ပြောနေခဲ့ခြင်း ဖြစ်သည်။ အဲဒီလို ပြောနေခဲ့ရတာကိုပဲ သူ့စိတ်ထဲ သာယာမက်မောနေခဲ့ခြင်း ဖြစ်သည်။ သူ မမ အပေါ်မှာ စတင်၍ သစ္စာဖောက်နေမိခဲ့ပြီဖြစ်ကြောင်း ရိပ်မိလိုက်ချိန်မှာ မမကို ရင်ဆိုင်ဖို့ အလိုလို ပြင်ဆင်ပြီးသား ဖြစ်နေမိသည်မှာ အံ့သြစရာ။

www.burmeseclassic.com

www.burmeseclassic.com



မမရဲ့ မျက်လုံးတွေက စိမ်းရှခက်ထန်နေသည်။ သူ့ကို စိုက်ကြည့်နေဟန်က စူးစူးဝါးဝါး။

"ပြောစမ်း ... အနီရင့်၊ ဒေါင်းအမြီးကွက်နဲ့ ဝတ်စုံ ဘယ်ရောက်သွားသလဲ ... ဘာဖြစ်လို့ အဲဒီဝတ်စုံ တစ်ထည်တည်း ထူးထူးခြားခြား ပျောက်နေခဲ့ရတာလဲ"

မမရဲ့ မျက်နှာတင်မက အသံကပါ စူးစူးရှရှ ခက်ထန်နေသည်။ သူ မမရဲ့ မျက်ဝန်းတွေဆီ တစ်ချက် လှမ်း





ကြည့်လိုက်မိကာ ...

"မမ ကျွန်တော့်ကို စွပ်စွဲနေတာလား"

ဟု ဝေ့လည်ကြောင်ပတ် ဖြေလိုက်သည်။ ထို ဝတ်စုံကိုမှ မမ ဘာဖြစ်လို့ သွားရှာခဲ့တာပါလိမ့်။

"ငါလိုချင်တာ မင်းဆီက အမှန်အတိုင်း ဝန်ခံတဲ့ ရိုးသားပွင့်လင်းတဲ့ အဖြေပဲ အနီရင့်"

ကောင်းပြီ ...။ သူဟာ ယောကျ်ားတစ်ယောက်ပဲ ... သူလုပ်ထားတဲ့ အလုပ်တစ်ခုကို ဘာဖြစ်လို့ ဝန်မခံရဲရမှာလဲ။ သူ မမကို ရှုတ်တရက် ရင်ဆိုင်ရဲသွားကာ...

"ဟုတ်တယ် မမ ... အဲဒီဝတ်စုံဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင်စိတ်ကူးနဲ့ Design ထွင်ပြီး ကိုယ်ပိုင်လက်တွေနဲ့ ချုပ်ထားခဲ့တဲ့ ဝတ်စုံမို့ ကျွန်တော်ပိုင်တယ်လို့ ယူဆပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေကြောင့် မမရဲ့ မျက်ခုံးတွေ ရှုံ့သွားကာ. . .

"အေး . . . မင်းပိုင်တာ မှန်တယ်၊ ဒါပေမယ့် မင်း ဘယ်သူ့ကိုမှ ပေးခွင့်မရှိဘူး၊ ငါ့ကို ခွင့်ပြုချက် မရဘဲနဲ့ သူစိုးတစ်ယောက်လို ငါမသိအောင် ခိုးပြီး တစ်ယောက်ယောက်ကို ပေးခွင့် ရှိကို မရှိဘူး . . . သိရဲ့လား၊ မင်းပေးလိုက်တာ မိုးဦးညလေးမှ ဟုတ်ရဲ့လား . . . နေစမ်းပါဦး မင်းတို့နှစ်ယောက်က ဘာတွေလဲ . . . ဘာတွေဖြစ်နေတာလဲ . . . အနီရင့် မင်း နည်းနည်း ကလေးမှ မရိုးသားတော့ဘူးနော်၊ အဲဒီ မိုးဦးညလေးနဲ့ ပတ်သက်တာကို ငါ လုံးဝ မကြိုက်ဘူး၊ ကင်းကင်းရှင်းရှင်း နေစမ်း၊ သူ့မှာလည်း ရည်းစားရှိတာ မင်းသိတယ် မှတ်လား"

သူ ဘာမှ ပြန်မပြောပါ။ မမရဲ့ အကြည့်တို့က





စူးရှသထက် စူးရှလာသည်။

"နေစမ်းပါဦး . . . မင်းက ဘာဖြစ်လို့ မိုးဦးညလေးကို အဲဒီဝတ်စုံ ခိုးပြီး ပေးလိုက်ရတာလဲ . . . ငါ သိချင်တယ်"

"ဘာကြောင့်မှ မဟုတ်ပါဘူး မမ . . . သူ လိုချင်တယ် ဆိုလို့ပါ"

"သူလိုချင်တိုင်း မင်းက ပေးရအောင် မင်းကိုယ်မင်း ဘာများ မှတ်နေလို့လည်း၊ နေစမ်းပါဦး . . . သူက မင်းကို လိုချင်တယ် ဆိုရင်ရော မင်းက မင်းကိုယ်မင်း ပေးလိုက်ဦးမှာပဲလား . . .၊ ငါ မပြောလိုက်ချင်ဘူး၊ တောက် . . . အခုခေတ် မိန်းကလေးတွေကို မင်း လျှော့တွက်မထားနဲ့ . . . နားလည်လား၊ မင်းလို မနူး မနပ် မလည်မဝယ် ကောင်မျိုးကို ဟိုက ကောင်းကောင်း နင်းချေပြီး အသုံးချသွားလိမ့်မယ် . . . မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထား၊ အဆိုတော် နေသန့်ကိုတောင် လှေကားထစ်လုပ်ပြီး သူ စင်ပေါ်တက်လာတာ အားလုံး သိပြီးသား ကိစ္စ၊ အဲဒါကို မင်း မသိဘူးလား၊ အဲဒီလို မျက်နှာလေး ကြည့်လိုက်ရင် ဘာမှ မသိနားမလည်သလို . . . အပြစ်ကင်းစင်တဲ့ ပုံစံမျိုး ဖမ်းထားတဲ့ မိန်းမတွေက ပိုပြီး ကြောက်စရာကောင်းတယ်ဆိုတာ မင်း မှတ်ထား"

"သူ အဲဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူး မမရယ်"

မိုးဦးညကို မမက ရက်ရက်စက်စက် ချိုးဖဲ့နှိမ်ချပြီး ပြောနေတာကို သူ မခံမရပ်နိုင်စွာဖြင့် မမကို ခပ်ဆတ်ဆတ် ပြန်ပြောလိုက်တော့ မမ ပို၍ စိတ်ဆိုးသွားပါသည်။

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ အနီရင့် . . . မင်း ဘယ်လောက်သိလို့လဲ၊ မိန်းမတွေမှာ နှစ်မျိုးနှစ်စားပဲရှိတယ်၊ ယောကျ်ားတွေကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ ပုံအပ်ကိုးကွယ်လိုက်တဲ့ မိန်းမရယ် . . . ယောကျ်ားတွေကို အသုံးချပြီး ကိုယ့်တက်လမ်း ကိုယ်ရှာသွားတဲ့ မိန်းမရယ် အဲဒီနှစ်မျိုးပဲရှိတယ် . . . မိုးဦးညလေးက ဒုတိယ မိန်းမစားမျိုး"





သူ မမရဲ့ ပြင်းထန်တဲ့ ဝေဖန်ထိုးနှက်ချက်တို့ကြောင့် မမကို ပထမဆုံးအကြိမ် အမြင်ကတ်စိတ် ဝင်သွား၏။

"မမကရော ဘယ်လိုမိန်းမစားမျိုးလဲ"

ဟူသော မေးခွန်းကို မေးရဲသွားဖို့ သူ့မှာ လုံလောက်စွာပင် မခံချိမခံသာ ဖြစ်လျက်ရှိသည်။

"ဘာ . . ."

သူ့မေးခွန်းကြောင့် မမ ဆတ်ဆတ်ခါ နာသွားပါသည်။

"မင်း ဘယ်တုန်းက ငါ့ကို အဲဒီလို မေးခွန်းမျိုး ပြန်မေးရဲခဲ့ဖူးလို့လဲ အနီရင့် . . .၊ အဲဒါ ဘာအဓိပ္ပါယ်လဲ . . . ငါ့ကို အာခံတဲ့ သဘောလား . . . စိန်ခေါ်တဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



လား"

မမရဲ့ ဒေါသကို သူ ရင်မဆိုင်ချင်ပါ။

"မဟုတ်ပါဘူး . . . ကျွန်တော် သိချင်လို့ မေးတာပါ၊ ကျွန်တော့်ချစ်သူဟာ ဘယ်လိုမိန်းမစားလဲဆိုတာ ကျွန်တော် သိမထားသင့်ဘူးလား"

သူ့ရဲ့ လေပြည်ထိုးမှုကြောင့် မမမျက်နှာဆီမှ တင်းမာမှု အနည်းငယ် ပြေလျော့သွားပါသည်။

"မင်းသိထားဖို့က ငါဟာ ယောကျ်ားတစ်ယောက်ကို အသုံးချဖို့အတွက် ဘယ်တော့မှ မချစ်ဘူး . . . သိလား"

"ဒါဆိုရင် မမက ပထမ အမျိုးအစားပေါ့နော်"

မမက သူ့ကို မျက်စောင်းချိုပါသည်။

"အပိုတွေ ပြောမနေနဲ့ . . . ခေါင်းစဉ်ပြောင်းဖို့ စိတ်မကူးနဲ့ မောင် . . . အဲဒီ ခေါင်းမြီးကွက်နဲ့ အင်္ကျီကို





ငါ ပြန်လိုချင်တယ်၊ မင်း သူ့ဆီက ရအောင် ပြန်တောင်းပေးပါ၊ ငါက Not For Sale လို့ ပြောထားတဲ့ ပဂ္ဂလိက ပစ္စည်းတစ်ခုကို သူက အလွယ်တကူနဲ့ အောင်မြင်စွာ ရလိုက်တယ်ဆိုတာ မင်း ငါ့ကို သူ့ဆီမှာ ရှုံးနိုင်းလိုက်တာပဲ၊ ငါ့ဘဝမှာ ဘယ်တုန်းကမှ . . . ဘယ်သူ့ကိုမှ အရှုံးမပေးဖူးဘူး၊ မင်းနည်း မင်းဟန်နဲ့ မင်းပြန်တောင်းမလား . . . ဒါမှမဟုတ် ငါ့ဘာသာပဲ ပြန်တောင်းရမလား"

"ကျွန်တော် တောင်းပန်ပါတယ် မမရယ် . . . သူ့ကို ပေးပြီးသွားပြီ၊ ဘယ်လိုလုပ်ပြီး ပြန်တောင်းလို့ ကောင်းပါ့မလဲ၊ ကျွန်တော် နောက်ထပ်တစ်ထည် ထပ်ချုပ်ပေးပါ့မယ်"

"ကျစ် . . . ငါ့သင်္ချိုတမှာ နောက်ထပ်ဆိုတာ မရှိဘူး၊ အစားထိုးယူရတယ်ဆိုတာ မရှိဘူး၊ ဒါဆို ဒါပဲ ယူချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် မောင်၊ ရမှဖြစ်မယ် . . . မင်း သူ့ကို ပေးပစ်လိုက်တဲ့ ငါ့ရဲ့ ဂုဏ်သိက္ခာကို ငါလိုချင်တာ . . . အကျီကို လိုချင်တာမဟုတ်ဘူး"

သူ မမကို စိတ်ပျက်စွာ ငေးကြည့်နေမိသည်။ မမရဲ့ မျက်နှာက အလျှော့မပေးမည့် မျက်နှာ။ သူ သက်ပြင်းရှိုက်လိုက်ကာ . . .

"ကျွန်တော် ပြန်မတောင်းပါရစေနဲ့ မမရယ်၊ ကျွန်တော့်ကို အဲဒီလို ချောင်မပိတ်ပါနဲ့"

"အို့ကေ . . . ကောင်းပြီ၊ မင်းနဲ့ ဘာမှ ဆက်မပြောတော့ဘူး"

မမက လက်နှစ်ဖက်ကို လေထဲမှာ ဝှေ့ယမ်းမြှောက်ပြလိုက်ပြီး သူ့ကို ပြုံးပြလိုက်သည်။ ထိုအပြုံးက မမရဲ့ မာနကို ကိုယ်စားပြုသော အပြုံးဖြစ်ကြောင်း သူ သံသယဖြစ်စရာ မလိုပါ။





"မမလည်း သူ့ဆီမှာ သွားပြန်မတောင်းပါနဲ့ မမရယ်၊ ကလေးဆန်လွန်းရာ ကျပါတယ်၊ မမရဲ့ ဂုဏ်သိက္ခာ အဆင့်အတန်းနဲ့ ဘာမဟုတ်တဲ့ အကျီလေး တစ်ထည်ကို လဲမပြစ်လိုက်ပါနဲ့"

မမက သူ့စကားကို ဖြတ်ချလိုက်သလို သူ့ကို ဆက်မပြောတော့ဖို့ လက်ကို ဝှေ့ယမ်းပစ်လိုက်ကာ . . .

"ငါ့ကို ဘာမလုပ်နဲ့လို့ မင်း တားခွင့်မရှိဘူး၊ အဲဒါဟာ ဘာမဟုတ်တဲ့ အကျီတစ်ထည် ကိစ္စမဟုတ်ဘူး၊ ငါ ဘာဖြစ်နေသလဲဆိုတာကို မင်း နားမလည်နိုင်တာပဲ ငါ အံ့ဩတယ်၊ တော်ပြီ အနီရင့် . . . မင်း သွားတော့၊ မင်းနဲ့ငါ ဘာစကားမှ ဆက်မပြောချင်တော့ဘူး"

သူ မမအခန်းထဲမှ စိတ်ပျက်စွာ ပြန်ထွက်လာခဲ့ရသည်။ သူ မမကို တကယ် ချစ်ခဲ့ခြင်း မဟုတ်ဘူးဆိုတာ အခုမှ ပိုသေချာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်သံကြောင့် မိုးဦးညက ကပျာကယာပင် ကောက်ကိုင်လိုက်မိသည်။ အနီရင့်ဆီကဟု မျှော်လင့်နေသော ကြောင့် ဖြစ်သည်။ သို့သော် . . . တစ်ဖက်မှ ကြားလိုက်ရသော အသံမှာ သူမ ဘယ်လိုမှ မျှော်လင့်မထားသော ညမွှေးလေပြေ ဖြစ်နေခဲ့သည်။

"မိုးဦးညလေး . . . မင်းနဲ့တို့ စကားနည်းနည်း ပြော





စရာရှိတယ်၊ မင်း ဘယ်ကိုလာနိုင်မလဲ"

ဟူသော လေသံခပ်တင်းတင်းကြောင့် သူမ နားမလည်နိုင် ဖြစ်သွားရသည်။ သူမနှင့် ညမွှေးလေပြေကြားမှာ ဘာစကားမှ ပြောစရာမရှိ။ အနီရင့်နဲ့များ ပတ်သက်နေမလား။

"ကောင်းပြီလေ . . . ကျွန်မ ဘယ်ကို လာခဲ့ရမလဲ"

"အခု မင်းရဲ့အိမ်ရှေ့မှာ တို့ကား ရပ်ထားတယ်၊ မင်း ဆင်းလာခဲ့လို့ရမလား"

ဘုရားရေ . . . ဟု ရင်ဘတ်ဖိမိမတတ် မိုးဦးညအံ့ဩသွားရပြန်သည်။ ညမွှေးလေပြေလို အမျိုးသမီးတစ်ယောက်က မိုးဦးညရဲ့ အိမ်ရှေ့အထိတောင် ရောက်လာရသော အကြောင်းမှာ ဘာအကြောင်းပါလိမ့်။ မိုးဦးညသည် အိမ်နေရင်း ဂါဝန်ကလေးပေါ်ကနေ ကက်(ရှ်)မီးယား ဆွယ်တာဖြူကလေး ကောက်စွပ်လိုက်ကာ လှေကားဆီမှ ခပ်သွက်



www.burmeseclassic.com

www.burmeseclassic.com



သွက် ပြေးဆင်းသွားလိုက်သည်။ ညမွှေးလေပြေက ကားကို ကိုယ်တိုင်မောင်းကာ အေးအေးဆေးဆေး စကားပြောလို့ရမည့် ကော်ဖီဆိုင် တစ်ဆိုင်ဆီသို့ မောင်းလာခဲ့သည်။ လမ်းမှာ တစ်ယောက်မှ စတင်၍ စကားမပြောဖြစ်ကြချေ။

ကော်ဖီဆိုင်ကလေးဆီရောက်တော့ ညမွှေးလေပြေက သူမအတွက် Blue Mountain မှာကာ မိုးဦးညကို မေးဆတ်ပြသည်မို့ မိုးဦးညက Mocha ကိုသာ မှာလိုက်သည်။

“မင်းနဲ့ အနီရင့်က ဘာလဲ”

ဟု ညမွှေးလေပြေက မြှန်းစားကြီး ကောက်ကာငင်ကာ မေးလျှင် မိုးဦးည ရုတ်တရက် ကြောင်သွား၏။ အဲဒါ ဘာအဓိပ္ပါယ်လဲ . . . ဘယ်လိုဖြေရမလဲ။ မိုးဦးညက ဟက်ခနဲ . . . တစ်ချက် ရယ်လိုက်ကာ . . .

“ဘာမှ မဟုတ်ပါဘူး . . . ဒီလိုပါပဲ”

ဟု အဖြေပေးလိုက်သည်။





“ဘာမှမဟုတ်ရင် ပြီးတာပဲ၊ သူ မင်းကို ပေးခဲ့တဲ့ ဒေါင်းမြီးကွက် ဝတ်စုံဟာ Not For Sale လို့ တို့ ပြောထားပြီးသား၊ သူက မင်းကို အားနာတာလား . . . မွှန်တာလား မသိဘူး၊ တို့ဆီကနေ ခိုးပြီး မင်းကို ပေးခဲ့တာ၊ အဲဒါကို တို့ ပြန်လိုချင်တယ်”

ဟင် . . . ကလေးကလား ဆန်လိုက်တာဟု မိုးဦးညက အောင့်သီးအောင့်သက် ဖြစ်သွားကာ အရှဲ့တိုက်ချင်သော ညဉ်ဆိုးကလေးက ဖျတ်ခနဲ ခေါင်းထောင်ထလာသည်။

“ဟင် . . . သူကိုယ်တိုင် Designer ရဲ့ အမှတ်တရဆိုပြီး ကျွန်မကို လက်ဆောင်ပေးထားပြီးသားကို မညမွှေးလေပြေက ကြားကနေ ပြန်တောင်းတယ် . . . ဟုတ်လား၊ မယုံနိုင်စရာပဲ . . . တကယ်လို့ သူကိုယ်တိုင် ပြန်တောင်းတယ်ဆိုရင်တော့ ကျွန်မ ပြန်ပေးပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒီနေ့က တစ်နေ့ကုန်း သူနဲ့ကျွန်မ ကစားကွင်းမှာ ရှိလာကိုစတာတောင် စီးကြသေးတယ်၊ ပြီးတော့ ဒုတ်ထိုး အတူတူ စားကြတယ်၊ ကော်ဖီဆိုင် ထိုင်ကြတယ်၊ သူကိုယ်တိုင်ပဲ ကျွန်မကို အိမ်ပြန်ပို့ပေးခဲ့တာပါ၊ သူ့ဘက်က ကြည်ကြည်ဖြူဖြူ ကျေကျေနပ်နပ်ပဲ ပေးခဲ့တာပါ၊ အခုလို ပြန်တောင်းလိမ့်မယ်လို့ ထင်တောင် မထင်ဘူး . . . သူက ကလေးမှ မဟုတ်တော့တာ၊ သူ့ဘာသာသူ ဆုံးဖြတ်ပိုင်ခွင့် ရှိရမှာပေါ့"

"နေဦး . . . သူဟာ တို့ရဲ့ချစ်သူဆိုတာတော့ မင်းသိပါတယ်နော်"

"သိသားပဲ . . . ကျွန်မမှာလည်း ချစ်သူရှိပြီးသားပါ၊ ချစ်သူတွေ ကိုယ်စီ ရှိနေရုံနဲ့ လူနှစ်ယောက်ဟာ ခင်မင်ရင်းနှီးခွင့် မရှိရတော့ဘူးလား၊ ကျွန်မနဲ့သူ ဖုန်းပြောကြတာ ညလုံးပေါက်ပဲ . . . မနက်လေးနာရီမှ ဖုန်းချ





ပစ်တယ်၊ အဲဒါ ဘာကြောင့်လို့ မညမ္မွေးလေပြေ ထင်သလဲ"

မိုးဦးညသည် တမင်သက်သက်ကို သဝန်တိုတတ်သော ညမ္မွေးလေပြေ၏ နှလုံးသားကို အပ်ကလေးနှင့် ထိုးဆွနေသလို မသိမသာ ထိုးဆွနေမိသည်မှာ အမြင်ကတ်စိတ် သက်သက်ကြောင့် ဖြစ်သည်။

"ဘာ . . . မင်းတို့နှစ်ယောက်က အဲဒီလောက်တောင် ဖြစ်နေပြီလား၊ ဒီမယ် မိုးဦးညလေး မင်းကို တို့ပြောထားမယ်နော်၊ အနီးရင့်နဲ့ ကင်းကင်းရှင်းရှင်းနေပါ၊ မင်းကိုယ်မင်း ဘာတွေလုပ်နေသလဲဆိုတာ မင်း အသိဆုံးပဲ ဖြစ်လိမ့်မယ်၊ သူ့ကို ဆက်ပြီး ဖြားယောင်းသွေးဆောင်ဖို့ ကြိုးစားနေမယ်ဆိုရင် မင်းကို အပြတ်သားဆုံး စကားတစ်ခွန်းပဲ ပြောလိုက်မယ် . . . မင်းကို ငါ ရှင်းပစ်လိုက်မယ် . . . ကြားလား၊ မင်းရဲ့ ဘဝတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုလုံး . . . မင်းရဲ့ အခုလက်ရှိ အောင်မြင်ကျော်ကြားမှုတွေအားလုံး တစ်စစီ ကြေမွပျက်စီးသွားအောင် ဆုတ်ဖြဲပစ်လိုက်မယ် . . . နားလည်လား၊ ငါ ဘာမဆို လုပ်နိုင်တယ်၊ လုပ်ရဲတယ်ဆိုတာ မင်း မမေ့နဲ့”

မထင်မှတ်ဘဲ အေးစက်ကင်းမာမှုက မိုးဦးညနှင့် ညမွှေးလေပြေတို့၏ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ရုတ်တရက် ပျံ့နှံ့သွား၏။ သူချစ်သူနှင့် ဘာမှလည်း မဖြစ်သေးဘဲနှင့် အသားလွတ်ကြီး လာကြိမ်းမောင်း ခြိမ်းခြောက်နေသော ထိုမိန်းမကို မိုးဦးည ပြောမပြတတ်အောင်ပင် မုန်းတီးသွား၏။ မုန်းလာလျှင် ကလန်ကဆန် လုပ်ပစ်ရမှ ကျေနပ်တတ်စွာပင် မိုးဦးညက မျက်လုံးများကို မှေးကျဉ်းပစ်လိုက်ပြီး ညမွှေးလေပြေကို ထိမထင်ဟန်ဖြင့် စိုက်ကြည့်လိုက်ကာ . . .

“မညမွှေးလေပြေက ကျွန်မကို ခြိမ်းခြောက်နေတာလား၊ ကျွန်မက မကြောက်တတ်ဘူးနော်၊ ဘာကိုမှ





လည်း သိပ်ဂရုစိုက်တတ်တာ မဟုတ်ဘူး၊ လုပ်ချင်လာရင် ဇွတ်လုပ်ပစ်တတ်တယ် . . . အရွဲ့တိုက်တတ်တယ်၊ ခုချိန်အထိ ကျွန်မနဲ့ အနီးရင် ဘာမှကို မဖြစ်သေးတာ၊ ဒါပေမယ့် အခုအချိန်ကစပြီး နောင်တစ်ချိန်ချိန်မှာ ဘာဖြစ်လာမလဲဆိုတာကို အာမ မခံနိုင်တော့ဘူး၊ မညမွှေးလေပြေ . . . မညမွှေးလေပြေကို တစ်ခုတော့ ပြောချင်တယ် . . . ယောကျ်ားတစ်ယောက်ကို တကယ်ချစ်တယ်၊ အဆုံးအရှုံးမခံချင်ဘူးဆိုရင် ကိုယ့်ကို သူ အမြဲတမ်း စွဲနေအောင် ချည်နှောင်ထားဖို့ပဲ လိုတယ်၊ မလိုအပ်တဲ့ တခြား မဆိုင်တဲ့သူတွေကို ရမ်းသမ်းပြီး စွပ်စွဲခြိမ်းခြောက်နေလို့ အလကားပဲ၊ အဲဒီနည်းလမ်းက သူ့ကို ပိုဆုံးရှုံးဖို့ပဲ ဖြစ်လာလိမ့်မယ်”

မိုးဦးည၏ စကားလုံးတွေက ညမွှေးလေပြေ၏ နှလုံးသားတည့်တည့်ဆီသို့ ထိမှန်သွားသလို သူမက မခံမရပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင် ဖြစ်သွားကာ စားပွဲ မျက်နှာပြင်ကို လက်ဖဝါးဖြင့် ဖြန်းခနဲ ပုတ်ပစ်လိုက်ကာ . . .

"မင်း ရှေ့ဆက်ပြီး ဘာစကားမှ ထပ်မပြောနဲ့တော့၊ မင်းပြောတာကို နားထောင်ဖို့ ငါ လာခဲ့တာ မဟုတ်ဘူး၊ ငါပြောတာကိုပဲ မင်းနားထောင်၊ အနီရန့်ကို မင်းရဲ့ ဘေးမှာ နောက်တစ်ကြိမ် တွေ့မယ်ဆိုရင် မင်း ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်လိုက်"

ညမွှေးလေပြေက မိုးဦးညလေးကို မုန်းတီးငွေ့ အခိုးအလျှံတွေ ထွက်နေသော မျက်ဝန်းများဖြင့် စူးစူးရဲရဲ ကြည့်ကာ ပြောလိုက်လျှင် မိုးဦးညလေးက သူမကို ခပ်ပြုံးပြုံး ကလေးပင် ပြန်ကြည့်လိုက်ကာ . . .

"ကောင်းပြီလေ . . . စောင့်ကြည့်လိုက်တာပေါ့၊ နောက်နေ့ကစပြီး ကျွန်မဘေးမှာ အနီရင့် နေ့တိုင်းလို လို ရှိလာစေရမယ်လို့ ကျွန်မ ကတိပေးလိုက်မယ် . . .





ဟုတ်ပြီလား"

ညမွှေးလေပြေက ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်ပစ်လိုက်ကာ မိုးဦးည၏ လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်သည်။ သူမ၏ လက်တွေက သန်မာအားကောင်းလွန်းလှသည်မို့ မိုးဦးညသည် နာကျင်သွားကာ သူမ၏ လက်တွေဆီကနေ ကြိုးစားပြီး ရုန်းထွက်ကြည့်သည်။ ရုန်းလေ ပို၍ နာကျင်လေပဲ ဖြစ်သည်။ ညမွှေးလေပြေက အံတင်းတင်းကျိတ်ထားသော မျက်နှာထားဖြင့် မိုးဦးညကို စိုက်ကြည့်လျက်ရှိကာ . . .

"အဲဒါဆိုရင် ငါကလည်း ကတိပေးလိုက်မယ် . . . မင်းဘဝ ပျက်ပြီလို့သာ မှတ်လိုက်တော့"

ထို့နောက် ညမွှေးလေပြေက မိုးဦးည၏ လက်ကို ဆောင့်ခနဲ လွှတ်ချပစ်ခဲ့ကာ ဆိုင်ထဲကနေ ဒေါသတကြီး ခြေလှမ်းများဖြင့် ထွက်ခွာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးညသည် နာကျင်သွားသော လက်ကလေး တစ်ဖက်ကို ခါရမ်းရင်း ဆိုင်ထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ လက်ကောက်ဝတ်နေရာမှာ လက်ချောင်းရာတွေက နီရဲစွာ ထင်ရှားလျက်။

◂◂ ✕ ▸▸



ကြားလိုက်ရသော စကားအတွက် အနီရင့် ခေါင်းတစ်ခေါင်းလုံး ချာချာလည်သွားကာ ထူပူသွား၏။ မိုးဦးညလေးသာ မဟုတ်ဘူးဆိုရင် သူ အဲဒီလူကို ဒေါသတကြီး တုံ့ပြန်ပစ်လိုက်မိမည် ထင်သည်။ အခုတော့ မိုးဦးညလေးကို မယုံနိုင်သလို မျက်ဝန်းများဖြင့် တအံ့တဩ ငေးမောနေမိရင်း ဘာစကားမှ ပြန်မပြောနိုင်ဘဲ စကားလုံးတွေအားလုံး ပျောက်ဆုံးသွားကြသလို ရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှက်စိတ်တစ်ခုတည်းသာ ကြီးစိုးလျက်ရှိသည်။

"အနီရင့်နဲ့ ဒီလောက် နီးနီးကပ်ကပ် နေနေကြတာ အနီရင့်ကို နဲနဲကလေးမှ ဒေါသထွက်တာ မခံရခဲ့ဘူးလား"

မိုးဦးညက အနီရင့်ရဲ့ မျက်နှာဆီ ခပ်ဆဆ ငေးကြည့်ရင်း သူ့ကို ဆက်မေးလိုက်မိသည်။ အနီရင့်က ခေါင်းကိုသာ ခါရမ်းနေသည်။

အနီရင့်က မမရဲ့ ပုံစံကို အာရုံထဲမှာ ပြန်မြင်ယောင်ကြည့်မိသည်။ မိန်းကလေးတစ်ယောက်လို နုနယ်ပြောင်းနွဲ့ခြင်း သိပ်မရှိခဲ့တာတော့ သိပါသည်၊ ဒါပေမယ့် မိန်းမတစ်ယောက်လိုလှသော မိန်းမသားတစ်ယောက်ဖြစ်တာကိုတော့ သူ လုံးဝ မငြင်းနိုင်။ မမနှင့်သူ ချစ်သူတွေ ဖြစ်သွားခဲ့ကြသည့်တိုင် သူ မမကို အလိုလို ရှိန်နေသောစိတ်ဖြင့် ရင်းရင်းနှီးနှီးပူးပူးကပ်ကပ် မနေမိတာ ဖြစ်သည်။





"ကျွန်မရဲ့ လက်တွေကို သူ ဒေါသတကြီး အင်နဲ့အားနဲ့ အစွမ်းကုန် ဖျစ်ညှစ်ဆုပ်ကိုင်သွားတာ ကျွန်မရဲ့လက်တွေ ကျိုးကြေသွားသလားလို့တောင် ထင်ရတယ်။ သူ ကျွန်မကို အနီးကပ် စူးစူးစိုက်စိုက် ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်မ သူ့ကို ပြန်ကြည့်မိရင်း အလိုလို ခံစားမိသွားတာ၊ သူ စိတ်မှန်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။"

မိုးဦးညရဲ့ စကားကို သူ မည်သို့မျှ ပြန်ပြီး ထင်မြင်ချက် မပေးပါ။

သူ မမကို ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရမည်မှန်း မသိချေ။ မမနှင့် ရင်ဆိုင်ရမှာကို သူ တွန့်ဆုတ်ကြောက်ရွံ့နေသည်။ ဖြစ်နိုင်လျှင် မမနှင့် အဝေးဆုံးသို့ ထွက်ပြေးပုန်းရှောင်ပစ်လိုက်ချင်သည်။

"ဘာပဲဖြစ်ဖြစ် မိုးဦးည သည်းခံပေးတာ ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကျွန်တော် သူနဲ့ ထပ်ပြီးတော့ မျက်နှာချင်းတောင် မဆိုင်ချင်တော့ဘူး၊ ဒါပေမယ့် ကျွန်တော်နဲ့ သူ နောက်ဆုံးအကြိမ်အဖြစ်တော့ တွေ့ရလိမ့်ဦးမယ်"

မိုးဦးညက အန်နီရင့်ရဲ့ မျက်နှာကို စာနာကြင်နာမှုတို့ဖြင့် ငေးမောလျက်ရှိသည်။



# အခန်း (၇)

မမရဲ့ မျက်နှာကို သူ မကြည့်မိအောင် ကြိုးစားရင်း . . .

"ကျွန်တော် မမကို ပြောစရာရှိတယ်"

ဟု စကားစလိုက်သည်။

"အေး . . . ငါလည်း မင်းကို ပြောစရာရှိတယ်"

မမရဲ့ အသံကို နားထောင်နေရင်း သူ့ရင်ထဲမှာ လှိုင်းထန်လာသည်။ ထိုအခန်းကလေးထဲမှာ သူ နောက်ထပ် မိနစ်ပိုင်းကလေးမျှပင် ဆက်နေချင်စိတ် မရှိတော့။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေကိုလည်း သူ မလိုချင်တော့။ မမနှင့် အဝေးဆုံးကို သာ ထွက်ပြေးပြီး သူ့ဘဝကို ရိုးသားဖြူစင်သော အဖြူထည် သန့်သန့်ဘဝကလေးဖြင့်ပင် ပြန်၍ စတင်ချင်ပြီ။ ဟိုးအရင်က မမနှင့်ပတ်သက်ပြီး သူ ခံစားခဲ့ရသည့် မက်မောမှုတွေ . . . မျှော်လင့်မှုတွေ . . . အိပ်မက်တွေ အားလုံး တစ်စစီလွင့်ပြယ် ကုန်ပြီ။

"ကျွန်တော် အရင်ပြောမယ် . . . မမ"

"ဟင့်အင်း . . . ငါအရင်ပြောမယ်၊ မင်းကို Korea မှာ Designer အဖြစ် အလုပ်လုပ်ခွင့်ရအောင် ငါ ဆက်သွယ်ကမ်းလှမ်းထားခဲ့တာ အခု အဖြေရပြီ။ မင်းရဲ့ စိတ်ကူးတွေကို သူ သဘောကျတယ်တဲ့၊ အဲဒါ မင်း Korea ကို သွားရလိမ့်မယ်၊ မင်းနဲ့အတူ မမလည်း လိုက်ခဲ့မှာ"

သူ မမဆီသို့ ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။





သူ့မျက်ဝန်းတွေဆီမှာ ဘယ်လို စွပ်စွဲမှုမျိုးတွေ ပါသွားခဲ့သလဲ ဆိုတာ မမ မရိပ်မိဘဲ နေမှာမဟုတ်။ အဲဒါ မမ ကျွန်တော့်ကို မှားနေတာ။ ကျွန်တော်လိုချင်တဲ့ အခွင့်အလမ်းတွေနဲ့ မှားပြီး ကျွန်တော့်ဘဝတစ်ခုလုံးကို ဖမ်းစားဖို့ မမကြိုးစားနေတာ။ ဒါပေမယ့် မမ မအောင်မြင်ပါဘူး။ ကျွန်တော်က ကျွန်တော် ရဲ့ ကိုယ်ပိုင်ဘဝကိုပဲ ပိုတန်ဘိုးထားတယ်။

"မမပြောချင်တာ အဲဒါပဲလား . . ."

"အင်း . . . အဲဒါပဲလေ၊ မင်းနဲ့ငါ Korea ကို အတူတူ သွားဖို့ စီစဉ်ကြမယ်၊ ဟိုမှာ မင်း နေသားတကျ ရှိ လောက်ပြီဆိုမှ ငါက ဒီကို ပြန်လာမှာ၊ မင်းကို စိတ်ချ လက်ချ ရှိလောက်ပြီ ဆိုမှပေါ့"

မမစိတ်ထဲမှာ အဲဒီနည်းနဲ့ သူနှင့်မိုးဦးညလေး ကို ဝေးသွားအောင် ခွဲလို့ရပြီဟု မျှော်လင့်ထားပုံရသည်။

"ဆောရီးပဲ မမ . . . ကျွန်တော် Korea ကိုလည်းမ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်ဘူး။ မမရဲ့ Assistant Designer အဖြစ်ကရော . . . မမရဲ့ ချစ်သူအဖြစ်ကပါ ကျွန်တော်တစ်ခါတည်း နှုတ်ထွက်လိုက်ပြီ၊ ကျွန်တော် မမဆီကနေထွက်သွားတော့မှာ၊ မမနဲ့ ကျွန်တော် လမ်းခွဲကြစို့"

သူ ထိုစကားတွေကို အရင်ကဆို ဘယ်လိုမှပြောရဲခဲ့မှာမဟုတ်။ အခုတော့ သူ့မှာ မခံချင်စိတ်တွေ . . . သတ္တိတွေ လုံလောက်စွာ ရှိလာခဲ့ပြီ။ သူ့ဆီမှ ထင်မှတ်မထားသော စကားကို ကြားလိုက်ရသည့်အတွက် မမမျက်နှာတစ်ခုလုံး သွေးဆုတ် ဖြူလျော်သွားကာ အကြီးအကျယ် ပျက်ယွင်းသွားပါသည်။

"ဘာ . . . မင်းဘာတွေ ပြောနေတာလဲ၊ ငါ လုံးဝနားမလည်ဘူး"

"ကျွန်တော့်လမ်းကို ကျွန်တော်ကိုယ်တိုင်ပဲဆက်လျှောက်တော့မယ်လို့ ပြောတာပါ။ မမရဲ့ဘေးမှာ မမနဲ့





အတူတူ ဆက်လျှောက်ဖို့ ကျွန်တော့်မှာ သည်းခံနိုင်စွမ်းအား လုံးဝမရှိတော့ဘူး"

မမက သူမကို သူကစပြီး အဆက်ဖြတ်နေတာဟု မှတ်ယူသွားကာ. . .

"လက်စသတ်တော့ မင်းက ငါ့ကို လမ်းခွဲစကား စပြောနေတာကို၊ မင်းမှာ အစတုန်းက အဲဒီသတ္တိမျိုး မရှိခဲ့ပါဘူး၊ အခု ဘယ်ကသတ္တိတွေ ရလာရတာလဲ၊ ဒီမှာ . . . ငါပြောထားမယ်၊ ငါက မင်းကို စပြီး ရွေးချယ်ခဲ့တာ၊ မင်း ရွေးချယ်တာကို ငါခံခဲ့တာ မဟုတ်ဘူး၊ မင်းက ငါရွေးချယ်တာကို ခံခဲ့ရတဲ့ အရွေးချယ်ခံ သက်သက်ပဲ၊ ဒါကြောင့် ငါရွေးချယ်တာကို ခံခဲ့ရတဲ့ မင်းလိုလူတစ်ယောက်က ငါ့ကို ချန်ရစ်စွန့်ပစ် ထားသွားခွင့်လည်း ဘယ်တော့မှ ရှိမှာ မဟုတ်ဘူး၊ ရှင်းရှင်းပြောလိုက်မယ်၊ မင်း ငါ့ကို ဘယ်တော့မှ လမ်းခွဲလို့ မရဘူး . . . မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထား"

သူ့ရင်ထဲ တင်းခနဲ ကျပ်သွားကာ မမကို ခပ်စိမ်းစိမ်း စိုက်ကြည့်လိုက်မိသည်။ သူ ဘာဆက်ပြီး ပြောရင်ကောင်းမလဲ . . .။ မမကို နာကျင်အောင် မလုပ်ဘဲ သူ မမနဲ့ လမ်းခွဲလို့ ရပါ့မလား။

"မင်းမှတ်ထား အနီရင့် . . . အစွမ်းအစရှိပြီးသား စင်မြင့်ပေါ်မှာရှိနေတဲ့ မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို မှီခိုဖို့ မလိုအပ်ဘူး . . . အကယ်၍ လိုအပ်ခဲ့သည်ဆိုရင်လည်း အဲဒါဟာ သူ့ပုံသွင်းဖို့ ရွှံ့တုံးတစ်တုံးအဖြစ် လိုအပ်တာပဲ ဖြစ်မယ်၊ မင်းကို ငါက ရွှံ့တုံးတစ်တုံးဘဝကနေ ငါလိုချင်တဲ့ ပုံစံရောက်အောင် သွင်းခဲ့တာ၊ အခုတော့ ရွှေသားတိပြီးအောင် ရွှေရည် လောင်းပြီး တောက်ပလာတော့မှ စင်မြင့်ပေါ် တင်ပေးလိုက်တာ၊ မင်းကို လိုချင်မက်မောတဲ့သူတွေ ရှိလာ





ပြီဆိုတော့မှ ငါ့ရဲ့ရင်ကို စုံကန်ပြီး ထွက်သွားတော့မယ်ပေါ့လေ . . . ကလား၊ ဝမ်းနည်းပါတယ် အနီရင့်ရယ်၊ မင်းကိုငါ ထွက်သွားခွင့် မပေးနိုင်ဘူး"

သူ့ရင်ထဲကနေ အသံကုန်ဟစ်ပြီး အော်ပစ်ချင်စိတ်၊ ပေါက်လာသည်။ မမ သူ့ကို စော်ကားလွှန်းနေပြီ စော်ကားလွှန်းနေတာမှ သူ့ကို လူတစ်ယောက်ရဲ့ တန်ဘိုးတောင် မရှိတော့လောက်အောင်ကို စော်ကားလွှန်းနေတာ။ သူကရော ဘာဖြစ်လို့ မမကို ပြန်ပြီး မစော်ကား ရဲရမှာလဲ။

"ကျွန်တော် တစ်ခုပြောမယ် မမ . . . မမကို ကျွန်တော် မချစ်ဘူး၊ ဘယ်တုန်းကမှ မချစ်ခဲ့ဖူးဘူး"

သူ့စကားကြောင့် မမရဲ့ မျက်လုံးတွေ စိမ်းရှသွားကာ . . .

"ငါ့ကို မချစ်ဘူးဆိုတော့ မင်းချစ်တာ မိုးဦးညလေးလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမ . . . ကျွန်တော် သူ့ကိုပဲချစ်တယ်၊ သူ့ကို ကျွန်တော် ချစ်နေတယ်ဆိုတာ သေချာသွားတဲ့ နောက်မှာ ကျွန်တော်ချစ်တဲ့ မိန်းကလေးနဲ့ အတူလက်တွဲပြီး ရှေ့ဆက်ရမဲ့လမ်းကို ကျွန်တော့်ဘာသာ ကျွန်တော့်အစွမ်းအစနဲ့ ကြိုးစားပြီး ဆက်လျှောက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာ"

"မချစ်ရဘူး . . . ငါကလွဲပြီး မင်း ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ချစ်ခွင့်လည်း မပေးနိုင်ဘူး၊ မင်းတို့နှစ်ယောက်စလုံးကို ငါ သတ်ပစ်မယ်၊ ငါ့ကို အလဲထိုးအနိုင်ပိုင်းသွားဖို့ ဘယ်တော့မှ မကြိုးစားနဲ့ . . . သိလား အနီရင့်၊ ငါ ဘာမဆို လုပ်ရဲတယ်နော်"

မမရဲ့ မျက်နှာက အံတင်းတင်းကြိတ်လိုက်သောကြောင့် ပို၍ ကြောက်စရာကောင်းလာပါသည်။ အခုမှ သူ နီးနီးကပ်ကပ် သေချာကြည့်မိပြီး ဒျာခနဲ ကျောခိုင်းပစ်လိုက်





တာ မမရဲ့ အခန်းထဲကနေ လှည့်ထွက်လာဖို့ ပြင်စဉ်မှာ မမဆီမှ ငိုရှိုက်သံသဲ့သဲ့ ထွက်လာသည်။

"မောင် . . . မင်း မသွားနဲ့နော်၊ မင်း မသွားရဘူးလို့ ငါပြောနေတယ်နော်၊ မင်းကို ငါ ဒီအခြေအနေထိ ရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့တာ၊ ငါဟာ မင်းရဲ့ ဥယျာဉ်မှူးပဲ၊ ငါ မင်းကိုပိုင်တယ်၊ မင်း ငါ့ဆီကနေ ဘယ်တော့မှ နှုတ်ထွက်ခွင့်မရှိဘူး"

ခုချိန်မှာ အကောင်းဆုံးက မမကို သူ ဘာစကားနှင့်မှ မတုံ့ပြန်တော့ခြင်းပဲဖြစ်လိမ့်မည်။ သူ့ဆီမှာ မမကို ပြောစရာစကား မရှိတော့သလောက်ကို ကုန်ဆုံးနေပြီ။ သို့သော် မမကို တစ်သက်လုံး သေရာပါအောင် . . . နာကျင်သွားအောင် သူ မလုပ်ချင်ပါ။

သူ မမရဲ့ အခန်းထဲမှ ဆက်လျှောက်လာခဲ့စဉ် မမက ဝုန်းခနဲ ပြေးလိုက်လာကာ သူ့ရှေ့ကနေ ကာဆီးပိတ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားလိုက်သည်။

"မင်း ငါ့ကို အခုလို ပုံစံမျိုးနဲ့ ချန်ထားရစ်ခဲ့ရဲရင် ချန်ထားရစ်ခဲ့စမ်း . . . မင်းတို့နှစ်ယောက်စလုံး တစ်သက်လုံး နောင်တရစေရမယ်"

သူ မမကို တွန်းဖယ်ဖို့ ကြိုးစားလိုက်သည်။ အဲဒီအချိန်မှာ သူ ရုတ်တရက် အငိုက်မိသွားသလို သူ့မျက်လုံးတွေထဲ လင်းခနဲ ပြာသွားသည်ကို ခံစားလိုက်ရသည်။

"အား . . ."

သူ နာကျင်စွာ အော်ဟစ်လိုက်မိရင်း မမရဲ့ လက်ဝါးချက် တည့်တည့်ဝင်လာခဲ့သော သူ့နှာခေါင်းဆီသို့ လက်နှစ်ဖက်ဖြင့် ဖိအုပ်ထားလိုက်မိပြီး မမကို ဒေါသတကြီး ကြည့်လိုက်ကာ . . .

"တောက် . . . မမ ခင်ဗျား လွန်ပြီနော်၊ ယောကျ်ားချင်းဆိုရင် လက်သီးချင်း ယှဉ်ထိုးဖို့ အဆင်သင့်ပဲ၊ အခု





ချက်ချင်း အပြင်ကို ထွက်လိုက်"

ဟု . . . ဒေါသတကြီး အော်ပစ်လိုက်မိသည်။ မမက သူ့ကို အပြုံးတကြီး မျက်ဝန်းများဖြင့် စူးစူးရှရှ စိုက်ကြည့်နေကာ . . .

"အေး . . . ဟုတ်တယ်၊ မင်းနဲ့ငါ ရင်ဆိုင်ဖြေရှင်းမယ်"

ဟု . . . ဆိုပြီး တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ကာ ရုံးအပြင်ဘက်သို့ ခပ်သွက်သွက် ပြေးထွက်သွားသည်။ သူ နောက်ကနေ ဒေါသတကြီး ပြေးလိုက်သွားကာ မမနှင့် ရင်ဆိုင်လိုက်သည်။ သို့သော် တကယ်တမ်းမှာ သူ့ဘက်မှ လက်သီးတစ်ချက်မှ မထိုးရသေးခင် မမရဲ့ လက်ဝါးချက်တွေကသာ တစ်ချက်ပြီးတစ်ချက် သူ့မျက်နှာ အနှံ့အပြားဆီသို့ တရစပ် ပြေးဝင်လာသည်။ မမကို သူ ပြန်ပြီး ထိုးဖို့ရာ ဘယ်လိုမှ မထိုးရက်ဘဲ မမရဲ့ လက်ဝါးချက်တွေကိုသာ အလူးအလိမ့် ငုံ့ခံနေရသည်။ ရုံးခန်းရှိ လူတွေအားလုံး အလန့်တကြား ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာကြပြီး မမကို ဖွတ်အတင်း ဆွဲခေါ်ဖျန်ဖြေယူရသည်။ သူ့မျက်နှာတစ်ခုလုံး ထူပူနာကျင်လျက် သွေးအလိမ်းလိမ်း ဖြစ်နေသည်ကို ခံစားနေရသည်။ မမက အံတင်းတင်း ကြိတ်ထားလျက် သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

“မင်းတို့ ငါ့လက်ကနေ ဘယ်တော့မှ ပြေးမလွတ်ဘူး မှတ်၊ မင်းတို့နှစ်ယောက်စလုံး ဘယ်နေ့ သေမလဲဆိုတာ လက်ချိုးရေတွက်ပြီး စောင့်မနေကြ . . . ကြားလား၊ ငါ့လက်ကနေ လွတ်အောင်ရှောင်၊ ငါနဲ့ ဘယ်နေရာမှာမှ မတော်တဆတောင် မဆုံမိစေနဲ့၊ မင်းတို့နှစ်ယောက် စလုံးကို ငါ ကမ္ဘာမကျေဘူးမှတ်”

သူ မမကို ကျောခိုင်းပစ်လိုက်သည်။ ဒီတစ်ခါ နောက်ဆုံး ကျောခိုင်းပစ်လိုက်ခြင်းပါပဲ။ နောက်ထပ် ဘယ်တော့မှ မမနှင့် မဆုံဖြစ်အောင် သူ ရှောင်ထွက်သွားတော့မှာ သေချာပါသည်။ မမရဲ့ ခြံဝင်းထဲကနေ ထွက်လာခဲ့စဉ်မှာ သူ့





တစ်ကိုယ်လုံး ပေါ့ပါးလွတ်မြောက်လျက် ရှိသည်။ သူ ဘယ်ကိုသွားရမလဲဆိုတာ စဉ်းစားနေစရာမလိုဘဲ Taxi တစ်စီးငှား ကာ ထွက်လာခဲ့သည်။ မိုးဦးညလေး၏ အိမ်ဆီသို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဦးညက နေသန်ရဲ့ မျက်နှာဆီသို့ အပြစ်ရှိသူတစ်ယောက် အပြစ်ကို ခံယူဖို့ စောင်းဆိုင်းနေသလို စောင့်ကြည့်နေမိသည်။ မိုးဦးညရဲ့ ဝန်ခံစကားအဆုံးမှာ နေသန်က ကျောက်ရုပ်တစ်ရုပ်လို အေးစက် ငြိမ်သက်သွားကာ မိုးဦးညကို မယုံနိုင်သလို ငေးစိုက်ကြည့်နေသည်။ သူ့မျက်နှာပေါ်မှာ နာကျင်ကြေကွဲရိပ်တွေ ရေစက် ရေပေါက်တွေပမာ သီးထလာသည်။



BURMESE CLASSIC .com



"ကိုယ် ပြုစုပျိုးထောင်ခဲ့တဲ့ မန်းတစ်ပွင့်ဟာ ကိုယ့်အတွက် ဘယ်တော့မှ မဖြစ်နိုင်တော့ဘူးပေါ့"

နေသန့် အသံက ဆွေးဆွေးလျလျ။ သူ့ရင်ထဲမှာ ဘယ်လောက်နာကြည်း ဒေါသထွက်နေမှန်း မိုးဦးည ကိုယ်ချင်းစာမိပါသည်။ သို့သော် နေသန့်ကို ဆက်ပြီး လိမ်ညာ လှည့်စားမထားချင်။ မိုးဦးည ရိုးသားပွင့်လင်းစွာပင် အမှန်အတိုင်း ဖွင့်ဟ ဝန်ခံလိုက်မိခြင်း ဖြစ်ပါသည်။

"အချစ်ဆိုတာ ကျေးဇူးတွေရှိလို့ အဲဒီကျေးဇူးတွေအတွက် ကျေးဇူးပြန်ဆပ်ရတဲ့ တုံ့ပြန်ပစ္စည်းတစ်ခု မဖြစ်သင့်ပါဘူး ကိုကြီးရယ် . . . ကိုကြီးကို မိုးဦးညဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ ကိုကြီးရဲ့ အချစ်ကိုတွေကိုလည်း မလှည့်စားချင်ဘူး . . . သစ္စာမဖောက်ချင်ဘူးမိုးဦးညကို လွှတ်မြောက်ခွင့်ပေးပါ၊ အချစ်ဆိုတာ အာလဲလို့ သူ့မျက်နှာကို တွေ့လိုက်ရတဲ့ အချိန်မှာ သိခွင့်ရလိုက်တယ်၊ အဲဒီအချိန်မှာ မိုးဦးည ဘာမှ မဟုတ်တော့ရင်



www.burmeseclassic.com

www.burmeseclassic.com



နေပါစေ . . . သာမန် မိန်းကလေးတစ်ယောက်အဖြစ်နဲ့ပဲ သူ့ရဲ့အချစ်ကို ခံယူချင်ပါတယ်၊ ကိုကြီးရဲ့ ကျေးဇူးတွေကို မိုးဦးည မမေ့ပါဘူး၊ ဒါပေမယ့် အဲဒီကျေးဇူးတွေအတွက် မိုးဦးညရဲ့ နှလုံးသားကို တစ်သက်လုံး စတေးမထားချင်ဘူး"

"တော်တော့ . . . တော်ပါတော့ . . . ဆက်မပြောပါနဲ့တော့ မိုးဦးညရယ်၊ ကိုယ် ပန်းကလေးတစ်ပွင့်ကိုစိုက်ပျိုးခဲ့မိတယ်၊ အဲဒီပန်းကလေးကို ကိုယ် အပိုင်ရလိမ့်မယ်လို့လည်း မျှော်လင့်ထားခဲ့မိတယ်၊ အပိုင် တွက်ထားခဲ့မိတယ်၊ အဲဒီ ပန်းကလေးဟာ အခုကိုပ်ပန်းကလေးတစ်ပွင့်အဖြစ် ကိုယ့်ကို အဆိပ်သင့်စေခဲ့မှန်း အခုမှပဲ သိခွင့်ရလိုက်တယ်၊ မင်း ထွက်သွားပါ . . . ငါ့နှလုံးသားကိုနင်းချေဆုတ်ဖြဲပြီး ထွက်သွားပါ၊ ငါ့ကို ဘာဆင်ခြေမှပေးမနေနဲ့တော့"

နေသန်က မိုးဦးညကို ဒေါသတကြီး ကျောခိုင်း





ပစ်လိုက်သည်။ မိုးဦးညသည် သူ့ကျောပြင်ကိုသာ ခဏမျှငေးစိုက်ကြည့်နေမိပြီး ချာခနဲ [illegible]ပြေးလာခဲ့မိသည်။ သူ့ရဲ့တက်ခေါက်သံ . . . ပစ္စည်းတွေ ပစ်ပေါက်ကွဲရှသံ . . . ခုံတွေ ပြိုလဲသံတွေ ဆူညံစွာ ကျန်ရစ်ခဲ့သည်။ မိုးဦးည စိတ်မကောင်းပါ . . . သို့သော် ဘယ်လိုမှလည်း မတတ်နိုင်ပါ။ အချစ်ဆိုသည်မှာ တစ်စုံတစ်ယောက်အတွက်ဟု ဦးဖယ်ထားလို့ မရမှန်း အခုမှ မိုးဦးည သိခွင့်ရခဲ့တာပါ။ ပြီးတော့ ဥယျာဉ်မှူးတိုင်းဟာလည်း သူ ပျိုးခဲ့တဲ့ ပန်းကလေးကို ပိုင်ဆိုင်ခွင့် တထစ်ချ မရှိဘူးဆိုတာ တစ်ချိန်ချိန်မှာ ကိုနေသန် နားလည်သဘောပေါက်မှာပါ။

မိုးဦးညသည် အနီရင့်ကို အမြန်ဆုံး ပြေးတွေ့ချင်လာသည်။ သူနှင့် တွေ့တဲ့အခါ ရိုးရိုးကလေးပဲ ပြောမည် . . . ချစ်တယ်လို့လေ . . .။


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ —
မေတ္တာအားဖြင့် —



လွန်းထားထား(ဆေးတက္ကသိုလ်)

11.10.2006



www.burmeseclassic.com